www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ။ ၅၀၁၃၆၉၀၉၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ။ ၅၀၁၄၄၃၁၀၀၉

ပုံနှိပ်ခြင်း ။ ပထမအကြိမ်၊ ၂၀၀၉၊ အောက်တိုဘာ

ထုတ်ဝေသူ

ဦးစန်းမွန်အောင်(ငါတို့စာပေ)

75(D)၊ ဖိုးစိန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးဒီဇိုင်း

အာကာ

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဒေါ်မေသက်နိုင်

(ပြည့်စုံပုံနှိပ်တိုက်)

အုပ်ရေ

၅၀၀

တန်ဖိုး ။ ၁၅၀၀ ကျပ်

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၉၅.၈၃

ကိုရွှေတာသား

ရပ်ကျော်ရွာကျော်လူပြိန်တော် / ကိုရွှေတာသား - ရန်ကုန်၊

ပါတီတာပေ၊ ၂၀၀၉၊ ၁၅၉ - စ။

www.burmeseclassic.com

www.burmeseclassic.com

သည့် သင်တိုင်းရွာကလေးမှာတော့ "ဘုန်းကြီးလူထွက်လင် မယား"၊ "လူပြန်တော်လင်မယား" ဆိုလျှင် ကိုထုံကြီးနှင့် မပွေးလှတို့ လင်မယားအား ပြောဆိုရည်ညွှန်းကြောင်း ကလေးကအစ သိထားကြချေ၏။

ကိုထုံကြီးတစ်ယောက် လူ့လောကကြီးကို ငြီးငွေ့ပါသည် ဆိုပြီး ဘုန်းကြီးဝတ်ခဲ့သည်မှာ ရဟန်း(၁၅)ဝါ တိုင်ခဲ့ပြီဖြစ်သည်။ အမှန်မတော့ လူ့လောကကြီးကို ငြီးငွေ့၍ မဟုတ်။ လိုတာမရ ရတာမလို၍ သင်္ကန်းဆီးခဲ့ခြင်းပါတည်း။ သို့ရာတွင် ရွှေပရံ့-ဇရပ် မနေ့ကြီးဝေ၍ (ထိုစဉ်က) လှတပတနှင့် ကိုယ်လုံးကိုယ်ထည် တုတ်တုတ်ခဲခဲ မပွေးလှကလေးကို မြင်လိုက်သောအခါ ပုတီးကို လည်း မကိုင်နိုင်တော့။ တရားကိုလည်း ဖြောင့်ဖြောင့်ကြီး မထိုင် နိုင်တော့။

www.burmeseclassic.com



နောက်သုံးမတော့ ကိုယ်တွင်းရောဂါ ကာမနာကို ကုရာ နတ္ထိ [illegible]ဆေးမရှိနိုင်တော့ပြီမှာ ယူသလျက် ကျောင်းထိုင်ဆရာတော် ကြီးအား ရှင့်ပန်လျှောက်ထားလျက်၊ သိက္ခာချ လူဝတ်လဲလိုက် သည်။ ပြီး[illegible] အမေတစ်ခု၊ သမီးတစ်ခုဖြစ်သော ပွေးလှတို့ အိမ်ထက်တက်ကာ အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ် အသိ ပေးရင်း အကြွင်လင်မယားဘဝသို့ ရောက်ခဲ့ကြလေသတတ်။

ညားကာစ ကာလတုန်းမှာတော့ တစ်ဦးနှင့်တစ်ဦး မိုး မမြင်၊ လေမမြင်။ ကြားလေများ သွေးလေမလား ဝေးသွား မှာကို စိုးမှစိုး။

"ပွေးလေးရေ အေ ပွေးလေး"

"ဘာလဲ ကိုထုံ၊ လုပ်တော့မလား။ အဲ စားတော့မလား ပြော ပွေးလေး ခူးခပ်ပေးမယ် လေ"

သည်လိုမျိုး တစ်ဦးနှင့်တစ်ဦး အကြင်နာအခက်များ ရင်မှာယှက်ပွားခဲ့ကြသည်။ သို့ရာတွင် လပေါင်းများစွာ နှစ် အနည်းငယ်ကြာတော့ တစ်ဦး၏အကျင့်စရိုက်ကို တစ်ဦးက သိ လာ၍ နည်းနည်းတော့ အင်တင်တင် ဖြစ်လာ၏။ သည်ကြားထဲ ကစော်သမားငပိန်နှင့် ပေါင်းဖက်မိ၍ သူတော်ချင်းချင်း သတင်း လွှေလွှေ့ဖြစ်ကာ ကိုထုံကြီးတစ်ယောက် ညနေညိုလျှင် တအေ့ အော့၊ တအဲ့အဲ့နှင့် လေကပြီးပြီး အနောက်ပိုင်းထန်းတဲသို့ ရောက်မှ သာ ရောဂါဝေဒနာ သက်သာတော့သည်။ သောက်ကောင်း ကောင်းနှင့် အတားအဆီးမရှိ သောက်ပြန်လေသည်မို့ အိမ်ပြန် ရောက်လျှင် ထမင်းမစားနိုင်တော့။ လျှာလေးအာလေးကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောချင်ရာပြော။ ဆိုချင်ရာဆို။ ပြီးတော့ နေရာမှာတင် တခေါခေါ်။

သည့်အတွက် မပွေးလှ စိတ်ညစ်ရသည်။

သည်အတိုင်းဆိုလျှင် သူမ၏ အိမ်ထောင်ရေးအတွက် ရင်လေးစရာ။ ချစ်ခင်စ ကြင်နာစ အချိန်ကာလများကို ပြန်တမ်းတမိသည်။

"ဟဲ့ သည်လိုချည်း မနေနဲ့လေ။ တချို့ကိစ္စတွေမှာ လူဟာ ဘာမှတတ်နိုင်တာ မဟုတ်ဘူး"

"ဒါဖြင့် ပွေးလှ ဘာလုပ်ရမလဲ အရီးလေး သန်းတင်ရယ်"

"လူမစွမ်း နတ်မ,တဲ့။ မကြားဖူးဘူးလား။ အရီးလေးတို့ဆို ဘာကလေးပဲ အရေးပေါ်လာပေါ်လာ နတ်ကတော် ဒေါ်ချစ်နှင်းအေးသီသွားပြီး ဆက်သွယ် အကူအညီတောင်းတာပဲ"

"ဒီတော့ အဆင်ပြေရောတဲ့လား အရီးလေး"

"အို အေ ဘယ့်နှယ် ပြောလိုက်ပါလိမ့်။ နတ်ကတော့ဗိ အမေချစ်နှင်းအေးက အင်မတန်တော်တာရဲ့။ တွေ့များ နတ်တွေကို ယုံကြည် ကြတယ်ဆိုပေမဲ့ ဘယ်လိုနည်းနဲ့မှ နတ်တွေကို ဆက်သွယ်လို့ရတာ မဟုတ်ဘူး။ ကြားလူဖြစ်တဲ့ အမေချစ်နှင်းအေးတို့လို နတ်ကတော်တွေက တစ်ဆင့်သာ ဆက်သွယ်ကြရတယ်။ သူတို့က မှန်ကန်တိကျအောင် ဆက်သွယ်ပေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



နတ်တွေဆိုတာ အင်မတန်စွမ်းတာဟဲ့။ ဘာ ပစ္စည်းပျောက်ပျောက် သူတို့က အကုန်သိပြီးသား။ ဟိုတစ်နေ့က ငါ့မြေးလေးဗိုက်နာလို့ သွားမေးတော့ အိမ်တွင်းအုန်း မလဲသေးလို့ ဒဏ်ခတ်တာတဲ့။ ဒါနဲ့ အိမ်ပြန်ရောက်ရောက်ချင်း ဆိုင်ရာပိုင်ရာတွေကို တောင်းပန်ပြီး ဆွဲအုန်းကိုလဲပေးလိုက်တာ ချက်ချင်းကို ဝေဒနာပျောက်တော့တာပဲ''

အမှန်မှာ အရီးလေး၏မြေးမှာ ဆီးဖြူသီးတွေ အစား များ၍ ဝမ်းချုပ်ကာ အောင့်ခြင်းဖြစ်သည်။ သက်သာချိန်တန် တော့လည်း သက်သာသွားသည်ကို အိမ်တွင်းအုန်း လဲပေး လိုက်၍ ပျောက်သည်ဟု ထင်မြင်ယူဆသွားခဲ့သည်။ ထန်းသီး ကြွေခိုက် ကျီးနင်းခိုက်ကို နားမလည်။ အရီးလေးသန်းတင်က ဟန်အမူအရာပါပါ၊ အာဝဇ္ဇန်းကောင်းကောင်းနှင့် ပြောဆိုလာ တော့လည်း ပွေးလှအဖို့ အမ,ကြီးမမည့် နတ်တို့အပေါ် အာရုံ ညွတ်သွားခဲ့ရသည်။

အိမ်မှာ ဘုရားကျောင်းဆောင်နေရာက အိမ်တွင်းအုန်း ဆွဲလာ သည်။ ဒါကို ကိုထုံကြီးက မကြိုက်။

''မိန္ဒာဒိဋ္ဌိ ကိုးကွယ်မှုတွေကို ရှောင်ကြဉ်စမ်းပါကွာ။ ကိုယ့်အိမ် မှာ အထွတ်မြတ်ဆုံး လူနတ်ဗြဟ္မာတို့ရဲ့ ကိုးကွယ်ရာ ဘုရားရှင် ရှိနေပြီပဲဟာ။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါး ကိုသာ ဆည်းကပ်ကိုးကွယ်သင့်ရော''

''ကိုထုံပြောတာ မငွေး မငြင်းပါဘူးတော်။ ဒါပေ မယ်လို့ နတ်ဆိုတာလည်း ကိုးကွယ်ရပ် မတုတ်

www.burmeseclassic.com

www.burmeseclassic.com



လာ။ ခေတ်အဆက်ဆက် နတ်ကိုးကွယ်မှုတွေ ထွန်းကားခဲ့လို့ ခုထိ ဆက်လက်ကိုးကွယ်နေကြတာပဲပေါ့။ နတ်မ,လို့ ကြီးပွားသွားကြသူတွေ အများကြီး"

"တော်စမ်း -မပွေး -ထွီ။ နင်တို့လို မိန်းမတွေဟာ နှာခေါင်းပါလို့သာပဲ။ ပါးများသာမပါရင် ဟိုဒင်းတောင် စားကြမယ့်သူတွေတဲ့။ အဲဒါ အဟုတ်ပဲ။ သူများယောင်လို့ယောင်၊ အမောင်တောင်မှန်းမသိ"

"ဩော် -တော်က ကျုပ်လုပ်တာကိုကျ အပြစ်မြင်တယ်။ တော်ရှာဖွေသမျှ တော့်ဖာသာတော် မူးရူးသောက်စားနေတာမျိုးကျ မပြောဘူးလား။ ဒါကြောင့်အမေက ပြောတာပေါ့။ ဘုန်းကြီးလူထွက်များ ယောင်လို့တောင် မစဉ်းစားလေနဲ့တဲ့။ တကယ့် ဘုဂလန့်တွေတဲ့။ နေရာတကာ ဆရာလုပ်တတ်တာချည်းတဲ့။ အမလေး -မှန်လိုက်လေခြင်း အမေ ရယ် -အမေရဲ့"

"ဟာ -တောက်၊ ကျက်သရေမရှိတဲ့ဟာမ။ ငါ -ထကန်လိုက်ရ -'ပဋိသန္ဓေ ယောနိသော' သွားမယ်"

ကိုထုံကြီးနှင့် မပွေးလှကား အသွင်မတူသော်လည်း အိမ်သူအိမ်သားအဖြစ် ဤသို့ဤပုံ ပေါင်းစည်းနေခဲ့ပါသတည်း။

www.burmeseclassic.com

တစ်နေ့ ...။

ကြည်လင်သာယာသော ရာသီဥတု လွှမ်းခြုံထားသည့် နေ့လယ် တစ်ခင်း မှေးလှသည့် ကောက်သင်းကောက်၍ရသော ပေါင်းနှံများကို ဂုန်နီအိတ်ထဲထည့်ကာ အပြင်မှ ပုလင်းဖြင့် ထုလေ၏။ ကိုယ်တိုင်လက်ဖြစ် ပေါင်းစေ့များကို ခြွေနေခြင်းပင်တည်း။

ပြီးလျှင်ဖြင့် အိတ်ကိုဖွင့်ကာ အိတ်တွင်းမှ ပေါင်း၊ ကောက်နှံတို့ကို ဆန်ကောအတွင်းသို့ ထည့်မည်။ သည့်နောက် ဆန်ကောကို ခုတ်ကာ ပြာတီးလိုက်လျှင်ဖြင့် ကောက်ရိုးအမှော်၊ အနှံဖျင်းတို့သည် လွင့်ထွက်သွားပြီး အနှစ်အဆံ ပြည့်ဝစွာသော ပေါင်းစေ့တို့က ဆန်ကောထဲ၌ တင်ကျန်ရစ်လိမ့်မည်။ သည်နည်းဖြင့် ကောက်သင်းကောက်ပေါင်းတို့ကို စုလာသည်မှာ တစ်တင်း ကျော်ခန့်ရပေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်ခဏ မပွေးသည် အုန်းတံမြက်စီးတိုလေးဖြင့် ရှက်မှော် အမှေးတို့ကို သီးသီးသန့်သန့် စုပုံရန် လှည်းကျင်းနေလိုက်သည်။ ထိုခဏ မမျှော်လင့်သော အရောကလေးတစ်ခုက သူမ၏ အမြင်အာရုံထဲ ဝင်ရောက်လာသည်။

"ဟယ် ... တွေ့ ... တွေ့ပြီ"

ဝမ်းသာအားရ ဖြစ်သွားသည်နှင့်အမျှ တောင်တောင်အီအီ ကြည့်လိုက်သည်။ ကိုထုံကြီးကား အိမ်ကပျဉ်၌ နီးတွေကို သပ်လျက်ရှိ၏။

"ကိုထုံရေ ... ကိုထုံ ... ဒီ ... ဒီကို ခဏလောက် လာစမ်းပါဦး"

မပွေးလှ၏ အသံကြောင့် ဓားမောက်နှင့် နီးအစည်းတို့ကိုချကာ ပုဆိုးကိုခါ၍ ပြင်ဝတ်ရင်း "ဘာများလဲဟာ ... အေးအေးလူလူကို နီးမထိုးရဘူး"ဟုဆိုလျက် စိတ်မသက်သာဟန်ဖြင့် လျှောက်သွားလေ၏။

ကိုထုံကြီး အနီးသို့ရောက်လာတော့ မပွေးလှ၏ မျက်နှာမှာ မချိုမချဉ်။

"ဟ ... ဘာဖြစ်တာလဲ"

"တော့်ကို ထူးဆန်းတာ ပြချင်လို့"

"ဘာများ ထူးဆန်းတာလဲဟာ။ အလကား အရည်မရ အဖတ်မရ"

"တော်ကလေ ... အလကားနေ စိတ်တိုဖို့ပဲ သိတယ်။ ဟောဒီမှာ ဘာလဲဆိုတာ ကြည့်စမ်း"

ဘယ်ဖက်လက်အတွင်း ဆုပ်ထားသည်ကို ဖြည်ပြလိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟ . ထူးဆန်းတယ်လို့သာ . ဘာများထူးဆန်းလို့လဲဟ။ ခုင့်လက်ထဲကဟာ နိုင်ကြယ်စေ့တစ်လုံးပဲဟာ။ အဲဒါ ဘာဖြစ်လဲ"

"တော့်ကိုပြောချင်လို့။ တော်က ကျုပ်ဆို အပြစ်မြင်ဖို့ချည်းပဲ။ တော်ပြောသလို နိုင်ကြယ်စေ့ဆိုတာ မှန်ပါတယ်။ အဲဒီနိုင်ကြယ်စေ့ဟာ ဟိုတစ်နေ့က အင်္ကျီဝတ်ရင်းက ဖြုတ်ခနဲ ပြုတ်ပြီး ဘယ်ကျပျောက်သွားတယ် မသိဘူး"

"ဟ . ခုင့်ဘာသာခုင် သေသေချာချာ မရှာလို့ မတွေ့တာနေမှာပေါ့ဟ"

"ထားပါတော့တော်။ ကျုပ် ပြောချင်တာက နိုင်ကြယ်စေ့ ပျောက်သွားတာ မဆန်းပေမဲ့ ပြန်ရတဲ့ပုံက ဆန်းတယ်ဆိုတဲ့အကြောင်း ပြောချင်တာပါ"

"အင်း . ပြောစမ်းပါဦး"

"နိုင်ကြယ်စေ့ မပျောက်သွားတာနဲ့ ပတ်သက်ပြီး နတ်တွေ ဘယ်လောက်စွမ်းမစွမ်း လက်တွေ့သိရအောင်လို့ အရီးလေးသန်းတင်နဲ့ တိုင်ပင်ပြီး နတ်ကတော် အမေချစ်နှင်းဆွေဆီ သွားခဲ့တယ်"

မပွေးလှကတော့ အာပေါင်အာရင်း သန်သန်ပြောလို့။ လင်တော်မောင် ထုံကြီး၏ မျက်နှာတင်းလာသည်ကို ရိပ်စားမိဟန်မတူ။

"အဲဒါ . ဟိုရောက်တော့ အမေ ချစ်နှင်းဆွေက

www.burmeseclassic.com



အထက်နတ်တွေကို ပင့်ဖိတ်ပြီး မေးကြည့်တော့ ဘာမှ မပူနဲ့တဲ့။ ဘယ်နေ့ ဘယ်ရက် ဘယ်အချိန်မှာ ပြန်တွေ့ရမယ်လို့ ကွက်တိကို ပြောလိုက်တာ"

"အခု ကွက်တိပြန်တွေ့တာပေါ့ ဟုတ်လား"

"ကွက်တိပါပဲတော်။ အင်မတန် မှန်တဲ့ ပြောချက်ပဲ။ ဒါကြောင့် ကျုပ် နတ်တွေကို ယုံတာပေါ့"

"အေး ယုံတာ မယုံတာ အပထား။ ဒါထက်နင့်နတ်ကတော်က အလကား ပြောပေးတာလား"

"အလကားတော့ ဘယ်ရမလဲတော်။ ကြည်ညိုလေးစားသမှုနဲ့ ရေစင်ဖိုး ကိုးကျပ်တစ်မတ် တင်ခဲ့ရတာပေါ့"

"ဘာ ဘာမှ တန်ဖိုးမရှိတဲ့ နိပ်ကြယ်စေ့ကလေးတစ်လုံးအတွက် ငွေကိုးကျပ်တစ်မတ် ကုန်လာခဲ့ရတယ် ဟုတ်လား"

"သူက ဆက်ပြောပါသေးတယ်တော်။ ဒီလို လာမေးတာကို ယောက်ျားဖြစ်သူ မသိစေနဲ့တဲ့"

"ဘာလဲ သိရင် အမိုက်ခံ၊ အကန့်ခံရမယ်ပေါ့"

"ဟုတ်တယ် ဟုတ်တယ်။ အဲ့သလို ပြောလိုက်တယ်"

"ကိုင်း ဒီလောက်တောင် နုံအတဲ့မိန်းမ ကဲကွာ"

"ဘုံး"

www.burmeseclassic.com

www.burmeseclassic.com



"အောင်မယ်လေးတော့ ..မှန်လိုက်တာ"

"ကိုင်းဟာ"

"ဘုံး"

"မှန်လိုက်တာမှ ကွက်တိပါပဲတော့"

"ကိုင်းကွာ"

"အိုး ..အမေ့ ..မှန်လိုက်တာတော့"

အကယ်တန္တု ပတ်ဝန်းကျင်မှသာ လာရောက်ဆွဲလဲ ဖျန်ဖြေမှု မရှိပါက မပွေးလှတစ်ယောက် ငါးဖယ်တေ တေသလို အတောခံရမည်မှာ သေချာလှပေစွတကား။

။ ။ ။

နံလှ အ,လှစွာသော မယားမပွေးလှအား စိတ်ပေါက် ပေါက်ဖြင့် စိရင်ပြီးသည့် သမယဒီမိမှ ကိုထုံကြီး ထွက်လာခဲ့ သည်။

မပွေးလှကတော့ ဖျစ်တောက်၊ ဖျစ်တောက် ပြောဆိုရေ ရွတ်ရင်း ထမင်းအိုး၊ ဟင်းအိုးတွေကို မှောက်ပစ်သည်။ သည်ပုံ အတိုင်းဆို ကိုထုံကြီး ညစာငတ်ပေပြီ။

သူ့၏ ခြေလှမ်းများကား အနောက်ပိုင်း ထန်းတောသို့ တရွေ့ရွေ့။

ထန်းတောရှိရာ မရောက်ခင် အာတွေ အစပြီးငယ် ခြောက်လာသဖြင့် တာရိုးဘေးရှိ ရေကန်စပ်သို့ကား ရေ သောက်လိုက်သည်။

"ဟာ ..ပွတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းမှာတော့ လိပ်ခပ်ရွယ်ရွယ်တစ်ကောင်နှင့် လိပ်ခပ်ငယ်ငယ်တစ်ကောင်။ နှစ်ကောင်စလုံးက စင်းချောလိပ်တွေ။

စားရက်ကြျတော့လည်း မှတ်ဆိတ်ဖျားစွာသည့်သို့ပင်။

လိပ်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင် ဖြစ်နေသည်။

ရွာမှာက ကြက်သားထက် လင်းမြွေသားကို ပိုတော်တကြ၏။ တစ်ဖန် လင်းမြွေသားထက် လိပ်သားက ပိုရှိကောင်းသည်ဟု သတ်မှတ်ကြလေတော့ ကိုထုံကြီးအတွက် ယနေ့ နေလယ်သည့် ကျက်သရေကောင်းမဲ့သလောက် ယနေ့ညနေကျတော့လည်း ထုတိမင်္ဂလာအပေါင်းဖြင့် ပြည့်စုံကြွယ်ဝလေပြီ မဟုတ်ပါကလား။

လိပ်နှစ်ကောင်ကို ဗိုက်လျက် ကိုထုံကြီးတစ်ယောက် ထန်းတဲသို့ဝင်လိုက်သည်။

"ဟာ ့ ထုံကြီး၊ လာကွာ။ မင်းမျက်နှာကြီးက မှိုရတဲ့အတိုင်းပဲ"

ထန်းတဲတွင် ရောက်နှင့်နေသော ငပိန်က လှိုက်လှိုက်လှဲလှဲ နှုတ်ဆက်ကြိုဆိုလိုက်၏။ သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့ ဆိုသည်မှာ ဒါပဲလေ ့။

"မှိုရတဲ့မျက်နှာ မဟုတ်ဘူးကွ။ လိပ်ရတဲ့မျက်နှာ ့ လိပ်ရတဲ့ မျက်နှာ"

"ဟာ ့ တယ်ဟုတ်ပါလားကွာ။ ပြစမ်း ့ ပြစမ်း၊၊ ဟင် ့ နှစ်ကောင်တောင်မှ"

"ဟုတ်တယ်ကွ ့၊ အားလုံးစင်းချောတွေချည်းပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုရင် ငါ့ကို တစ်ကောင်လောက် မှုပါလား ကွာ"

"မှုတာတော့ ဟုတ်ပါရဲ့။ ဒါပေမဲ့ ပိုက်ဆံက အရေးကြီးတယ်။ ငါ့မှာ တစ်ပြားမှ ပါလာတာ မဟုတ်ဘူး"

"ငွေရေးကြေးရေးကို ထည့်မပြောစမ်းနဲ့ ထုံကြီး။ လိပ်အကြီးကောင်က ဘယ်လောက်လဲ၊ အငယ်ကောင်က ဘယ်လောက်လဲ။ ကိုယ့်ချင်းကိုယ့်ချင်း တွေနော်။ ဈေးသိပ်မအော်နဲ့။ တော်ကြာ 'ထုံကြီး' ကနေ 'အော်ကြီး' ဖြစ်သွားမယ်"

သည်တော့ ကာလပေါက်ဈေးကို စဉ်းစားလိုက်သည်။ ဈေးလည်း မနည်းစေရ။ ဈေးအများကြီးလည်း မဖြစ်စေရ။

"အသေးကောင်က အစိတ်၊ အကြီးကောင်က ငါးဆယ်"

"အကြီးကောင်ကို အစိတ်ထားကွာ။ ငါ့မှာ အစိတ် ပဲပါတယ်"

"ဟာ ဘယ်ရမလဲ။ အကြီးကောင်ကို ရှာထဲ ရောင်းလိုက်ရင် ခုနစ်ဆယ့်ငါးကျပ် အသာလေး။ အသေးကောင်ဆိုလည်း ငါးဆယ်ကနေ ဘယ်မှ မပြေးဘူး"

"အေး အေး ဒါဆို အသေးကောင်ပဲ ပေးပါ ကွာ။ ရော့ ငွေအစိတ်"

နှစ်ဦးသား အပေးအယူ တည့်သွားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



လိပ်အကြီးကို ပေါင်ကြားထဲ ညှပ်ထားရင်း ပေါ်ဆိုဝမ်းမှ ရလာသော ငွေအစိတ်ဖြင့် ထန်းရည်မှာလိုက်သည်။ ခေါင်းပေါင်း စတလေဝေနှင့် ပင်ကျရည်ကို တွေ့လိုက်လျှင်တွေ့လိုက်ချင်း ဦးစွာ ဝတ်တွေးကို ငွပ်ခနဲ မျိုချပစ်တော့သည်။

"ကိုင်း . ပေါ်ဆို၊ မင်းလည်း ချဦး။ ငါ . ကျည်တောက်တစ်လုံး မှာပေးမယ်"

"ကျေးဇူးရှင်ပါပဲ ထုံကြီးရာ။ ငါကောင် ဘုန်းကြီးလူထွက် ရာသက်ပန် ကြီးပွားချမ်းသာပါစေဗျား"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေကွာ။ ငါ့ရဲ့ လုပ်ရည်ကိုင်ရည်၊ ငါ့ရဲ့ အတွေးအခေါ်၊ ငါ့ရဲ့ လျှင်မြန်ဖျတ်လတ်မှု ပင်မြင့်ဘာနစ္စတွေနဲ့ဆိုရင် ကြီးပွားချမ်းသာတာ ကြာပဲ ကြာလှပြီပေါ့ ပေါ်ဆိုရာ။ ခုဟာက အခင်မတန်နဲ့ အခင်မတန်အာ,တဲ့ မပွေးလှကြောင့် ငါ့မှာ စီးတဲ့ရေ ဆယ်တဲ့ကန်သင်း မဖြစ်ဘဲ လက်ကြားရေယို ဖြစ်နေရတာကွ။

ကိုင်း . လက်စဖြတ်လိုက်ကြစို့ကွာ။ အိမ်ရောက်ရင် လိပ်သားနဲ့ စည်းစိမ်ခံဖို့ ရှိသေးတယ်"

"ဟုတ်ပ . ဟုတ်ပ"

သည်ခဏမှာပင် လောကကြီးတစ်ခုလုံးအား အလင်းဓာတ်တွေ ပေးစွမ်းနေသည့် ဒေါင်းဖလ်ဝါ သူရိန်နေမင်းကြီးလည်း ထန်းရည်ငမူးနှစ်ယောက်အား ကြာကြာမကြည့်လိုတော့သည့်အလား အနောက်ဂေါယာကျွန်းသို့ မေးတင်ကွယ်ပျောက်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရေချိန်လည်း ကိုက်ကြပြီ။

နှစ်ယောက်သား လိပ်ကိုယ်စီပိုက်၊ တစ်ယောက်ပန်းတစ်ယောက် လက်တင်ကြရင်း ထန်းတောမှ ရွာထဲသို့ဝင်ဖို့ ခြေလှမ်းတွေ ပြင်လိုက်ကြသည်။

ကိုထုံကြီးကား ရေချိန်လွန်၍ ဒေါင်ချာဆိုင်းသွားသလောက် ငပိန်မှာ ပါရင့်ကစော်သမားပီပီ ကြွခြေမပျက်ယွင်း။ သည်လိုနှင့် ရွာထဲသို့လှမ်းအဝင် ငပိန်ထံမှ စကားသံ ပေါ်ထွက်လာသည်။

"ဟေ့ကောင် ထုံကြီး။ မင်း အတော်အကျင့်ယုတ်တယ်ကွာ"

"ဟာ ငါ ဘာများ အကျင့်ယုတ်လို့လဲ ငပိန်ရဲ့"

ငပိန်၏အမေးကို လျှာလေးအာလေးဖြင့် ပြန်မေးသည်။

"မင်းကွာ မင်းနဲ့ငါ ဒီလောက်တောင် ခင်မင်နေတဲ့ ဥစ္စာ။ လိပ်အကြီးကြီး ပေးသင့်ရက်နဲ့ အသေးလေးပဲ ပေးတယ်"

"ဟ မင်းက ငွေအစိတ်ပဲ ပေးတာကိုး။ ငွေအစိတ်မပေးဘဲ ငွေငါးဆယ်ပေးကြည့်ပါလား။ ဟောဒီ ငါ့လက်ထဲက လိပ်အကြီးကောင်ကို ရမှာပေါ့"

"ဪ ဒီလိုတဲ့လား။ ငါက မင်းကို ငါးဆယ် ပေးရင် မင်းလက်ထဲက လိပ်ကြီးကို ရမှာနော်"

"သေချာတာပေါ့ ငပိန်ရာ"

"ဒါဖြင့်ရင် ငါ့လက်ထဲက လိပ်ကလေးကို ပြန်ယူ။

www.burmeseclassic.com

www.burmeseclassic.com



သူက အဂိတ်တန်တယ် ့ရော့"

"ယူတယ်ကွာ။ ကိုင်း ့ဒါလက်ထဲက လိပ်ကြီး အတွက် ပေး အစိတ်"

ကိုထုံကြီးက ငပိန့်အား ငွေအစိတ်ထပ်တောင်းသည်။

"ဟာ ့ထုံကြီး ့မင်း ရှူးကြောင်မူးကြောင် မလုပ်နဲ့။ မင်းကို ငွေအစိတ် ထန်းရည်ဆိုင်မှာကတည်း က ပေးခဲ့ပြီးပြီလေ"

"အဟီး ့ဟုတ်ပေသားပဲ။ မေ့လို့ကွာ မေ့လို့။ ဒါကြောင့်လည်း တို့များ ဘုရားရှင်က 'အပ္ပမာဒေန သမ္ပာဒေထ'လို့ ဆိုဆုံးမခဲ့တာပေါ့"

ကိုထုံကြီးလည်း ကျေနပ်အားရစွာဖြင့် ၎င်းထံမှ လိပ်ကြီး အား ငပိန့်လက်ထဲသို့ ထည့်လိုက်၏။ ငပိန်လည်း လိပ်ကြီးရသွား လေသောအခါ ခြေလှမ်းကျဲကြီးများဖြင့် သုတ်ခြေတင်သွားခဲ့ လေပြီ။

အိမ်ပြန်ရောက်လျှင်ဖြင့် မပွေးလှအား လိပ်နှစ်ကောင် ရခဲ့ပုံ၊ ထိုအနက်မှ လိပ်ကြီးအား ငါးဆယ်နှင့် ရောင်းခဲ့ပုံတို့ကို ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုရဦးမည်။ ထိုအခါဝယ် နေ့လယ်ခင်း တုန်းက အထိနာခဲ့လေသော မပွေးလှအနေဖြင့် ချီးမွမ်းလေမည် လား။ ပျစ်ပျစ်နှစ်နှစ် ပွစိပွစိ လုပ်လေမည်လား ဆိုသည်ကိုတော့ ကိုထုံကြီးတစ်ယောက် ရှေ့ဉာဏ်ရှင် မဝခဲ့နိုင်ပါပြီတကား။

www.burmeseclassic.com

www.burmeseclassic.com

သင်တိုင်းရွာကလေးမှာတော့ ဘုန်းကြီးလူထွက် လူပြန်တော် ကိုထုံကြီး၏ ခပ်ထုံထုံ ခပ်အအ ဖြစ်ပုံတွေက ရယ်ပွဲဖွဲ့စရာ အဖြစ် လူတိုင်း ပါးစပ်များ၌ ပျံ့နှံ့လို့နေတော့သည်။

"ရဟန်းဝါ (၁၅)ဝါတောင်ရပြီးမှ လူထွက်ရတယ်လို့ကွာ"

"ဟ . ဒါကတော့ သူ့အကြောင်းကံက ပါလာတာမို့ ထွက်ချိန်တန်တော့လည်း ထွက်ရတာပေါ့"

"ထွက်တာနဲ့ တစ်ခါတည်း မိန်းမယူတာတော့ လွန်သဗျာ"

"ဟာ . ဒါလည်း ခများမယ် ပုထုဇဉ်လောကလူသား ဖြစ်နေပြီလေ။ လူဆိုတာ လူပဲမို့ လူ့အကျင့်ပဲ ကျင့်လိမ့်မပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"သူ့ခမျာ ယူစရာရှားလို့လားကွာ၊ ပွေးလှကိုမှ ယူတယ်။ ကျုပ်တို့ သင်တိုင်းရွာမှာ အချောအလှတွေဆိုတာ အများကြီး"

"များပေမဲ့ ကျောင်းကိုလာတာ ပွေးလှတစ်ယောက်တည်းဆိုတော့ ဦးဇင်းလူထွက် ကိုထုံကြီးအဖို့တော့ ချစ်စရာကောင်းတဲ့၊ ကြိုက်စရာကောင်းတဲ့ ဣတ္ထိယမိန်းမဆိုတာ ပွေးလှတစ်ယောက်ပဲ ရှိတယ်လို့ မြင်နေမှာပေါ့။ ဖူးစာဆိုတာကလည်း အခက်သားကလား။ ထုံကြီးနဲ့ ပွေးလှဆိုတာ ရှေးဘဝကတည်းက နှစ်ဖြာရေစက်တွေ ရှိခဲ့ကြလို့သာ ခုဘဝ ပစ္စုပ္ပန် မျက်မှောက်မှာ လင်ရယ်၊ မယားရယ်ဆိုပြီး ပုဆိုးတန်းတင် ဖြစ်လာခဲ့တာပေါ့"

"သူတို့ လင်မယားနှစ်ယောက်ကလည်း လိုက်လည်း လိုက်ပဗျာ။ တစ်ယောက်က ခပ်ထုံထုံ၊ တစ်ယောက်က ခပ်အအ"

"အသွင်တူလို့ အိမ်သူ ဖြစ်တာပဲဟာကွာ"

ဘာပဲပြောပြော သင်တိုင်းရွာကလေးနှင့် ပတ်သက်လာသွင်ဖြင့် အများစိတ်ဝင်တစားဖြစ်နေ၊ ပြောဆိုနေရသော ကိုထုံကြီးနှင့် မပွေးလှတို့ အကြင်လင်မယားအကြောင်းကိုဖြင့် လုံးဝဆိုထုံးဝ ချန်လှပ်မသင့်ပေတကား။

ပ ပ ပ

www.burmeseclassic.com



ငှက်ခါးရောင်သမ်းနေသော မိုးတိမ်လွှာကြီးက ကိုထုံကြီးတို့ သင်တိုင်းရွာကလေးကို မည်းသည်းအတားအခံမဲ့ အနှောင့်အယှက်မှုမရှိဘဲ ဖြန့်ကြက်အုပ်ဆိုင်းလာခဲ့ပေပြီ။

မကြာခင်မှာ အေးမြသော၊ မိုးသင်းရနံ့ပါသော လေက တဖြူးဖြူး တပြော့ပြော့တိုက်ခတ်ပြီး မရှေးမနှောင်းမှာပင် မိုးတိမ်လွှာထုကြီးမှ မိုးစက်မိုးရေတို့သည် သင်တိုင်းရွာတစ်ရွာလုံးအပေါ် ကျွမ်းထိုးမှောက်ခုန် ကျဆင်းနေကြလေတော့သည်။

"ဟေး ... မိုးရွာပြီကွ ... မိုးရွာပြီ"

"မိုးရွာရင် ... မိုးရေချိုးမယ် ... မေမေလာရင် နို့စို့မယ် ... ဖေဖေလာရင် ... အုန်းသီးခွဲစားမယ်"

ဘုစုခရု ကလေးသူငယ်တွေက ဗလာကိုယ်တီးဖြင့် မိုးရေထဲထွက်လျက် ပျော်ရွှင်စွာ ခုန်ပေါက်အော်ဟစ် မြူးတူးနေကြသည်။

မိုးက မိုးပြေးမဟုတ်။

လေးလေးတွဲ့တွဲ့နှင့် တစ်နေကုန်စိမ်၍ ရွာမည့် ဖျင်းတွဲတွဲမိုး။

"တောက် ... ဒီကမြင်းမမိုးနှယ် ... ရွာကြောရှယ် ရှည်ရှည်နိုင်လွန်းတယ်။ ဦးလိုမှပဲ ..."

ကိုထုံကြီးသည် ကဲလားကို အသာဖွင့်ရင်း စိမ်၍ ရွာနေသောမိုးကို ကြိမ်းမောင်းပြစ်တင် မေတ္တာပို့လိုက်သည်။

"ဘာဖြစ်တာတုံး ကိုထုံရဲ့။ မိုးတွင်းရောက်လို့ မိုးလေ သူ့ဘာသာသူ ရွာနေတဲ့ဥစ္စာ ..."

ဇနီးသည် မပွေးလှက လက်ချုပ်ခုံ၌ ကြယ်သီးထိုးရင်း

www.burmeseclassic.com



မကျေမချမ်း ဖြစ်နေသော ကိုထုံကြီးကို လှမ်းမေးလိုက်သည်။

"ဘာဖြစ်ရမလဲဟ . ။ ဒီနေ့ ပိတ်စွယ်က ကိုမြင့်သိန်း၊ ညီထွေးကြည်တို့ ဆွမ်းကျွေးဖိတ်ထား တာဟ .။ သွားမယ့်လာမယ့် အချိန်ကျရင် ဒီမိုးက အလိုက်ကမ်းဆိုးကို မသိဘူး၊ . တောက်"

"သြော် . ကိုထုံရယ်။ မိုးတွေ ဒီလောက် ရွာနေ မှတော့ မသွားဘဲ နေလိုက်ပေါ့တော်။ တော်တစ် ယောက်မသွားလည်း သူတို့ဆွမ်းကျွေးဟာ ပျက်မသွား နိုင်ပါဘူး"

"ဟာ . သူတို့မပျက်သလို ငါမပျက်ဖို့လည်း လိုသဟ။ သူတို့က စားနိုင်သောက်နိုင် တကယ့်ချောင် ချောင်လည်လည်တွေ။ သည်ဆွမ်းကျွေးမှာ ငါး သလောက်ပေါင်းရယ်၊ မယ်ဇလီဟင်းချိုရယ်၊ ဝက် သားနီချက်ရယ်၊ အစိမ်းကြော်ရယ်၊ ပုဇွန်ခြောက် ထောင်း ငပိချက်ရယ်၊ သရက်ချဉ်သုပ်ရယ် ပါမှာတဲ့ ဟ။ ဒါမျိုးကို လက်လွှတ်ခံလိုက်ရင် ဆွမ်းကောင်း ကျွေးကောင်းတွေ ဟဲရာက လူပြန်တော်ဖြစ်လာတဲ့ ထုံကြီးအဖို့ ရာဇဝင်ရိုင်းသွားတော့မှာပေါ့ မငွေးရ"

"တော်စမ်းပါ . ကိုထုံရယ်။ တော်ဟာလေ . ပြော မပြောချင်ဘူး။ အစားအသောက်နဲ့ ပတ်သက် လာရင် လွန်လွန်းတယ်။ ဆိုင်းသံဗုံသံ၊ လော်စပီကာ သံများ မကြားလိုက်နဲ့၊ ကြားလိုက်ရင် ဘာအလှူ ရှိပါလိမ့်ဆိုပြီး စုံစမ်းရတာ အမော။ အလှူရှိပြီဆို

www.burmeseclassic.com

www.burmeseclassic.com



ထမင်းကျွေးရုံပေါက်ဝ အရင်ဆုံးသွားရပ်တာ ရှင်မှရှင်တော် မရှက်ဘူးလား''

''ဟ ဘာလို့ ရှက်ရမှာလဲ။ ဒါ ခိုးစားတာမှ မဟုတ်ဘဲ။ အလှူရှင်တွေက ကျွေးချင်မွေးချင်လို့ ကုသိုလ်လိုချင်လို့ ကျွေးတယ် မွေးတယ်၊ ငါကလည်း စားချင်သောက်ချင်လို့၊ ကုသိုလ်ရစေချင်လို့ စားတယ် သောက်တယ်။ ကဲ ရောင်းသူဝယ်သူ အသံတူနေပြီပဲဟာ။ ဘေးကနေ ဆေးရိုးသည် မလုပ်ချင်ပါနဲ့ မိန်းမရယ် ''

ကိုထုံကြီးကတော့ သူ့အယူအဆနှင့်သူ ဟုတ်နေသည်။

မပွေးလှကတော့ ဘုန်းကြီးလူထွက် လင်တော်မောင်ကြီးအတွက် မိန်းမသားပီပီ ရှက်မည်ဆိုလည်း ရှက်လောက်ပါပေသည်။

မပွေးလှ ရှက်မည်ဆိုလည်း ရှက်စရာ ။

ကိုထုံကြီးအဖို့ သင်တိုင်းတစ်ရွာတည်းသာ မဟုတ်။ အခြားအခြားသော ရွာနီးချုပ်စပ်မှာ ဘယ်ရွာက အလှူအတန်းကြီး ပေးနေပါစေ၊ စုံစမ်းသိရှိပြီဆိုလျှင် မရမက သွားတော့သည်။ ဤသို့ သာရေးပဲ သွားသလားဆိုတော့လည်း မဟုတ်ပြန်။ နာရေးဟု ဆိုရမည့် လူကြီးအသုဘမှသည် ကလေးအသုဘလည်း အလွတ်မပေး။ ဘုန်းကြီးဘဝနှင့် ဒါမျိုးကို ဆယ်နှစ်ဆယ်မိုးမက တွေ့ကြုံဖြတ်သန်းလာခဲ့သည်ဆိုတော့ ကိုထုံကြီးအတွက် ဘာမှုမဆန်းသလို၊ ကိုထုံကြီး၏ အလေ့စရိုက်ကို သိသားကြသူကော ဖြစ်၍လည်း သာရေးမှုင်၊ နာရေးရှင်တို့အတွက် မဆန်းပါပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည့်လိုမျိုး သာရေးနာရေးပွဲများကို လှည့်လည်ကျက်စားရာ၌ သူ့အဖို့ အထာကနပ်ပြီးသားဟု ဆိုရမည်။ ရဟန်းဝါအတော်ရပြီးမှ လူပြန်တော် ဖြစ်ခဲ့လေသည်။ တရားဓမ္မဆိုင်ရာ သဒ္ဒါ၊ သင်္ဂြိုဟ်၊ သမထ၊ ဝိပဿနာများကို ခေါင်းရင်းခန်း၌ အမြိန့်သားထိုင် ဟောပြောရင်း ပုစ္ဆာမေးခြေက်နိုင်းချင်း ကြွက်သွန်ကြော်နိုင်းချင်းဖြင့် ဆီရွှဲရွှဲလက်ဖက်ပွဲကို ဖွန်းမချစတမ်းနွဲ့ကာ အစားမပြတ်၊ စကားမပြတ်ဘဲ ပြောနိုင်ဆိုနိုင်စွမ်းလည်း ရှိနေသည်။

သည့်နောက်မှာတော့ အလှူရှင်တို့၊ အသုဘရှင်တို့ တည်ခင်းဧည့်ခံကျွေးမွေးသော ထမင်းဟင်းလျာ၊ မုန့်ပဲသရေစာတို့ကို အားမနာတစ်တမ်း၊ ခေါင်းမဖော်စတမ်း တွယ်လိုက်သည်မှာ အလုပ်အကိုင် စတင်သည်မှ ပတ်စာခွာ ဖျာသိမ်းသည်အထိ အိပ်လိုက်၊ စားလိုက်၊ ပြောဟောလိုက်နှင့် အားလုံးကိစ္စဝိစ္စပြီးမှ သာ မပွေးလှစမျှ သူ့မှ ချစ်ရလေသော ချစ်တုံးချစ်ခဲ လူပြန်တော်ကြီးကို မြင်တွေ့ခွင့်ရတော့သည်။

"ဟိုအလှူက ကျွေးတာ တကယ့်အမျိုးစားပဲကွ။ မသာအိမ်ကတော့ တကယ့်ကို ကချေလာပဲဟေ့။ မုန့်ဟင်းရည်များ ချက်ထားလိုက်တာ ကိုယ့်ရုပ်ကိုယ် ပြန်ကြည့်လို့ရအောင် ကြည်နေတာပဲ"

"တော့်နှယ် ‌အလှူပွဲသွား မကူဘဲ စားတာတောင်မှ အပြစ်ပြောက မလွတ်ဘူး"

"ဟ ‌လူဆိုတာ ခံစားတတ်တဲ့ သတ္တဝါကွ။ ခံစားတတ်တာမို့ ခံစားရတဲ့အပေါ် ဝေဖန်မှုဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ရှိမှာပဲ။ ကောင်း ့ကောင်းတယ်၊ မကောင်း ့မကောင်းဘူးပေါ့။ ဒါပြောတာ မပြောရဘူးလား"

"တော်စမ်းပါ ့။ ကိုယ့်ဘာသာ ကိုယ့်အိမ်ကိုယ်နေပြီး ရှိတာလေး ချက်ပြုတ်ပြီး လင်မယားနှစ်ယောက် ထမင်းလက်ဆုံစားရတာ မကောင်းဘူးလား"

"မကောင်းဘူးကွ။ မင်းက မိန်းမဖြစ်ပြီး အကွက်မမြင်တတ်ဘူး။ ငါတစ်ယောက် အလှူသွားစားရင် ငါ့တစ်ယောက်စာ သက်သာမသွားဘူးလား"

"သက်သာတာထက် အလှူပွဲတိုင်း မလွှတ်အောင် သွားတာကျ"

"တော်စမ်း ့မပွေ။ ဒါဟာ ငါ့ရဲ့ ကိုယ်ပိုင်ဆုံးဖြတ်နိုင်တဲ့ အခွင့်အရေးပဲ။ ခု ဆွမ်းကျွေးဟာ ငါ့ကို သေသေချာချာ ဖိတ်ထားတာ။ မဖြစ်ဖြစ်အောင် လာရမယ်တဲ့။ ငါ့ကို နင်မပြောနဲ့၊ အထက်မိုးဖျားက ထန်းလျက်ခိုးစား ့အဲ ့ဟုတ်ပေါင် ့သိကြားမင်းကြီး ဦးမာဃကိုယ်တိုင် အနိကာတ်ပြုပြီး တားရင်တောင် မရဘူး။

ဟော ့ငါ့စိတ်ဓာတ်၊ ငါ့ရဲ့ သံမဏိစိတ်ဓာတ်ကို မိုးသိကြားမင်းကြီး သဘောပေါက်သွားလို့ထင်ပါရဲ့။ ကြည့်စမ်း ့မိုးချက်ချင်း တိတ်သွားပြီ'

မှန်ပေစွ ့မှန်ပေစွ။

ကိုထုံကြီး၏ စကားနှင့်အညီ မိုးတိမ်လွှာထုလည်း မိုးဂက်

www.burmeseclassic.com

www.burmeseclassic.com



မိုးရေတို့အား ညှစ်ချရန် ပန်းလျှော်သွားပုံရသည်ထင့်။ လုံးဝဆို လုံးဝ မိုးတိတ်သွားလေသည်။

"ဟော့ မပွေး။ ငါ့ကို ခေါင်းပတ်ဖို့ ပဝါရယ်၊ တိုက်ပုံရယ်၊ လုံချည်တစ်ထည်ရယ် ယူပေးစမ်း"

"ခဏနေဉ် ကိုထုံ၊ ကျွန်မ ပြောစမ်းပါရစေဦး"

"ဘာများတုံး မြန်မြန်ပြော"

"မနေ့ကလေ အမေ နတ်ကတော် ချစ်နှင်းဆွေ အရိုးလေး သန့်တင်တို့အိမ်ရောက်ပြီး နတ်ဝင်ရင်း ကျုပ်ကို ဟောလိုက်သေးတယ်။ ဟဲ့ မိပွေးလှ၊ နင့်ယောက်ျားကို ဒီရက်ထဲ ကိုယ့်ရပ်ကိုယ့်ရွာကလွဲပြီး ဘယ်ကိုမှ မသွားစေနဲ့တဲ့။ သွားရင် လူလုံးကြီးပဲ ကျန်မယ်တဲ့။ အဲဒါ ကျွန်မစိတ်တွေ လေးနေတယ် ကိုထုံရယ်။ တတ်နိုင်ရင် ကျုပ်စကားကို နားထောင်ပါလားတော် အဲ နတ်ကတော် အမေ ချစ်နှင်းဆွေက ဘာရေစင်ဖိုးမှ မယူဘဲ ဟောခဲ့တာပါ"

"တော် တော်စမ်း။ သူများ အစားကောင်း အသောက်ကောင်းတွေ သွားပြီး စားသောက်မယ့်ကိစ္စမှာ ဒီမိန်းမအခြောက် နတ်ကတော်စုတ်က ဘာမဟုတ်က ဟုတ်ကတွေ ဟောလိုက်တာကို မယုံနဲ့ လုံးဝ မယုံနဲ့။ ယုံလို့ကတော့ ဖနောင့်စာပဲ။ ကိုင်း ပေးဟာ ပေးစမ်းဟာ"

www.burmeseclassic.com

www.burmeseclassic.com



မလွေးလှအဖို့ ဘယ်လိုမှ တားမြစ်နိုင်စွမ်း မရှိတော့သည့်အဆုံး ကိုထုံကြီးအလိုရှိသော ခေါင်းပတ်ပဝါ၊ ညစ်ထေးထေး တိုက်ပုံ၊ အောက်သိုးသိုး ပုဆိုးတို့ကို ယူငင်ပေးရလေတော့သည်။

"ပိတ်စွယ်ကို ရောက်ဖို့ ချောင်းကူးရမှာဖို့ ငါ ချိုကောက်ကြီးကို ဆွဲသွားမယ်"

ချိုကောက်ဆိုသည်ကား ကိုထုံကြီးတို့ ပိုင်ဆိုင်သော ကျွဲနှစ်ကောင်အနက်မှ တစ်ကောင်သောကျွဲပင် ဖြစ်လေသတည်း။ မိုးသည်းထန်စွာ ရွာမှုဖြင့် ချောင်းဖြတ်စရာ ကြုံလျှင် ထုံးစံအတိုင်း ကျွဲတစ်ကောင်ကို အဖော်ပြုလျက် ကူးနေကျ ဖြစ်သည်မို့ ခုလည်း ချိုကောက်မည်သော ကျွဲကြီးကို ကြိုးဆွဲကာ အိမ်မှ ထွက်လာခဲ့တော့သည်။

* * *

ပိတ်စွယ်ရွာသို့ မရောက်မီ အပြောကျယ်သော ပိတ်စွယ် ချောင်းက ကိုထုံကြီးကို တားမြစ်သကဲ့သို့ ရှိသည်။ တစ်ဖက်ကမ်း စပ်၊ ချောင်းစပ်မှာတော့ ဗျိုက်တောတွေ၊ ဝက်လာပင်တွေက ထိုးထိုးထောင်ထောင်။

မိုးအဆက်မပြတ် ရွာသွန်းခဲ့သဖြင့် ချောင်းရေက လျှံပြီး တဝေါဝေါမြည်၊ အရှိန်အဟုန်မပျက် ဝါးလုံးထိုး စီးဆင်းနေသည်။ အဆိုပါ ချောင်းရေပြင်ကို ကြည့်လျက် ကူးဖြတ်ရမည့် ကိစ္စကို စဉ်းစားလိုက်သည်။ သိပ်တော့ မစဉ်းစားလိုက်ရ၊ သည် လိုမျိုး ကူးဖြတ်မှု အတွေ့အကြုံတွေက သူ့မှာ ရှင့်နေခဲ့ပြီပဲ။

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွင်ပတ်ထားသော ပဝါကို ဖြုတ်လိုက်သည်။ ထို့နောက် တိုက်ပုံအင်္ကျီ အတွင်းခံအင်္ကျီတို့ကို ချွတ်ပြီးသကာလ ရေနှနောက်ဖဲယာ တောင်မြောက်တစ်ခွင်ကို စူးစမ်းလိုက်သည်။ ကျွဲကြီးချိုကောက်နှင့် သူမှတစ်ပါး မည်သူ့ကိုမျှ မမြင်။ သည့်အတွက် ဝတ်လက်စ ပုဆိုးအကွက်တုံးကြီးကို ချွတ်ကာ ထိုပုဆိုးထဲသို့ ပဝါ၊ တိုက်ပုံအင်္ကျီ၊ အတွင်းခံအင်္ကျီတို့ လုံးထည့်ပြီး ပုဆိုးအား ချိုကောက်၏ ချိုများတွင် ချိတ်ပေးလိုက်သည်။ ထို့နောက် ချိုကောက်၏ နဖားကြိုးကိုဆွဲလျက် သူပါ တစ်ပါတည်း ချောင်းထဲသို့ဆင်းကာ ပိတ်စွယ်ဘက်ကမ်းသို့ မျှော၍ ကူးလိုက်သည်။

သို့ဖြင့် တစ်ဖက်ချောင်းစပ်ရှိရာသို့ ချိုကောက်ရော သူပါ ရှောရှောရှူရှူ ရောက်ရှိသွားခဲ့သည်။ သူ့တစ်ကိုယ်လုံး ဘာအဝတ်အစားမျှ မရှိ။ ဗလာကိုယ်လုံးတီး။ ရေတွေက စက်လက်စက်လက်။

ကိုယ်ပေါ်ရှိရေတွေကို သပ်ချခါထုတ်ပြီး အဝတ်အစားလဲဖို့ ပြုနေစဉ်မှာပင် မမျှော်လင့်ဘဲ ဒိုးပတ်သံ၊ လင်းကွင်းသံ၊ ပလွေသံ၊ ဝါးလက်ခုပ်သံများ မြုန်းဆို ထွက်ပေါ်လာရာ ချိုကောက်သည် 'ညွှ'ဟုအော်မြည်ပြီး နားရွက်နှစ်ဖက်ထောင်၊ အမြီးကိုမြှောက်ကာ ချောင်းစပ်တစ်လျှောက် ထွက်ပြေးသွားခဲ့လေပြီ။ ၎င်း၏ ချိုများမှာတော့ ကိုထုံကြီး၏ အဝတ်ထုပ်သည် ချိတ်တွဲမျှက်။

"ဟာ ပြဿနာပဲ။ ဟကောင် ချိုကောက် ချိုကောက်"

www.burmeseclassic.com



အသံကျယ်ကျယ်လည်း မအော်ရဲ။

သူတစ်ကိုယ်လုံးမှာလည်း အဝတ်အစားတွေက ဗလာနတ္ထိ။ ကိုင်းတောကြားမှ လှမ်းကြည့်တော့ မျိုးနှုတ်သမား ကောက်စိုက်သမတစ်သိုက်မှာ ဒိုးပတ်ဝိုင်းဖြင့် ကောက်စိုက်ဆင်း ထွက်လာကြသည်။

"ဘုရား ့ဘုရား ့ငါ့ကို ဒီလိုပုံနဲ့ တွေ့သွား ရင် အရှက်တော့ကွဲပြီ"

ကောက်စိုက်သမအဖွဲ့က သူရှိရာဘက်ကို ဦးတည်လာနေကြသည်ဆိုတော့ သူမှာ ခြေမကိုင်မိ၊ လက်မကိုင်မိတော့။

"ပြဿနာပဲ ့။ မိပွေးရဲ့ဗေဒင်ကတော့ မှန်နေပြီ"

ပြောပြောဆိုဆိုနှင့် လက်ခနဲ အကြံတစ်ခုရကာ လူတစ်ရပ်ခန့် အပြိုင်းအရိုင်းနှင့် ထိုးထိုးထောင်ထောင် ပေါက်နေသော ဝက်လားပင်များကြား တိုးဖြဲကာ ထိုင်ချလိုက်ရသည်။

"အား ့အေးလိုက်တာ စိမ့်နေတာပဲ"

ထိုင်ချလိုက်သည့်နေရာက နုံးတွေ၊ ရွှံ့နွံနစ်တွေ ရှိသောနေရာဖြစ်ကာ ထိုင်ချလျှင် ထိုင်ချချင်း တင်ပါးမှအထက် ခြောက်လက်မခန့် နွံတွေထဲ ကိုယ်လုံး ဝင်သွားသည်။ တော်ပါသေးရဲ့။ အရှက်တော့ လုံသွားပေပြီ။

သို့ရာတွင် ကောက်စိုက်သမတွေက တစ်နေကုန် ကောက်စိုက်ကြမည် ဖြစ်သလို၊ မျိုးနှုတ်သူတွေကလည်း တစ်နေကုန် နှုတ်ကြမည်ဆိုတော့ ကိုထုံကြီး၏ ဝဋ်ကြွေးကား ကြီးမားလှပေစွ။

www.burmeseclassic.com

www.burmeseclassic.com



ချိုကောက်ကလည်း ခိုင်းသံပုံသံကို ထိတ်လန့်တတ်သော သတ္တဝါမို့ ဘယ်ရောက်၍ ဘယ်များ ပေါက်နေပါလိမ့်။

နှိုးအဖွဲ့ကလည်း အတော်ကလေးကို အတီးကောင်းသလို၊ အဆိုကလည်း မဆေ့။ ကိုထုံကြီးမှာတော့ အဝတ်မပါ ဇလာကိုယ်တီးဖြင့် ပုဆိုးဝင်ကာ သောတဆင်နေမိတော့သည်။

"ရမထော့ ရွှေကြိမ်လုံးရယ်နဲ့ ... ထွန်တုံးကို
တဲ့ မြေတော်တင် ... နွားကြွန်စုံရှင် ...။
ပျိုးခင်းကိုဝင် ... ကောင်းကင်က ရွှေပိန်
ညင်းရယ် ... မိုးခေါ်လို့ဆင်း ..."

သီချင်းလေးက နားထောင်လို့ အကောင်းသား။ ဗိုက်ထဲမှာတော့ တဂွီဂွီ။ အဲ ... သီချင်းသွားပြီးသွားတော့ သံချပ်တွေ ထွက်လာပြန်သည်။

"မိုးလေဝသ ချိန်ခါမှန်
စပါးကောက်နှံ ဖွံ့ဖြိုးစေသား"
"အထွက်တိုးမှ စိတ်လန်းရှင်
နွေပေါက်ခဲ့ရင် လှူကြတန်းကြ"
"စပါးပေါ်ချိန် ငွေပေါ်ချိန်
အကျီထဘီ တို့များပြန်ရွေး"
"ဝင်ငွေတိုးတော့ စိတ်ရှင်နေ
မင်္ဂလာတွေ ဆောင်လိုက်ကြစို့"
သည်အထိက မဆိုးသေး။

သူတို့ဆန္ဒ၊ သူတို့သဘာဝ၊ သူတို့လေ့နှင့်အညီ သူတို့ ရုန်းသူတို့ ခွင်အကြောင်း သံချပ်ထိုးကြသည်များက ခပ်ပြစ်ပြော

www.burmeseclassic.com

www.burmeseclassic.com



ဧရာမရှိ။

သို့သော် ခပ်ပေါက်ပေါက်၊ ခပ်နောက်နောက်၊ ခပ်ရွတ်ရွတ်၊ ခပ်ရွတ်ရွတ် သံချပ်တွေ ပေါ်ထွက်လာတော့ ကိုထုံကြီးအဖို့ ခေါင်းကိုပု၍ နေရတော့သည်။

ကြည့် သူတို့ဆိုသော သံချပ်တွေက သူ့ထံ မြားဦး လှည့်လာသည့်အတိုင်းပါပဲလား။

"ကောက်စိုက်သမတွေ သင်္ချိုင်ချင်
ကိုင်းတောထဲလျှင် ဝင်လိုက်ပါလား"
"ကိုင်းတောထဲက ကိုရွှေစာ
သူပစ္စည်းဟာ ဧရာမကြီး"
"ကျွဲမျှော့ကြီးနဲ့ အရွယ်ပြိုင်
ပြိုင်သူမှိုင်ပေါ့ တွေနိုင်ရီးလား"
"ဟေ့ _မြလား
ဟေ့ _မြလား
ဟေ့ _စိန်လား၊ ဟေ့ _မြလား
ဟေး _လှ _မောင် _ရှိ _ပါး"

အသံဗလံတွေက မြိုင်ဆိုင်လှသည်နှင့်အမျှ ခေါင်းကို ပုသထက်ပု၍ ကိုယ်လုံးကို ဖုက်နေရသည်က ကိုထုံကြီးပဲ ဖြစ်သည်။ ငါ့များ မြင်သွားရေလမလားဟူ၍ စိုးရိမ်စိတ်တွေလည်း မတောမသတ် ဝင်လာရတော့သည်။ ကောက်စိုက်သမများ သူ့ဘက်ဆင်းချလာပါက အသက်ရှူရပ်၍ သေသွားနိုင်လောက်သည်။ သွေးချက်ရှုန်းတို့မှာ တဒိန်းဒိန်း။

နွံတွေထဲ ပုရပါမျှ။ ဝပ်ရပါများသည့်မို့ ကိုထုံကြီး

www.burmeseclassic.com



တစ်ကိုယ်လုံးမှာ ရွှံ့နှံ့တွေပေလူးနေကာ ရွှံ့ရုပ်လူသား ဖြစ်မှန်းမသိ ဖြစ်နေပြီပင်။ ယခုနေများ တစ်စုံတစ်ဦးမှ တွေ့မြင်လိုက်ပါက "လူသားစင်စစ် ကောန်ဖြစ်ပါ၏လော"ဟု သံသယများ လောက်ပေ၏။ မည်သို့ဖြစ်စေ သူ ဝက်လာတောထဲတွင် ပုနေဝပ်နေခြင်းကို မည်သူမည်ဝါ တစ်ဦးတစ်ယောက်မှ တွေ့မြင်သွားခြင်း မရှိလေသည့်အတွက် ကြံဖန်၍ စိတ်သက်သာရာ ရပေသည်။

သို့ဖြင့် အချိန်တွေ တရွေ့ရွေ့ ကုန်လွန်သွားခဲ့ပေပြီ။

ဆာလောင်မွတ်သိပ်လွန်းလှ၍ ဗိုက်ထဲမှာလည်း သံစုံဂီတတွေ တဂေါ်ဂေါ်တဂွီဂွီ ထွက်ပေါ်လာတော့သည်။ ပိတ်စွယ်ရွာဘက်ဆီမှ ဆွမ်းကျွေးအိမ်၏ လော်စပီကာသံကြီးကို ကြားရလျှင် ကွဲကြီးချိုကောက်ကိုပဲ စိတ်ဆိုးရမလား၊ ကောက်စိုက်အဖွဲ့၊ ဒိုးအဖွဲ့ကိုပဲ အပြစ်တင်ရမလား မပြောတတ်။

ညနေညိုတော့ ကောက်စိုက်အဖွဲ့၊ ဒိုးအဖွဲ့တို့ ပြန်သွားကြလေပြီ။

သည့်တော့မှ ငိုလေးပင်နေသော သက်ပြင်းကို ချနိုင်တော့သည်။

ကောင်းကင်ကို ကြည့်တော့ စိမ့်ပွင့်စိမ့်နဲ့ ငွေကြယ်ပွင့်ကလေးတွေ ကောင်းကင်ကားချပ်တွင် ချိတ်ဆွဲ လင်းလက်နေကြပေပြီ။

"ဝရော . ဝရော . ဝရော"

ချောင်းစပ်ဆီမှ ရုတ်တရက် ကြားလာရသော အသံကြောင့် ထိတ်ခနဲ ဖြစ်သွားရသည်။ သေသေချာချာ ကြည့်လိုက်

www.burmeseclassic.com



တော့ သူ့ခြေပေါက် ချိုကောက်ကြီး။

"လာ ... လာ ... ငါ့ကောင်ကြီး ... လာ ... လာ"

ချိုကောက်ကြီးက သခင်ကို မှတ်မိသည့်အလား ကိုထုံကြီးရှိရာသို့ 'တညွှ့ညွှ'အသံပြုလျက် ဖြည်းညင်းစွာ လှမ်းလာခဲ့သည်။

"ဟာ ... သွားပါပြီကွာ"

ချိုကောက်ကြီး၏ ဦးချိုပြီ ချိုဖျောင်ချိတ်ဆွဲပေးလိုက်သော အဝတ်ထုပ်ကြီးမှာတော့ 'ပြန်လည်းမဆုံတဲ့ ယမုံနာဦးဝယ်' သီချင်းသွားအတိုင်း ဖြစ်သွားခဲ့လေပြီ။ ဘယ်နေရာမှာ ပြုတ်ကျလေသလဲ ဆိုသည်ကိုဖြင့် ညကလည်း အမှောင်လွှမ်းလာ၊ မြွေဘေးကင်းဘေး အန္တရာယ်ကလည်း၊ စိတ်ပူစရာဆိုတော့ ခုလိုမျိုးပုံဖြင့် လိုက်လံရှာဖွေဖို့ မလွယ်ပြီ။

ကိုထုံကြီးအဖို့ စိတ်အကြီးအကျယ် တိုရပါပြီကော ..။

မတိုဘဲကော နေမှာတဲ့လား။

ဆွမ်းကျွေးရောက်ရင်ဖြင့် ဖျော်သားနီချက်တို့၊ ငါးသလောက်ပေါင်းတို့ကို အပြတ်ဖွဲ့လိုက်၊ ကွယ်လိုက်လေမဟဲ့ဟု အားခဲထားလေသမျှ ဘာတစ်ခုမှလည်း ဖြစ်မလာရုံမျှမက ခုဆိုလျှင် အဝတ်တန်ဆာ ဗလာကိုယ်တီးဖြင့် အချိန်တန် အိမ်ပြန်ရပေတော့မည်။

ချိုကောက်ကြီးအား ချောင်းထဲ မောင်းချလိုက်သည်။ ပြီးတော့ ကျွဲပခုံးကို အသာမှေးခိုကွယ်ကာရင်း တစ်ဖက်ကမ်းဆီသို့ အရှုံးကို ရင်ဝယ်ပိုက်လျက် ဆုတ်ခွာလာခဲ့ရပါပေကော။ တစ်

www.burmeseclassic.com

www.burmeseclassic.com



ဖက်ကမ်းရောက်တော့ လှူရိပ်လှူခြေကိုကြည့်လျက် ရင်တထိတ်ထိတ်ဖြင့် ရွာထဲသို့ အသံလုံလုံဖြင့် ဝင်ခဲ့ရလေ၏။

ကံကောင်းထောက်မလေသည်ဟု ဆိုရလေမည်လား။

အပြန်ခရီးမှာ တစ်ဦးတစ်လေမျှ ၎င်းကို မြင်တွေ့မသွားခြင်းအတွက် ကံကောင်းသည်ပဲဟု ဆိုရပါလိမ့်မည်။ ခြံထဲရောက်လျှင်ရောက်ချင်း ချိုကောက်ကြီးအား ၎င်း၏ချည်တိုင်ရှိရာသို့ ဆွဲခေါ်သွားရင်း နေသားတကျဖြစ်အောင် ချည်နှောင်ပေးလိုက်သည်။ ပြီးလေသော် အိမ်ပေါက်ဝသို့ လျှောက်လာခဲ့လေ၏။ တစ်အိမ်လုံးကား မီးရောင်ထွန်းမထား၍ မှောင်မည်းနေလေသည်။ မပွေးလှုအဖို့ လင်တော်မောင် ကိုထုံကြီးတစ်ယောက် ဆွမ်းကျွေးအိမ်မှာပဲ ရှိနေလိမ့်ဦးမည်ဟု မှတ်ယူကာ တံခါးကို ဂျက်ချလျက် အိပ်မောကျနေမည်မှာ သေချာပေပြီ။

"ဟဲ့ ... ပွေးလှ ... ပွေးလှ ... ပွေးလှ"

" ... ... ... ... ... "

"ဟဲ့ ... ပွေးလှ ... ပွေးလှ ... ပွေးလှ"

" ... ... ... ... ... "

"တောက် ... ငါ့နှယ်နော်။ ဘယ်လို အိပ်ပျော်ကြီးမကို ရထားသလဲမသိဘူး။ ဟဲ့ ... ပွေးလှ ... ပွေးလှ"

"အင် ... "

"ဟဲ့ ... ပွေးလှ"

"တော့် ... တစာစာ ခေါ်နေတာ ဘယ်သူတုံး"

"ငါ ... ငါပါဟ ... နင့်လင် ... ထုံကြီး ... လာစမ်း

www.burmeseclassic.com

www.burmeseclassic.com



-တံခါးဖွင့်စမ်း''

''လာပြီ -လာပြီ''

ခဏအကြာ မီးခွက်မှ မီးရောင်ကလေး လင်းလာသည်။ မပွေးလှလည်း အိပ်မှုံစုံမွှားဖြင့် အိပ်ရာမှထ၊ မီးခွက်ကလေးကို ကိုင်ကာ အိမ်ရှေ့ခန်း၊ ထွက်လာသည်။ တံခါးမသို့ရောက်လျှင် ချက်ချထားသော တံခါးကို ကလန့်ကာ တံခါးချပ်ကို ဆွဲဖွင့်လိုက်သည်။

''ကျွိ -အိ -အိ''

''အ -အ -အမယ်လေး -လူမဟုတ်ဘူး။ ဘာကြီးမှန်းလည်း မသိဘူး။ သ -သရဲ -သရဲကြီး -လာကြပါဦးတော့''

မပွေးလှခမျာ ညအမှောင်၌ ငုတ်ဖေါ်ယောက်ျား ကိုထုံကြီးအား သွားရိုးသွားစဉ်ကလို မဟုတ်ဘဲ ပုံစံအသွင်ကွဲပြားစွာ တွေ့ရလေသည့်အတွက် အကြီးအကျယ် တုန်လှုပ်ချောက်ချား သွားရင်း နေရာတွင်ပင် ပစ်လဲကျသွားသည်။

''ဟ -ဘယ်လိုဖြစ်တာလဲ။ ဗိုင်းတာမ -အော်လိုက်တာ အသံကို ပြဲနေတာပဲ''

အလျင်စလို အိမ်ပေါ်ရောက်မှ ဖြစ်မည်။

အိမ်ပေါ်ရောက်မှ တံခါးကို အမြန်ပိတ်လျက် နောက်ဖေး ရေကပျဉ်သို့သွားကာ ကိုယ်လက်သန့်စင်သွားရလေအောင် ရေမိုး ချိုးပြီး သန့်ရှင်းပစ်ရမည်။

သည့်အတွက် အိမ်ပေါ်သို့ လှမ်းတက်ဖို့ ခြေလှမ်းအပြင် တစ်ခုသော ခြေလှမ်းကာ အမှတ်မထင် ဆိုသလို မပွေးလှ နမော်

www.burmeseclassic.com

www.burmeseclassic.com



နမှဲ့ ပစ်ထားခဲ့မိလေသော ငှက်ပျောခွံတစ်ခုကို တက်နင်းမိကာ လျှောခနဲ ဖြစ်သွားပြီး နောက်ပြန်လဲကျသွားလေရာ နောက်စေ့နှင့် မဟာပထဝီမြေသားပြင်တို့ မိတ်ဆက်သွားပြီး 'ဗိုင်းခနဲ' လဲကျသွားလေသည့်အသံကြောင့် ပတ်ဝန်းကျင်မှ လူအချို့ လက်နှိပ်ဓာတ်မီး တရမ်းရမ်းဖြင့် ရောက်ရှိလာကြ၏။

"ဟော့ ..မွေးလှ ..မွေးလှ ..ဘာဖြစ်တာလဲ"

"ဟာ ..အိမ်ပေါက်ဝမှာ ခနွဲ့ခနွဲ့ကြီး ဘာကြီးလဲ"

"ဟာ ..ကိုယ်လုံးတီး သရဲကြီး ..ကိုယ်လုံးတီး သရဲကြီး"

"အမယ်လေး ..ပြေး ..ပြေး ..ပြေးဟ"

လူများ ဒရောသောပါးဖြင့် မြို့အပြင်သို့ အလျှင်အမြန် ပြေးထွက်သွားကြလေတော့၏။

ထိုည၊ ထိုအဖြစ်ကား သင်တိုင်းရွာကလေးအတွက် ပြော စမှတ်တွင်သည့် တောရပ်တစ်ခွင်မှ အထူးအဆန်း သတင်းတစ် ပုဒ် ဖြစ်သွားခဲ့လေသည်တကား။

www.burmeseclassic.com

www.burmeseclassic.com

တော်လေးဝကျောင်းကား သင်တိုင်းရွာနှင့် မနီးမဝေးရှိ ရွာမှ ဘုန်းတော်ကြီးကျောင်း ဖြစ်သည်။

ကျောင်းထိုင်ဘုန်းကြီးကား သက်တော်(၅၂)နှစ်၊ ဝါတော် ၃၂-ဝါ ရထားပြီးသော စာတတ်ပေတတ် အထူးသဖြင့် ကဗျာ လင်္ကာတို့ မှတ်နေအောင်တတ်သော ဘုန်းကြီးဖြစ်ပြီး ဘွဲ့မည် နာမမှာ ဦးဝိသုဒ္ဓ ဖြစ်၏။ ရပ်ရွာတို့၏ ဓလေ့ထုံးစံအတိုင်း ရပ် ရွာရှိ လူကြီးသူမမှအစ လူငယ်လူရွယ် အလယ်၊ ကလေးသူငယ် အဆုံး ရှိသေဝပ်တွား ကြောက်ရွံ့ခန့်ညားကြကုန်သည်ပေ။

"ဦးဝိသုဒ္ဓ ကြွလာပဟော့"

ဟူ၍ ဆိုလိုက်လျှင် မည်မျှပင် ဆူညံနေသော စကား ဝိုင်း၊ ကစားဝိုင်း ဖြစ်ပါစေ ရုတ်တရက်ချက်ချင်း တိတ်ဆိတ်သွား တတ်စမြဲ။ ဤမျှ လူလူသူသူ မဆိုထားနှင့်။ ခွေးတို့သည်ပင်လျှင် ဟောင်နေရာမှ ရပ်တန့် သွားသည်ဆိုလျှင်ကော ဘယ့်ကြည့်ကြပါ

www.burmeseclassic.com

www.burmeseclassic.com



မည်လား။ မယုံလည်း မတတ်နိုင်။ ဦးဝိသုဒ္ဓကား သူရစ်သူရှာမှာ ဩဇာညောင်းသည်က အမှန်တကယ်ပါတည်း။

သူတော်လေးဝကျောင်းကား ကျွန်းတိုင်ကြီးများဖြင့် ဆောက်လုပ်ထားသော သစ်သားကျောင်းကြီးဖြစ်၏။ သူ့ကျောင်းမှာ စည်းကမ်းထုတ်ထားတာ တစ်ခုရှိသည်။ ဒါကတော့ ကဗျာကို လက်တန်းစပ်ဆိုတတ်မှသာလျှင် ဦးဇင်း၊ ကိုရင်၊ ကျောင်းအိပ် ကျောင်းစား ကျောင်းသားအဖြစ် လက်သင့်ခံခြင်းဖြစ်၏။ အဆိုပါ အရည်အချင်းနှင့် မပြည့်ဝလို့က လုံးဝဆို လုံးဝ လက်သင့်မခံ။ သည့်အတွက် ကဗျာစပ်ဆိုခြင်းကို သင်ယူလိုပါသလား။ လာခဲ့ ။ သင်ပေးဖို့ အဆင်သင့်။

သည်တော့ သူ့ကျောင်းမှာ မြဲနေကြသူတို့သည် ကဗျာ ပါရမီ ရင့်သန်ကြသူချည်း ဖြစ်ကြကုန်၏။ အကြောင်းကိစ္စရပ်တစ်ခုခုကို လျှောက်တင်လိုလျှင် ဒွေးချိုး(အခံပိုဒ်)ဖြင့် လျှောက်တင်ရ၏။ ထိုသို့လျှောက်တင်လာလျှင် သူက ဒွေးချိုး(အဆုပ်ပိုဒ်)ဖြင့် လက်ခံမခံ အဖြေပြု၏။ ပမာဆိုရလျှင် တစ်ခါက ရွာအရှေ့ပိုင်းမှ ဘိုးပန်းသာက ဆွမ်းကျွေးပရိတ်တရားနာ လာရောက်ပင့်ဖိတ် သည်။ ဘုန်းကြီးနှင့် တိုက်ရိုက်မတွေ့။ ပျင်းရွှေတွေနှင့်သာတွေ့၍ အကျိုးအကြောင်း လျှောက်ထားသွားခဲ့၏။ ပျင်းရွှေတွေက မှတ်ထားခဲ့ပြီး ဘုန်းတော်ကြီး ဦးဝိသုဒ္ဓနှင့်ဆုံတော့ ပြန်လည်လျှောက်ထားရ၏။ လျှောက်ထားသည်မှာလည်း ဒွေးချိုးအခံပိုဒ်ကလေး နှင့်ပင်။ ကြည့် ။

"အရှေ့ပိုင်းက ဘိုးပန်းသာ
ဆွမ်းလာလို့ပင့်"

www.burmeseclassic.com



ဘုန်းတော်ကြီး ပြုံးသွားသည်။ သည်လိုမျိုး သူကျောင်းနေသူတွေ မှန်သမျှ ကဗျာဉာဏ်ရင့်သန်ရမည်လေ။ သည်တော့ သူကလည်း ချက်ချင်းဆိုသလို ဒွေးချိုးအအုပ်ပိုဒ်ကလေးနှင့် တုံ့ပြန်လိုက်သည်။

"ဟင်းကောင်းတွေ အသွယ်သွယ်မို့
ကြွလာမယ် စိတ်သာချ
ပြောပြထားနှင့် ..."ဟူလေသတတ်။

ပြီးတော့ ကျောင်းအိပ်ကျောင်းစား ဘုန်းကြီးကျောင်းသားတွေ ဆိုတာကလည်း မခေကြ။ ဘုန်းကြီး၏ နှုတ်မှကာ "မြစ်ကြီးရော"ဟု စလိုက်လျှင် ကျောင်းသားတစ်ယောက်က သွက်လက်ချက်ချာစွာဖြင့် "ရစ်စီးခွေကာ"ဟု နှဲဘောထပ်လိုက်သည်။ ဘုန်းကြီးပြုံးသွား၏။ သို့သော် နောက်ထပ် နှဲဘောထပ်နိုင်သေးသဖြင့် မျက်လုံးကလေး ပေကလပ်ပေကလပ် ဖြစ်နေသော ကျောင်းသား 'သန်းခင်'အား မေးဆတ်လျက် -

"ဟော့ ..ကျောင်းသား သန်းခင်၊ နှဲဘောထပ်
လေကွာ ..နှဲဘောထပ်"

ဟု သတိပေးလိုက်သည်။ သန်းခင်နှုတ်များမှ ရုတ်တရက် ထွက်မလာ။ သည်တော့ ဘုန်းကြီး မျက်မှောင်ကုတ်လေတော့သည်။

"ဟကောင် ..ငအ။ ဘာလုပ်နေတာလဲ၊
ငါ့ကျောင်းမှာ မနေချင်တော့ဘူး ထင်တယ်"
"မ ..မဟုတ်ရပါဘူး အရှင်ဘုရား။ တပည့်တော်

www.burmeseclassic.com

www.burmeseclassic.com



ကာရန် ရှာနေတာပါဘုရား"

"ဒါဆို မြန်မြန်ထွင်။ ဟုတ်ဟုတ် မဟုတ်ဟုတ် ငါက သွက်မှ ကြိုက်တယ်။ ကိုင်း 'မြစ်ကြီးရော' 'ရစ်စီးရွှေကာ'..."

ထိုသို့ အစပျိုးပေးလိုက်သည့် မရွှေမနှောင်းမှာပင်၊ ကျောင်းသားသန်းခင်၏ နှုတ်ဖျားမှ

"ချစ်တီးသေနှာ ပါဘုရား"

ဟူ၍ မှင့်ထွက်လာလေရာ ဘုန်းကြီးမျက်နှာ လန်သွားပြီး ကျောင်းတစ်ခုလုံး ရယ်သံတွေ ဖုံလွှမ်းသွားလေတော့သည်။

"ကိုင်း ဒီတစ်ခါ မောင်ပဥ္စင်းတွေ အလှည့်။ ငါရှေ့က တစ်ကြောင်း ဆိုမြမယ်။ မောင်ပဥ္စင်းတစ်ပါးက မန်ကျည်းရွက်များ သင်ချလိုက်သလို အသံကို ညီနေအောင် ကွက်တိ ထပ်ပြရမယ်။ ကဲ မျှော်လာပြီ ။ စပါး စကုဖျပ်"

သည်သို့ အစပျိုးလိုက်ချိန်ဝယ် အပါးရှိ ပဥ္စင်းပျိုတစ်ပါးက

"မယား တစ်ခုလပ်"

ဟူ၍ နဘေထပ်လိုက်သည်။ ဘုန်းကြီးလည်း ပြုံးလျက် ခေါင်း တညိတ်ညိတ်နှင့်။

"ကဲ ဟို ပဥ္စင်း နဘေထပ်စမ်း"

"ကုလား အမှုပတ် ပါ ဘုရား"

"အပေါ့ ပေါ့ပေါ့ အဲသလို ချွန်ချွန် ခေါင်းခေါင်း ပြေးနေမှ ကြိုက်တာပေါ့ ။ ကိုင်း

www.burmeseclassic.com



့ကိုင်း အားလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ လုပ်စရာကိုင်
စရာရှိတာတွေ လုပ်ကြ၊ သွားလုပ်ကြ ့။ အဲ
့ဟိုကောင် ကျောင်းသားသန်းခင် ့၊ ခဏနေ
ငါ့ဆီကို ရေနွေးကြမ်းလာကပ်ချေ"

"တင်ပါ့ ့ဘုရား ့"

ဘုန်းကြီး ဦးဝိသုဒ္ဓိလည်း မိန့်မှာစရာတွေ မိန့်မှာပြီး ကျက်သရေ ခန်းအတွင်းသို့ ဝင်သွားလေသည်။

သန်းခင်လည်း ဘုန်းကြီးမိန့်သည့်အတိုင်း ရေနွေးကြမ်း ကပ်ရန်အတွက် မီးဖိုခန်းဝင်ကာ အကြမ်းအိုးအတွင်းသို့ ရေနွေး ကြမ်းထည့်ပြီး လက်ဖက်ခြောက် အနေတော် ခပ်လိုက်သည်။ ပြီးတော့ ဆေးကြောသုတ်သင်ပြီးသည့် လင်ပန်းအတွင်း အကြမ်း ပန်းကန်လုံးများနှင့်အတူ ထည့်ကာ လင်ပန်းကို မ,ယူထွက်လာ ခဲ့သည်။

ဤ၌ ကျောင်းကို ခင်းထားသော ပျဉ်တစ်ချပ်သည် တောသစ်အမျိုးအစားတွင်ပါဝင်၍ ပိုးစားသဖြင့် အတွင်းလှိုက် ကာ ဆွေးမြည့်နေသည်။

ဒါကို သန်းခင် ့မသိ။

ထိုသို့ မသိသဖြင့် ကံအားမလျော်စွာ ထိုကြမ်းခင်းကို နင်းမိလေရာ ဂွမ်းခနဲဆိုသလို ကြမ်းကျွံပြီး မှောက်ရက်လဲ၍ လက်ထဲသယ်လာသော ရေနွေးပန်းကြီး တစ်ခုလုံးမှာ မှောက်ကျ သွား၏။ ပန်းကန်လုံးတစ်လုံး ကွဲသွားသည့် အဖြစ်အပျက်ကြောင့် နံဘေးမှ ကိုရင်များနှင့် ကျောင်းသားအပေါင်းမှာ သန်းခင် အဖြစ်ကိုကြည့်ရင်း ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ။ ပါးစပ်

www.burmeseclassic.com

www.burmeseclassic.com



အပေါင်းသား ဖြစ်နေကြလေ၏။ ထိုအခိုက် ဘုန်းတော်ကြီး ဦးဝိသုဒ္ဓိ၏ အသံထွက်ပေါ်လာလေသည်။

"ဟဲ့ကောင် ... သန်းခင် ... လာခဲ့စမ်း ... ယာ
ခဲ့စမ်း ..."

ဘုန်းတော်ကြီး၏ မာမာပြတ်ပြတ်အသံကြောင့် သန်းခင် ကျောစိမ့်သွားသလို ကျန်ကိုရင်တွေ ကျောင်းသားတွေမှာလည်း စိုးတထိတ်ထိတ်နှင့်။

"သန်းခင်တို့တော့ ... ဘုန်းကြီးရဲ့ ထားဝယ်ကြိမ်
နဲ့ ကျောပြင်ကို ဈေးတင်နက်တာ ခံရတော့မယ်ဟေ့"

"သနားစရာပါပဲကွာ ... သန်းခင်တော့ ဒုက္ခပဲ"

တစ်ယောက်တစ်ပေါက် ပြောကြရင်းမှ သန်းခင်သွားရာ နောက်သို့ မသိမသာ လိုက်လံ ချောင်းမြောင်းကြလေသည်။ သန်းခင်တစ်ယောက် ဘုန်းတော်ကြီးထံမှောက် ရောက်လေသော် မျက်နှာတော်ကို မကြည့်ရဲသဖြင့် ခေါင်းကိုငုံ့ကာ လက်အုပ်ချီ ထားလေ၏။ ထိုခဏ ဘုန်းတော်ကြီးထံမှ အောင်မြင်စူးရှလှသည့် အသံကြီး ထွက်ပေါ်လာလေသည်။

"သန်းခင် ...
ကြမ်းပြင်ကျုံ ချော်လို့မှောက်"

သည်ကာတည်းက ဘုန်းတော်ကြီး၏ အဓ ာကို သိလိုက် ရပြီမို့ သန်းခင်လည်း ကြောက်ကြောက်ရွံ့ရွံ့ဖြင့် ...

"ကြမ်းပြင်ကို မြန်မြန်လဲပါမှ
မလဲလျှင် နောက်ထပ်ကြမ်း
ရှမ်းခနဲပေါက် ..."

www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ တုံ့ပြန်လိုက်လေရာ ဘုန်းတော်ကြီးလည်း ပြုံးပြုံး ရယ်ရယ်ဖြင့်ပင် –

"အေး – အဲသလို သွက်နေမှာပေါ့ကွာ – ကိုင်း ကိုင်း ကြွမ်းပြင်လဲဖို့ ကပ္ပိယကြီးကို သွားပြော ချေ –"

သည်တော့မှပင် သန်းခင်နှင့်တကွ ကိုရင်တွေ ကျောင်းသားတွေမျာ သက်ပြင်းကိုယ်စီ ချနိုင်ကြလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

တော်လေးကျောင်းဝင်းအတွင်း ခွေးဟောင်သံတွေက တဝုတ်ဝုတ်ဆိုသလို ထွက်ပေါ်လာခဲ့သည်။

သည့်အတွက် သန်းခင်တို့ ကျောင်းသားတစ်စုနှင့် ကိုရင်တွေတစ်စု အသင်းခွဲ၍ ဘောလုံးကန်နေကြရာမှ ခွေးဟောင်သံကြားရာဘက်ကို လှည့်ကြည့်လိုက်ကြသည်။

"ဟာ ... ဂျမ်းတောမပါလား။ သက်ထဲမှာလည်း ချိန်ကြိုးဆွဲလို့"

"ကျောင်းကို ဆွမ်းလာပို့တာဖြစ်မယ် ... သွား ... သွား ... ခွေးကို မောင်းပေးလိုက်ကြပါ ..."

"ခါတိုင်း ... မဟောင်ပါဘူးကွာ ... ဒီကနေ့ကျကာမှ ထူးထူးခြားခြားကို ဝိုင်းဟောင်နေကြတာ"

"ဟောင်မှာပေါ့ကွ ...။ ဂျမ်းတောမ ဝတ်ထားတာ ဘိုင်စကုတ် မင်းသမီးကျနေတာပဲ။ ဝတ်

www.burmeseclassic.com

www.burmeseclassic.com



ထားစားထားတာကလည်း ကြောင်ကြောင်ကျားကျား
နဲ့။ ဝို့ကျောင်းကခွေးတွေ မျက်စိနောက်မယ်ဆိုရင်
လည်း နောက်ချင်စရာပဲဟာ ..''

ပြောလည်း ပြောချင်စရာ ..။

ဂျမ်းတောမတစ်ယောက် သည့်တစ်နှစ် ရှာဘုရားပွဲမှာ ဗလာပြသည့် ဘိုင်စကုတ်များကို ကြည့်ရှုခဲ့ပြီးသကာလ မင်းသမီးများ၏ အလှအပ အပြင်အဆင်ကို အားကျကာ အစွမ်းကုန် ဝတ်စားခြယ်သတတ်လာခဲ့သည်။

ရည်းစားကလည်း များသလား မမေးနှင့်။

ဝက်ကုန်သည် ဦးဖက်တီး၏သား မှန်ကြောင်နှင့်လည်း ဘာလိုလို။

ငါးစိမ်းသည် မဆွဲမိ၏သား ကျွဲသိုးနှင့်လည်း မလွတ်မကင်း။

စပါးပွဲစား မောင်မောင်စိန်လင်းနှင့်လည်း သတင်းကသိုးသိုး သန့်သန့်။

သူကြီးသား ချက်စုနှင့်လည်း တူတူရေ .ဝါးခဲ့ဖူးသတဲ့။

ဘယ်သူတွေ .ဘယ်ဝါတွေ ဘယ်လိုပဲ အတင်းချချ ဂျမ်းတောမကတော့ မဖြုံရေးချ မဖြုံ။

''ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်
တဲ့။ ငါထားခဲ့တဲ့ ရည်းစားဆိုတာ တစ်ထောင်မပြောနဲ့
.တစ်ရာတောင် မပြည့်သေးဘူး။ ရည်းစားထား
တယ်ဆိုတာ တကယ့်ကို ပျော်စရာကြီး။ ထားပြီးသမျှ

www.burmeseclassic.com



ရည်းစားမှန်သမျှကို ငါက အတည်ကြံတာမဟုတ်ဘူး။
ပျော်ချင်လို့ကို အပျော်ကြံခဲ့တာချည်းပဲ..."

ဂျမ်းတောမ၏ အယူအဆက ထိုသို့သာတည်း။

သူမ ခံယူထားသော အယူအဆနှင့် လိုက်လျောညီထွေစွာ သူမအပေါ် အာရုံတွေ တိမ်းညွတ်ကျလာစေဖို့အတွက် ငွေစကြေးများများရှင်လာလျှင် မြို့တက်ပြီး ဘိုင်စကုတ်ကြည့်သည်။ ဘိုင်စကုတ်မင်းသမီးတွေကို အတုယူလျက် ကြော့မော့စွာ ဝတ်စားဆင်ယင်နိုင်ဖို့အတွက် အဝတ်အထည် အဆန်းအပြားတွေဝယ်သည်။ အလှပြင်ပစ္စည်းတွေ ဝယ်သည်။ ဆင်ယင် ခြယ်သသည်။

တောသဘာဝဆိုသည်က မြို့သဘာဝလိုမဟုတ်။

သည်တော့လည်း သည်ရပ်သည်ရွာမှာတော့ ဂျမ်းတောမ၏ အသွင်အပြင်က အခြားခြားသော လုံမပျိုတို့နှင့် မတူဘဲ ဝင်းခနဲပြက်ခနဲ ထိုးထွက်၍နေတော့သည်။

တော်လေးဝကျောင်းရှိ ပဉ္စင်းပျိုတွေဆိုလျှင် ဂျမ်းတောမများ ကျောင်းသို့ရောက်လာလျှင် စာကျက်ကြွေတွေ ဖျက်ယွင်းကုန်တော့သည်။ ပင့်သက်ကြီးတွေရှိုက်၍ ဝံတွေးတွေကို အတွင်းမျိုလို့မျို၍ လည်ချောင်းကြီးတွေ ထောင်လိုထောင်နှင့်။ ဤမျှအထိ ဂျမ်းတောမက စွမ်းနိုင်လွန်းလှသည်။ ကဗျာဉာဏ်ကြွယ်လှသော ပဉ္စင်းပျိုတွေအနေဖြင့် ဂျမ်းတောမအတွက် ရည်ရွယ်လျက် ကဗျာစပ်သူ စပ်ကြသည်။ နဘေထပ်သူ ထပ်ကြသည်။

"ဂျမ်းတောမ
အရှမ်းချောလှ
လွမ်းမောရပြီ ကိုယ်တော့်မှာ" ..ဟု၊

www.burmeseclassic.com

www.burmeseclassic.com



"ဂျမ်းတောမလေး ဆံပင်အမောက်
ထင်သားလုံးဝန်းကောက်၊
ရင်ကမောက်လို့ ဆူဝေဖြိုး
ကိုယ်တော်သွေးတွေ တိုးတယ်လေး" ..တို့၊

"ဂျမ်းတောမဟာ ကြွက်ကင်ဆို
ဤကိုယ်တော် ထန်းရည်ခါး။
ထိုနှစ်တွေ အလွန်လိုက်တယ်
မော့ကျိုက်လို့ ဝါး ..."
တို့စသဖြင့် ကမျောင်ကမျက်တွေ ထွက်ထွက်လာခဲ့သည်။

ဂျမ်းတောမလည်း အိမ်က စေညွှန်လိုက်သည့်အတိုင်း ကျောင်းသို့ ဆွမ်းချိုင့်လာပို့ပြီးလေသည့်သမယ၊ အိမ်သို့ပြန်ရန် ဆွမ်းချိုင့်အလွတ်ကို ဆွဲကာ ဆင်းလာခဲ့သည်။ ဂျမ်းတောမ ကျောင်းသို့ ဆွမ်းချိုင့်လာပို့ပြီဆို ပဋ္ဌင်းပျိုကိုယ်တော်ဟို့မှာ သွက် သက်မြန်ဆန်စွာဖြင့် ဆွမ်းချိုင့်ကိုယူပြီး ပန်းကန်ခွက်ယောက် တွေထဲ ထည့်သော ကိုယ်တော်ကထည့်သည်။ "ရေနွေးကြမ်း သောက် ..ထန်းလျက်ကလေးစားပါဦးလား။ လက်ဖက်ကလေး စားသွားပါဦးလား"ဟု ပဋိသန္ထာရဆိုသည့် ကိုယ်တော်ကရှိ သည်။ "ငှက်ပျောသီးမှည့်တွေရှိတယ် .. အလုံးတွေက ဖွံ့းမှ သွား ..ယူသွားပါလား ဒကာမလေးရဲ့ .."ဟု ဖားသော ကိုယ်တော်ကဖားသည်။

ကိုယ်တော်တွေ လှုပ်လှုပ်ရှားရှားဖြစ်လေ ..ဂျမ်း

www.burmeseclassic.com

www.burmeseclassic.com



တောမကြ ဖြိုးတီတီ လုပ်လေလေ။

"တပည့်တော်မ ပြန်တော့မယ်ဘုရား"

"အစောကြီးရှိသေးတာ နေပါဦးလား ဒကာမ လေးရယ်"

"မြို့တက်စရာ ရှိသေးလို့ ဘုရား။ နောက်တစ်ပတ် ဆွမ်းလာပို့တဲ့အခါကျ အကြာကြီးနေမှာပေါ့"

"နေပါဗျာ နေပါ။ ကျုပ်တို့က မျှော်နေမှာ နော်"

ဆရာတော်ကြီး မသိပေလို့။ သိလို့ကဖြင့် လွယ်မည်မဟုတ်။ သို့ဖြင့် အမှန်တကယ်လည်း မြို့တက်စရာရှိနေသည်မို့ ဂျမ်းတောမလည်း ချိုင့်ကိုဆွဲကာ ကျောင်းတော်မှ ဆင်းလာသည်။

မိုးရိုးမဆင်း။ ဆတ်ကော့လတ်ကော့ ဆင်းလေတော့ အုတ်ခဲ အစွန်းတစ်လုံးနှင့် တိုက်မိကာ ဂျမ်းတောမ မှောက်ခုံလဲလေတော့သည်။ ဤတွင် နဂိုကတည်းကမှ မျက်စိနောက်နေသော ကျောင်းခွေးတို့သည် ဂျမ်းတောမအပါး ပြေးလာကြကာ ဝိုင်းအုံကြပြီး ဟောင်လိုဟောင်၊ ဆွဲလိုဆွဲ။ ဂျမ်းတောမကလည်း လူးလဲအထ ခွေးတစ်ကောင်အဆွဲတွင် ထဘီအနားစကိုဆွဲပြီး ခါလိုက်သဖြင့် ထဘီကွဲသွားခဲ့လေသည်။ သန်းခင်တို့ အရောက်မြန်ကာ မောင်းထုတ်နိုင်၍သာ။

သို့မဟုတ်ပါက ဂျမ်းတောမတစ်ယောက် သုနကြွေးဆွဲ ကြား တွေးဖွယ်ရာ ရှိမည်မထင်။ ဂျမ်းတောမလည်း ထဘီအကွဲကို သက်ဖြင့်ဆွဲစေ့ကာ ချိုင့်ဆွဲလျက် ခပ်သုတ်သုတ် ထွက်သွားလေ

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

ဤတွင် ဘုန်းတော်ကြီး ဦးဝိသုဒ္ဓထံမှ အမေးပေါ်ထွက်လာလေသည်။

"ဟော့ ့မောင်းပဍ္ဍင်းတွေ ့ခွေးဟောင်သံတွေ
ဆူနေတာပဲ ဘာဖြစ်တာတဲ့လဲဟော့ ့"

ဘုန်းကြီး၏အလိုကို ဖြေဆိုဖို့ရာ စကားဖြင့်အစား ကဗျာဖြင့် လျှောက်ထားမှ တင့်တယ်တော်မူမည် ဖြစ်သောကြောင့် ကိုယ်တော်တစ်ပါးက ချက်ချင်းဆိုသလို လက်တန်းကဗျာကောက်ရွတ်ကာ တင်လျှောက်လိုက်သည်။

"ကျောင်းခွေးတွေ မျက်စိနောက်အောင်ပ
တင်ကိုကောက် ရင်ကိုချီ ့"

"အလို့ ့တယ်ဟုတ်ပါလားဟော့ ့ဆက်
လျှောက်စမ်း"

ဘုန်းကြီး သဘောကျသွားသည်။ ဤသို့ နောက်တစ်ပါးက ကဗျာကို ဆက်စပ်ဖွဲ့ဆို ရွတ်လိုက်သည်။

"ဆတ်စလွေးစိန်ရယ်မို့
သင်းထဘီ အနားစကိုဖြင့်
မြန်းခနဲ ကွဲအောင်ပ
ခွေးက ဆွဲပြီ ့"

"ဟော့ ့ကောင်းလိုက်တဲ့ အဖွဲ့ပဲကွာ။ အသံက
လည်းသာ၊ ကာရန်ကလည်းမိ။ ကဲ ့ဆက်ပေး
့ခွာထောက်မလွှတ်စေနဲ့ အဝိတ်မှာ ငါဝိုက်မယ်"

ဘုန်းကြီး၏ ရွှင်လန်းလှစွာဖြင့် အားပေးမှုကြောင့်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ကိုယ်တော် တစ်ပါးကလည်း အားကျမခံဆိုသလို သူလည်း ခေသူမဟုတ်ကြောင်း သူ့အစွမ်းအစကို ထုတ်ပြလိုက်ချေသည်။

"တစ်ချိန်ထဲမှာတော့
ထဘီပဲ ပြပါသည်
ကံသီလို့ ပေပဲပ ..."

"တော်တယ်ဟေ့ ... သိပ်တော်တယ် ... ငါ့ကျောင်းလာပြီး ခွေးတွေတောင် မျက်စိနောက်အောင် လုပ်သွားတဲ့ ဆတ်စလူးမကိုတော့ ဘယ်လိုမှ ချမ်းသာမပေးနိုင်ဘူး။ နောက်ဆုံးအပိုဒ်ကို ငါကိုယ်တိုင်ပိတ်မယ် ..."

ဟု ပြောဆိုရင်း ...

"ထဘီမို့ တော်သေးသကို
မတော်ဆို ပေါင်ခြံပြလို့
သွေးထွက်ကာ ဟက်တက်ကွဲမှဖြင့်
ကိုယ်ကျိုးနည်းရှ ..."

ကဗျာကို အနားသတ်လိုက်ပါချေ၏။ သည်အပိတ်က အားလုံးထက် သာလည်းသာ၊ ရယ်စရာလည်းကောင်းသည်မို့ ကိုယ်တော်တွေရော ကျောင်းသားတွေပါ တဟားဟား ရယ်မောကြလေတော့သည်။

"ငါ့ကျောင်းက ပုဂ္ဂိုလ်တွေအားလုံး တော်တယ်ကွ။ ဒီတော့ ဆုချရမယ်။ ဒါထက်နေပါဦး ... ခွေးဆွဲခံရလို့ ထဘီပြသွားတဲ့ ဆတ်စလူးမဆိုတာ ဘယ်ကလဲ ..."

www.burmeseclassic.com

www.burmeseclassic.com



"အဲ ့ အဲဒါ ့ကျောင်းကို ဆွမ်းချိုင့်လာပို့တဲ့ ရွာထဲက အရှင်ဘုရားရဲ့ တူမအရင်း 'ဂျမ်းတော-၁'ပေါ့ ဘုရား _"

"ဟေ _"

သည်မျှသာ အာမေဍိတ်တစ်လုံးကို ရွတ်ဆိုပြီး ဘုန်းကြီးလည်း မျက်နှာပြင်တစ်ခုလုံး နီမြန်းသွားကာ ရေချိုးရန်အတွက် ကျောင်းအောက်သို့ ဆင်းသွားပါလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

သုံးကျောင်းပြောင်းသော အရှင် ။
သုံးလင်ပြောင်းသော မိန်းမ ။
ညွှတ်ကွင်းမှ သုံးကြိမ်လွတ်ခဲ့ပြီးသော ငှက်တို့သည် မာယာများစွာ ကြွယ်ဝကြကုန်၏။

ဤကား လောကနီတိလာ စာပိုဒ်တစ်ပိုဒ် ဖြစ်ချေ၏။ သည်စာအတိုင်းဆိုလျှင် တောထွက်ကိုယ်တော်ကြီး ဦးစာရအဖို့ ငှင်းတို့ကျောင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသည့် ပဉ္စင်းပျို ရှင်ဉာဏအား သတိထား စောင့်ကြည့်ရမလို ဖြစ်နေလေ၏။

တောထွက် ကိုယ်တော်ကြီး ဦးစာရသည် အသက်ကြီးမှ ဘုန်းကြီးဝတ်ခဲ့ခြင်းဖြစ်သည်။ လူ့ဘဝတုန်းဆီကဆိုလျှင် ဘကယ် တို့ ပေပေတေတေ။

www.burmeseclassic.com

www.burmeseclassic.com



သူ့ဇာတိရပ်ရွာမှ ပွဲလမ်းသဘင်လုပ်နေစဉ် ရုတ်ရုတ်သဲသဲ ဖြစ်ပါက သူနာမည် ဟစ်ကြွေး၍ "ဟေ့ ... ဘယ်ကောင်တွေ စွာနေတာလဲ။ ငါ့အကြောင်း မသိဘူးလား" ဟု ဟန့်လိုက်ပါက အားလုံးငြိမ်ကျသွား လောက်အောင် မီးသေသူ ဖြစ်၏။

ထိခနဲဆိုလျှင် သူက ဦးအောင် တွယ်လိုက်သည်ချည်း။

သည်လိုအတွယ်ကောင်း၍ ထောင်ထဲသို့ ရောက်ခဲ့ဖူးသည်။ ထောင်ထဲရောက်မှ အကျွတ်တရားတွေ ရလာသလို ဘုရားမှန်း တရားမှန်းလည်း သိလာခဲ့သည်။ ထောင်မှလွတ်တော့ သူ့ရပ် သူ့ရွာမှာ မေ့စကြာဝတ်အသင်းကို ဦးဆောင်ခဲ့သည်။ မင်္ဂလာဘိတ်သိက်မြှောက်သည်။ ဦးရှင်ကြီးတင်သည်။ ဘုရားကိုးဆူဆရာ လုပ်သည်။ နောက်ဆုံး အသက်ကလေးရလာတော့ လူ့ဘဝတွင် မပျော်ပိုက်တော့ဘဲ သက်နုံးစည်းကာ သူ့ရွာကို ကျောခိုင်းလျက် သည်သင်တိုင်းကျေးရွာကျောင်းသို့ ရောက်ရှိလာခဲ့ခြင်းပဲ ဖြစ်တော့သည်။

သည်သင်တိုင်းကျေးရွာတွင် ဘုန်းတော်ကြီးကျောင်းဆို၍ တစ် ကျောင်းသာရှိ၏။ သည်ကျောင်းမှာလည်း ကျောင်းထိုင်ဘုန်းကြီးအိုတစ်ပါး၊ သူတစ်ပါးနှင့် ကပ္ပိယကြီးတစ်ဦးသာရှိ၏။ ခုတော့ ပျင်းမျိုလေး ရှင်ဉာဏ ရောက်လာသဖြင့် သံဃာတော်တစ်ပါး တိုးလာကာ စုစုပေါင်းသုံးပါး ဖြစ်လာခဲ့လေ၏။

"ဗျို့ ... ကပ္ပိယကြီး"

"ဘုရား"

ဆွမ်းချက်ရုံထဲမှာတော့ ကပ္ပိယကြီး ဦးဂေါ်လီသည် ထင်းတိုထင်းစများကို စိ၍နေသည်။ ဦးဂေါ်လီ အလုပ်များနေ

www.burmeseclassic.com

www.burmeseclassic.com



သလောက် အချိန်အားရ၍ လေချရန် တောထွက်ကိုယ်တော်ကြီး ဦးစာရခများ ရောက်ရှိလာခဲ့ခြင်း ဖြစ်သည်။

"သုံးကျောင်းပြောင်းလာတဲ့ ရှင်ဉာဏကို အကဲခတ်ရတာ သိပ်မဆိုးပါလား ကပ္ပိယကြီးရဲ့"

"တင်ပါ့ ဘုရား"

"တစ်မြန်နေ့က ဦးပဉ္စင်း ဖန်းခါးသီးတွေတို့တာ မတာရားများသွားလို့ လေချုပ်လေအောင့် လေထိုးလို့ အခံရခက်နေတုန်း ရှင်ဉာဏဟာ သုတ်ခနဲ သက်နိုး လေးကို ရုံပြီး ရွာထဲက ဈေးဆိုင်ကို ထွက်သွားတယ်"

"ခြေခင်းလက်ခင်း လျှောက်နေမှာပေါ့ ဘုရား"

"ဘယ်ကလာ ဟုတ်ရမှာလဲ။ ကျုပ်အတွက် ဆေးသွားရှာတာဗျ။ သူပြန်လာတော့ လေထိုးလေအောင့် ပျောက်ဆေးတွေပါလာတယ်။ အံ့မယ် ... သူ့ဆေးက အကောင်းသား။ သူတိုက်တဲ့ဆေးကို တစ်ခွက်ပဲ သောက်ရတယ်။ တဘွတ်ဘွတ်နဲ့ လေတွေ ဆက်တိုက်လည်ပြီး အရှင်း ကို သက်သာသွားဗျာ ..."

ပြောပြောဆိုဆိုနှင့်ပင် ကိုယ်တော်ကြီးထံမှ 'ဘွတ်'ခနဲ အသံ ထွက်ပေါ်လာရာ ကပ္ပိယကြီးများ အနီးရှိ ယပ်တောင်ကို ဖျတ်ခနဲ ကိုင်လိုက်ပြီး နှာခေါင်းကို ယပ်ခတ်ကာကွယ်လိုက်ရ သည်။

"ဟဲ ... ဟဲ ... ဟဲ ... လေမသက်ရင် အနေခက်သတဲ့။ လေထိုးရင် အနေဆိုးသတဲ့။ ခုလိုမျိုး လေမှာမှ အနေဟန်ကျတာ ကပ္ပိယကြီးရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ –"

"မနေ့ညကလည်း ဆရာတော်ကြီးကို နင်းနယ်နှိပ်လို့ ဝတ်ဖြည့်ပေးနေတာ အကြာကြီးပဲ။ ဆရာတော်ကြီးပြီးလို့ ကျုပ်ကိုတောင် နင်းနှိပ်ပေးမယ် လုပ်နေသေးရဲ့။ အင်မတန်မှ အလိုက်သိတဲ့ ကိုယ်တော်လေးပဲ –"

"တင်ပါ့ –"

"ပြီးတော့ ညဏ်ကလည်း အရွယ်နဲ့မလိုက်အောင်ထက်တယ် ဆိုရမယ်။ ပရိတ်ကြီး(၁၁)သုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်လိုက်တာများ ချောင်းချောင်းကို ပြေးနေတာပဲ"

"တင်ပါ့ ဘုရား"

"ဒီလောက်တောင် ထက်မြက်ထူးချွန်ပြီး အလိုက်သိတဲ့ ရှင်ညဏ ကိုယ်တော်လေးကို သပြေကုန်းကျောင်းက ဟို ဦးဇင်းသြဘာက ဘာဖြစ်လို့များမောင်းချလိုက်တာပါလိမ့်။ ကျုပ်တော့ တယ်ပြီး အစမကျေချင်ဘူး။

အခွင့်ကြုံလို့ သပြေကုန်းက ဒကာတွေလာမှစုံစမ်းကြည့်ရဦးမယ်။ တမင်သက်သက် သူ့အကျင့်တွေပေါ်မှာစိုးလို့ မောင်းချလိုက်တယ်ဆိုရင်ဖြင့် ကျုပ်က ကြားထဲကနေ ငွေးဖြစ်ချင် ဖြစ်ပလေ့စေ အကြောင်းကို ပြလိုက်ရဦးမယ်"

ပြောရင်းပြောရင်းက ဒေါ်မာန်တွေ ထလာသဖြင့် အေး

www.burmeseclassic.com



အေးလူလူ နေတတ်သော ကပ္ပိယကြီး ဦးဂေါ်လီမျော မျက်လုံး မျက်ဆန်တွေ ပြူးသွားရသည်။ ဘာကြောင့်ဆို ကိုယ်ရုံသက်နီးကို ခွာချ၍ ကြွက်သားတွေကို ညှစ်ပြနေ၍ပဲ ဖြစ်သည်။ အကယ်တော့ ကာယဗလက ကျစ်ကျစ်လုံးလုံးဆို ဟုတ်ပါသေး။ ခုတော့ ခန္ဓာကိုယ်ဖွဲ့စည်းပုံက အသက်အရွယ်ရလာတော့ ပြားပြားကပ် ကပ်။ နံရိုးတွေက အမြှောင်းလိုက်။ လက်မောင်းသားတွေက ပျဉ်းတွဲတွဲနှင့် ပျော့တီးပျော့ဖတ်။

"ကျုပ်က အသက်ကြီးပေမဲ့ မပျက်စီးသေးဘူးဗျ။ မြင်တယ်မဟုတ်လား ... ကပ္ပိယကြီး"

"မြင် ... မြင်ပါတယ် ဘုရား"

ကပ္ပိယကြီးအဖို့ ရယ်ချင်စိတ်ကို မနည်းပင် ဖော့ထား လိုက်ရ၏။ ကိုယ်တော်ကြီးကား ဝါယောဓာတ် ကောင်းနေဆဲ။

"ကျုပ် ... ငယ်ငယ်တုန်းကဆို အင်မတန် ပေခဲ့ တေခဲ့တာကလား။ ကိုယ့်ရပ်ကိုယ့်ရွာတင်မကဘူး ... တခြားရွာကိုတောင်မှ သွားကျယ်ခဲ့တာ။

မှတ်မိသေးတယ်။ ရွှေပန်းတောက ဖဲသမား ညွန့် တင်ရဲ့တပည့် လူမိုက်ကျွဲသိုးကို စိန်ခေါ်ပြီး ရိုက်ခဲ့တာ။ ကျွဲသိုးတစ်ယောက် ကျုပ်လက်ချက်နဲ့ နာလန်ကို မထူတော့ဘူး။ ခုကာလကောင်တွေ ပေတယ်တေ တယ်၊ မိုက်ကန်းတယ်ဆိုတာများ ရယ်ချင်လိုက်တာ ဖတ်ဖတ်မော ရင်ဘတ်နောက်ကကျော အပေါ ပေါ ..."

"ပေါ ... ပေါ ... ဟိုမှာ ကျောင်းပေါက်ကို ညွှေ

www.burmeseclassic.com



သည်တွေ လာနေကြတယ် ကိုယ်တော်ကြီး''

''အို ၊ ဟုတ်ပါရဲ့။ ကိုင်း ၊ နောက်မှပဲ စကား ဆက်တော့မယ်''

ဆည်သည်တွေ ရောက်လာ၍သော ကပ္ပိယကြီးအဖို့ နား ဆင်းရဲမှ လွတ်ကင်းသွားရသည်။ သို့မဟုတ်ပါက ဘယ့် ကလောက်တောင်မှ လေပန်းနေဦးမည် မသိ။

။ ။ ။

သည်ရပ်သည်ရွာဆိုသည့်က ကပ္ပိယကြီး၏ ချက်မြုပ် ဇာတိပေမို့ သည်ရွာဓလေ့စရိုက်ကို နောကျေနေအောင် သိ၏။

ခု ၊ သည်ရွာကျောင်းသို့ ပြောင်းရွှေ့လာသော သုံး ကျောင်းရှင် ကိုယ်တော်လေး၏ ဓလေ့စရိုက်ကိုကော မသိဘဲ ဘယ်နေမှာတဲ့နည်း။ သည် သင်တိုင်းရွာကျောင်းသို့ ရောက်ခါစမို့ ငြိမ်ချက်သားကောင်းနေခြင်းသာ ဖြစ်သည်။ ရှင်ဉာဏ ပဋ္ဌင်း တက်ခဲ့သည်မှာ တစ်ဝါပင်မပြည့်သေး။ ကိုရင်ဘဝ၌ အင်မတန်မှ တာတေလန်အောင် ရှခဲ့သော ကိုယ်တော်ဖြစ်သည်။

ကပ္ပိယကြီးအဖို့ သုံးဆောက်ရန် ဆေးပြင်းလိပ် ကုန်နေ ပြီမို့ ရွာထဲသို့ ဆေးပြင်းလိပ်ထွက်ဝယ်ရန် ဆွမ်းချက်ဆောင်မှ ထွက်လိုက်သည်။

''ကပ္ပိယကြီး ၊ ကပ္ပိယကြီး''

အနောက်ဖက်မှ ခေါ်သံကြောင့် ကပ္ပိယကြီး ခေါင်းငဲ့ ကြည့်လိုက်သည်။ ကိုယ်တော်လေး ရှင်ဉာဏပေပဲ

www.burmeseclassic.com

www.burmeseclassic.com



"ဘာများတုံး ဦးဖင်းလေး။ ဆရာတော်ကြီး လွှတ်လိုက်တာလား"

"မလွှတ်ရပါဘူးဗျာ။ ကပ္ပိယကြီး ရွာထဲသွားမလို့လား"

"ဟုတ်တယ် ၊ သွားမလို့"

"ကျုပ်လည်း ရွာထဲ သွားမလို့ပဲ။ အတူတူသွားရအောင်ဗျာ"

"ဟာ ၊ ဦးဖင်းလေးဘာသာ ဦးဖင်းလေး သွားပါလား။ ကိုရင် ဘဝတုန်းကလို ခြေဆော့လက်ဆော့လုပ်ရင် အခက်ပဲ"

"အဲသည်တုန်းက ကိုရင်ဘဝမို့ပါဗျာ။ ခု ၊ ပဉ္စင်း ဖြစ်နေပြီဗျ။ ဘာမှတ်သတုံး"

"ဦးဖင်းလေးနော် ၊။ ဦးဖင်းကြီးဦးစာရက ဦးဖင်းလေးကို ကြိုတ်ပြီး သဘောကျနေတာ။ ဟိုတုန်းကလို ရွာထဲဝင်ရင် ခဲလုံးတွေနဲ့ ဟိုပစ်ဒီပစ် လုပ်တာတွေ၊ ပိုင်ရှင်လစ်ရင် နွားနို့ဝင်ညှစ်တာတွေ၊ သူတစ်ပါး အိမ်သာတက်နေတုန်း ပုန်းပြီး ခဲနဲ့လှမ်းပေါက်တာတွေ လုပ်တာများ သိသွားရင် အကြည်ညို ပျက်သွားလိမ့်မယ်"

"ကျုပ် သဘောပေါက်ပါတယ် ကပ္ပိယကြီးရယ်။ အဲဒါ ကိုရင်ဘဝမို့ပါ။ ခုဟာက ပဉ္စင်းဗျ ၊ ပဉ္စင်း။ ကိုရင်ဘဝတုန်းက ကပ္ပိယကြီး ပြောသလို ကျုပ် အတော်မွှေခဲ့တာ ဝန်ခံပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် သက်န်းစည်းတဲ့ လက်ပံကျောင်းမှာ ဘာဖြစ်လို့ မမြဲရတာတုံး"

"မမြဲဆို လက်ပံချောင်းဘုန်းကြီးက နေ့ရောညရော နှင်းခိုင်းလွန်းအားကြီးလို့ ဆော့ချိန်မရတာနဲ့ ထွက်ပြေးတာပေါ့ ကပ္ပိယကြီးရဲ့"

"အဲသည်တော့ ဘယ်ကျောင်းကို ရောက်သလဲ"

"ဆိပ်ဖလူးကျောင်းကို ရောက်တယ်လေ။ အဲဒီမှာလည်း မမြဲပါဘူးဗျာ"

"ဘာကြောင့် မမြဲရတာလဲ"

"မမြဲဆို ဆိပ်ဖလူးကျောင်းထိုင်ဘုန်းကြီးက အင်မတန်မှ နမြော်တွန့်တိုတတ်တာကလား။ ရပ်ထဲရွာထဲက ဘာတွေပဲ လာလှူလှူ၊ ကျောင်းက ဘယ်ကိုယ်တော်၊ ဘယ်ကျောင်းသားကိုမှ ခွန့်တယ်မရှိဘူး။ သူ့ကျက်သရေခန်းက ကြောင်အိမ်တွေ၊ ဗီရိုတွေထဲ သော့ခတ်ပြီး သိမ်းထားလိုက်တာပဲ။ အဲ သင်္ကန်းတို့၊ ထီးတို့၊ ဖိနပ်တို့၊ သကြားနို့ဆီတို့ လာကောက်တဲ့ သူတွေရှိရင် ရတဲ့ဈေးနဲ့ ပြန်ရောင်းလိုက်တာပဲ။

ပြီးတော့ ရွာထဲက လူတွေကို အတိုးနဲ့ ငွေချေးသေးတယ်။ အဲဒါကို လူကြားကောင်းအောင် ဗိမာန်တစ်ဆောင်ဆောက်ဖို့ ငွေပွားနေတာလို့ အသံလွှင့်ထားသေးတာ။ ဒီတော့ ကျုပ်က ခပ်လည်လည်ကိုရင်ဆိုတော့ ဘာပြောကောင်းမလဲ။ အဲဒီဘုန်းကြီးတခြားရွာ ဆွမ်းကျွေးပင့်လို့ သွားနေတုန်း သော့ကိုရ

www.burmeseclassic.com



အောင် ဝှက်ယူထားပြီး ကျက်သရေခန်းကိုဖွင့်၊ ကြောင်အိမ်ကိုဖွင့်ပြီး မုန့်ကြွပ်တွေ၊ နို့ဆီတွေ၊ ငါး သေတ္တာတွေကို ကျောင်းမှာရှိတဲ့ ကိုယ်တော်တွေ၊ ကျောင်းသားတွေနဲ့ ဝိုင်းဖြိုလိုက်ကြတာပေါ့။ အဲဒါကို သိသွားလို့ ဘုန်းကြီးက ကျုပ်ကို မောင်းချလိုက်တာ ပဲ''

''အဲဒီကနေ ဘယ်ကျောင်းကို ရောက်သွားသေး လဲ''

''တော်လေးဝကျောင်းကို ရောက်တယ်လေ။ အဲဒီ ကျောင်းက အတော်ပျော်စရာကောင်းတဲ့ ကျောင်းဗျ။ ကျောင်းထိုင်ဘုန်းကြီးရဲ့ တူမလေးက သိပ်ချော ဘာ။ ကျောင်းကို ဆွမ်းအုပ်လာပို့ရင်း ကျုပ်နဲ့ ခင်သွား တယ်။ အဲ တစ်နေ့တော့ ဘုန်းကြီးတူမနဲ့ ဇရပ် ပေါ်မှာ စကားလက်ဆုံကျနေတာကို ဘုန်းကြီးမြင် သွားတော့ သူ့တူမကို ကျောင်းအလာမခံတော့ဘူး''

''မဖြစ်သင့်တာ ဖြစ်မှာစိုးလို့ ကာကွယ်တားဆီး တာ ဖြစ်မှာပေါ့ ကိုယ်တော်''

''လွန်လွန်းပါတယ် ကပ္ပိယကြီးရယ်။ ကျုပ်လည်း ကျုပ်သိက္ခာနဲ့ ကျုပ်ပါ။ အဲဒီဘုန်းကြီးကိုလည်း ရပ်ရွာ က သိပ်မကြည်ညိုပါဘူး။ ဆွမ်းကွမ်းကလည်း ပြည့်စုံ တာ မဟုတ်ဘူး''

''ဘာကြောင့် သိပ်မကြည်ကြတာတဲ့တုံး''

''မကြည်ညိုဆို တရားအလုပ် မလုပ်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ထွက်ရပ်ပေါက် ဖြစ်အောင်ဆိုပြီး ဖိုရှံထဲမှာ အချိန်ကုန် ခံပြီး ဖိုပဲထိုးနေလို့လေ။ စီးသွေးဖိုးရအောင် ကျောင်း မှာရှိတဲ့ ပစ္စည်းတွေ ရောင်းရောင်းထုတ်နေတာ ဘာမှ ကောင်းကောင်းကန်းကန်း မရှိတော့ဘူး"

"ဖြစ်မှ ဖြစ်ရလေ"

"ဒါထက် ကပ္ပိယကြီးကို အကူအညီတောင်းရဦး မယ်"

"ဘာများတုံး ဦးဇင်းလေးရဲ့"

"နောက်နေ့ နက်ဖြန်မှာ တပည့်တော် ဒေးဒရဲမှာ ရှိတဲ့ ဘကြီးဆီ သွားချင်တယ်။ အဲဒါ ဆရာတော်ကြီး ကို လျှောက်ပေးပါဗျာ"

"ရပါတယ် ။ ညဘက် ဘုရားဝတ်ပြုရင်း လျှောက်ပေးမယ်လေ"

"အဲ ့လျှောက်ရင် ကျုပ် လူဝတ်လဲပြီး သွား ချင်တယ် ဆိုတာပါ ထည့်လျှောက်ပေးပါနော်။ ကျုပ် က ရဟန်းဝါတစ်ဝါတောင် ပြည့်သေးတာ မဟုတ် ဘူး။ ဒေးဒရဲမှာ တစ်လလောက်နေပြီးမှ ဒီပြန်လာပြီး ရှာသက်ပြန်အပြီးဝတ်မှာ"

"ဖြော် ့ဒီလိုလား။ ဖြစ်ပါတယ်။ ဆရာတော် ကြီးက ဦးဇင်းကို ခေါ်မေးရင်သာ အကျိုးအကြောင်း ပြေပြေပြစ်ပြစ် ပြောဆိုခွင့်ပန်ပေါ့။ ဒါထက် ကိုယ် တော်ကြီး ဦးစား့သည်း သွေဇာတိ ကွမ်းခြံကုန်းကို မနက်ဖြန် ပြန်ကြွဦးမလို့ဆိုပဲ။ ဦးဇင်းတို့ လမ်းသင့်

www.burmeseclassic.com



တာပဲ အတူသွားကြ ပေါ့။ ဒေးဒရဲဆိုတာ ကွမ်းခြံကုန်း
ကို ကျော်ပြီးမှ သွားရတာပဲ မဟုတ်လား"

"ဟုတ်တာပေါ့။ ဦးဖင်းကြီး ဦးစာရကို ကူဖော်
လောင်ဖက် လုပ်ပေးရတာပေါ့"

သည်လိုနှင့် ညဘက်ရောက်တော့ ကပ္ပိယကြီးလည်း ကျောင်းပေါ်တက်၍ ဘုရားဝတ်ပြုပြီး ဆရာတော်ကြီးကို ရှိခိုးကာ အကျိုးအကြောင်းကို လျှောက်တင်ပေးလိုက်သည်။ သူလျှောက် တင်အပြီး ဦးဖင်းကြီး ဦးစာရကလည်း သူ့ဇာတိရပ်ရွာ ကွမ်းခြံ ကုန်းသို့ ခေတ္တခဏ ပြန်ကြလိုသည့်အကြောင်း လျှောက် တင်သည်။

ဆရာတော်ကြီးကလည်း ရှောရှောရှုရှု ခွင့်ပြုလေတော့ ဘာများ ပြောစရာလိုပါမည်နည်း။

ဂ ဂ ဂ

နောက်တစ်နေ့မှာတော့ ရှင်ညဏမှာ လူဝတ်ကြောင်နှင့် ဖြစ်နေပေပြီ။ ၎င်းအား ဆရာတော်ကြီးမှ သိက္ခာချပေးပြီး လိုအပ် သော ဆိုဆုံးမမှုများကို ပြုပြီးခဲ့ချေပြီ။ ဦးဖင်းကြီး ဦးစာရလည်း အထုပ်တွေ တပြင်ပြင်နှင့်။

အားလုံးအဆင်သင့် ဖြစ်လေသော် ရှင်ညဏတစ်ဖြစ်လဲ မောင်သိုးထိန်းနှင့် ဦးဖင်းကြီး ဦးစာရတို့သည် ဆရာတော်ကြီးအား ဝတ်ချကြလေသည်။

"ပေး ပေး ဦးဖင်းကြီး။ ဦးဖင်းကြီးရဲ့ အထုပ် အပိုးတွေကို တပည့်တော် သယ်ပေးခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"သာရကွယ် ့သာဓု ့သာဓု။ ဒီလို အလိုက် သိတဲ့ ငါ့ကောင် ့နာမည် ဘယ်သူ"

"မောင်သိုးထိန်းပါဘုရား"

"အေး ့မောင်သိုးထိန်းတစ်ယောက် ကျန်းမာ ချမ်းသာ အသက်ရာကျော်ရှည်ပြီး ကိုယ်နဲ့ ကိုယ့်ပတ်ဝန်းကျင်အကျိုးကို ဆထက်ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကွယ်"

"ပေးတဲ့ဆုနဲ့ ပြည့်ပါစေ ဘုရား ့"

"ကိုင်း ့ကပ္ပိယကြီးရေ့ ကျုပ်တို့ သွားတော့မယ်"

"တင်ပါ့ ဘုရား"

ဦးဖင်းကြီး ဦးစာရနှင့် ဦးခေါင်းပြောင် မောင်သိုးထိန်းတို့ ကပ္ပိယကြီး ဦးဂေါလီအား နှုတ်ဆက်လိုက်ကြသည်။

ထို့နောက် အရှင်လူထွက် လူပြိန်တော် မောင်သိုးထိန်းက ဦးဖင်းကြီး၏ အထုပ်အပိုးကို ပခုံးတစ်ဖက်တွင်ထမ်း၊ ကျန်တစ်ဖက်က ဆွဲခြင်းဆွဲလျက် ဦးဖင်းကြီးဦးစာရက ပေါ့ပေါ့ပါးပါး သေတ္တာကလေးကို ဆွဲကာ သင်တိုင်းရွာ ဘုန်းကြီးကျောင်း ပရိဝုဏ်မှ ထွက်ခွာသွားကြလေသည်။

ကပ္ပိယကြီးအဖို့ လေကြောအင်မတန်ရှည်သည့် ဦးဖင်းကြီးဦးစာရ ပြီးတော့ ကိုရင်ဘဝတုန်းက အင်မတန် မလည်သည့် လုပ်တတ်သည့် ရှင်ဉာဏတစ်ဖြစ်လဲ မောင်သိုးထိန်းတို့သည် ကျောင်းမှ ထွက်ခွာသွားကြလေတော့ ရင်ထဲမှာ ပဟာဘာတာနှင့် ပျင်းခြောက်ခြောက်ကြီး ဖြစ်ကျန်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ဖြင့် ..နောက်တစ်နေ့ ကူးခဲ့လေသည်။
အချိန်ကား ညနေ နေဝင်ရီတရော ..။

ကပ္ပိယကြီးလည်း ကျောင်းဝင်းအတွင်း ရေဖျန်းလျက် တံမြက်စည်းလှည်းကာ သန့်ရှင်းရေး လုပ်နေလေသည်။ ထိုခဏ နတ်လမ်းအတွင်း ခြေသံပြင်းပြင်းဖြင့် ဝင်လာသည့် ဦးဖင်းကြီး ဦးစာရကို မမျှော်လင့်ဘဲ မြင်လိုက်ရတော့ ထိတ်ခနဲ ဖြစ်သွားရ လေ၏။ ဘယ်နှယ် ..ဇာတိရပ်ရွာ ကွမ်းခြံကုန်းကို ပြန်ပြီး တစ်လလောက်နေမည်ဆိုပြီးကာမှ မြန်းစားဒိုင်းစားကြီး မနေ့က သွား၊ ဒီနေ့ ပြန်ရောက်လာဆိုတော့ ထူးထူးဆန်းဆန်း ဖြစ်နေခဲ့ သည်။

"ကပ္ပိယကြီး ..ကပ္ပိယကြီး"

"ဘုရား ..ဘယ်လိုကဘယ်လို မြန်းစားဒိုင်းစား ကြီး ပြန်ရောက်လာပါလား။ ဘာပစ္စည်းများ မေ့ကျန် ရစ်ခဲ့လို့ပါလဲ ဘုရား"

"ဘာမှ မမေ့ဘူး။ ကျုပ်သိချင်တာ ဟိုအကောင် သိုးထိန်း ဒီကို ပြန်ရောက်လာလား"

"ဘယ်အကောင် သိုးထိန်းလဲ ဘုရား"

"ဘယ်အကောင် သိုးထိန်းရမှာလဲ၊ ရှင်ဉာဏ ဘုန်းကြီး လူထွက်လေ"

"ဟင့်အင်း ..ရောက်မလာပါဘူး။ သူ ဦးဖင်းကြီး နဲ့ လိုက်သွားတာပဲဟာ။ ကွမ်းခြံကုန်းအရောက် ဦးဖင်း ကြီးကို ပို့ပေးခဲ့ပြီး ဒေးဒရဲကို ဆက်သွားမယ်လို့ ပြောခဲ့ တာပဲဟာ။ သူ့တွေ့ချင်ရင် ဒေးဒရဲလိုက်ပြီး ရှာပေါ့

www.burmeseclassic.com



ဦးဖင်းကြီးရဲ့"

"ဒေးဒရဲဆိုပေမဲ့ သူ့ရွာက ဘယ်ရွာမှန်းမှ မသိတာ။ ရွာလို့ ဘယ်လွယ်မှာတဲ့လဲ။ တောက် . ကတုံးပေါ်ထိပ်ကွက်တဲ့ ခွေးသူခိုး။ မနဦး့ တွေ့လို့ကတော့ ဝါလက်နဲ့ တွေ့သွားမယ်။ သက်န်းဝတ်ထား။ ဝတ်မထား ဂရုမစိုက်တော့ဘူး"

"ဘာ . ဘာများ ဖြစ်လို့လဲ ဦးဖင်းကြီးရဲ့"

"ဒေါ်သထွက်လွန်းလို့ ဘာမှ မပြောချင်ဘူးဗျာ"

ထိုမျှသာ ပြောပြီး ဒေါ်ကြီးမော်ကြီးဖြင့် ကျောင်းပေါ်သို့ တက်သွားတော့သည်။

ကပ္ပိယကြီးအဖို့ ဘာမျှ နားမလည်နိုင်။

ရှင်ဉာဏတစ်ဖြစ်လဲ မောင်သိုးထိန်းအပေါ် တော်လှချည်ရဲ့၊ ကောင်းလှချည်ရဲ့၊ လိမ္မာလှချည်ရယ်နှင့် ပါးစပ်မှ မချတမ်း ချီးမွမ်းခန်း ဖွင့်တော်မူသော ဦးဖင်းကြီးဦးစာရအနေဖြင့် မည်သို့သော အကြောင်းရင်းခံကြောင့် ဤရွေ့ဤမျှ သတ်မည်၊ ဖြတ်မည် တကဲကဲနှင့် ဒေါ်သတွေ အလိပ်လိုက် တက်လာရပါသနည်း။

နောက်တစ်နေ့ရောက်တော့ ဦးဖင်းကြီး ဦးစာရ ကွမ်းခြံကုန်းသို့ ပြန်ကြွသွားသည်။ ဘာဆိုဘာမျှ အကြောင်းရင်း၏ အဖြစ်မှန်ကို မသိရ။ ကပ္ပိယကြီး၏ ရင်တွင်းမှာတော့ တဒုံဒုံနွေးနွေး။

သည်လိုနှင့် တစ်ရက်ပြီး . တစ်ရက်။
တစ်ရက်ပြီး . တစ်ရက်။

www.burmeseclassic.com

www.burmeseclassic.com



သီတင်းတစ်ပတ် လွန်မြောက်အပြီးမှာတော့ လူကြုံတစ်ယောက်ဖြင့် ကပ္ပိယကြီးထံ စာတစ်စောင် ရောက်လာသည်။

ကပ္ပိယကြီးခင်ဗျား –

ကျွန်တော်မောင်သိုးထိန်း ရှိသေစွာဖြင့် သတိတရ စာရေးလိုက်ပါသည်။ အစပထမ ကပ္ပိယကြီးထံသို့ လူကိုယ်တိုင် ရောက်လာခဲ့လျှင် ကောင်းမည်လားဟု စဉ်းစားမိပါသေးသည်။ သို့ရာတွင် ဦးဇင်းကြီးဦးတာရ ရှိနေပါက ကျော်မကောင်း ကြားမကောင်း ဖြစ်မည်စိုးသည့်အတွက် ဆန္ဒကို မျိုသိပ်ပြီး စာဖြင့်သာ အကျိုးအကြောင်း တင်ပြလိုက်ပါသည်။

ကျွန်တော်၏ ဘကြီးမှာ ဒေးဒရဲ တညင်ကုန်းရွာမှ နာမည်ကျော် လက်သမားဆရာကြီး ဖြစ်ပါသည်။ ဘကြီးသင်ပေးသဖြင့် လက်သမားပညာကို ကျွန်တော်တော်တော်တန်တန် တတ်မြောက်နေပြီလည်း ဖြစ်ပါသည်။ ထိုသို့ လက်သမားပညာ အတန်အသင့် တတ်မြောက်နေလေမှ အင်မတန်မှ အခိုင်းထူသော လက်ပံဘုန်းကြီး၏ အဆွယ်ကောင်းမှုကြောင့် ကိုရင်ကြီးဝတ်ခဲ့ခြင်း ဖြစ်ပါသည်။ သုံးကျောင်းတိုက် ပြောင်းရွှေ့အပြီးမှာတော့ ကျွန်တော်၏စရိုက်နှင့် သက်န်းမှာ မကိုက်ညီတော့ပါ။ ဆက်ဝတ်လည်း ငရဲအိုးကြီးပြီး နောင်ဘဝ၌ ငရဲပြည်ရောက်ဖို့သာ ဦးတော့

www.burmeseclassic.com



သည်မို့ လူဝတ်လဲကာ လက်သမားဆရာလုပ်ဖို့ ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပါသည်။

ကုသိုလ်ကံစနီးလာဂ် ဇာတာတက်လေသည် လားတော့ မပြောတတ်ပါ။ ဦးဇင်းကြီး ဦးတာရကို ၄င်းတို့ ကွမ်းခြံကုန်းသို့ ကူညီပို့ဆောင်ပေးရာ ၄င်းတို့အိမ်တွင် ကျွန်တော်နှင့် ရည်းစားဖြစ်ခဲ့ဖူးသော မယ်ခွေနှင့် ဘွားဆုံပါသည်။ မယ်ခွေသည် ဦးဇင်းကြီး၏ သမီးအငယ်ဆုံးလေး ဖြစ်ပါသည်။ ကျွန်တော်တို့ချင်း ပြန်လည်ဆုံစည်းကြပြီဖြစ်သဖြင့် ၄င်းအိမ်၌ တစ်ညအိပ်ပြီး မိုးမလင်းခင်မှာပင် မယ်ခွေကို သုတ်ကာ ဒေးဒရဲ တည်င်ကုန်းသို့ လစ်ထွက်လာခဲ့ကြပါသည်။

ရွာ၌ ကျွန်တော့်ဘကြီးက ကျွန်တော် မိန်းမခိုးလာခဲ့သည်ကို ကြည်ဖြူစွာပင် လက်ခံခဲ့ပြီး နေဖို့၊ စားဖို့ရာသာမက မနိုင်မနင်း ဖြစ်နေသောသူ့ လက်သမားအလုပ်များကိုလည်း ခွဲပေးပါသည်။ သည့်အတွက် အဆင်ပြေပြီဆိုပါတော့။

လူကြုံကောင်းနှင့် နောက်တစ်ခေါက်တွင် ကပ္ပိယကြီးအတွက် အနှိပ်ဘုနှင့် ယောက်မကို လက်ဆောင်ပို့ပေးလိုက်ပါမည်။ ကပ္ပိယကြီးအနေဖြင့် ကျွန်တော်တို့ ရှိသည့်နေရာအား ဦးဇင်းကြီးမသိအောင် နှုတ်ပိတ်ပေးပါ။ ကြီးတော့ ဦးဇင်းကြီး မျှလွန်တော်မူပါက ကျွန်တော်တို့ထံ

www.burmeseclassic.com



အကြောင်းကြားပေးပါရန် လေးစားစွာ ခွင့်ပန် အစ်ပါသည်။

လေးစားရှိသေစွာဖြင့်
ရှင်ဥာဏ(ထ)တစ်ဖြစ်လဲ မောင်သိုးထိန်း

သည်စာကို ဖတ်ပြီးချိန်မှာတော့ ကပ္ပိယကြီးလည်း ဦးဇင်းကြီး ဦးစာရဏ် ဒေါ်ခီးနေသော ကတုံးပေါ်ထိပ်ကွက်ခံရသဖြင့် အခံရခက်နေသော မျက်နှာကြီးကို မြင်ယောင်ကာ စိတ်လွတ်ကိုယ်လွတ် ရယ်မောနေမိပါတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

“သင်တိုင်း”ဆိုသော အမည်ကား ရွာအနေမှသာ တော်ရော့သည်။

“သင်တိုင်း”သည် ရွာမဟုတ်ဘဲ မြို့ကြီးတစ်မြို့သာဆိုလျှင်ဖြင့် ဘယ့်ကလောက်များ နားမျက်စိရှုပ်စရာတွေ လှိုင်ဘော လည့်လိမ့်မည် မသိ။

ဦးပိယ ဆိုသည်က ဇာတိပဝတ္တိအားဖြင့် သင်တိုင်းရွာမှ မဟုတ်။ သူ့ဇာတိက ဖုတ်တူပြီး ဟဝိတွေပေါ်သည်ဆိုသည့် အညာအရပ်ဒေသရှိ ရွာတခ်ရွာက ဆိုလား ။

ကနဦးက သူလည်း ဂါအတော်များများ ရလေပြီဖြစ်သည့် ဘုန်းတော်ကြီးတစ်ပါး ဖြစ်ခဲ့သည်။ ဗေဒင်ပညာ၊ ဆေးဝါးပညာ၊ ပယောဂ ပညာ၊ ဝိယပညာတို့ကို အတော်အတန် ဖေးမိ ခေါက်မိလေ ဘယ်ကဘယ်လို ဖြစ်လေသည်မသိ။ လူထွက်ကာ ငုင်းအရပ်ရှိ တစ်ခုလပ်မလေး မိအကြည်နှင့် အိမ်ထောင်ကျလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဝိယ၏ မျိုးရိုးကား ကျောင်းဆရာမျိုးရိုး။ ဘုန်းကြီးမျိုးရိုး ဖြစ်လေ၏။ သူ့ဆွေမျိုးသားချင်း ရင်းချာတော်တော်များများမှာ ကျောင်းဆရာတွေ ဖြစ်ကြ၏။ ရဟန်းသာမဏေတွေ ဖြစ်ကြ၏။ သူသာ အကြောင်းခံတစ်ခုကြောင့် မမျှော်လင့်ဘဲ လူပြန်တော်ဘဝသို့ ရောက်လာခြင်းပဲ ဖြစ်သည်။

ကံဆိုးသည်ဟူ၍ ဆိုရမည်လား မသိ။

သူ့မိန်းမ အကြည်သည် အိမ်ထောင်သက် တစ်နှစ်မပြည့်ခင်မှာပင် ပဲ့နွတ်သွားရာမှ ဖိုးထိပြီး ဆုံးပါးခဲ့ရသည်။ အချိန်မီသာဆိုလျှင် လင်တော်မောင် ဦးဝိယ တတ်ကျွမ်းသည့် ပညာများစွာအနက်မှ ဆေးဝါးပညာဖြင့် မိန်းမဖြစ်သူကို ကုသပေးနိုင်ပါလိမ့်မည်။ သို့သော် အခြေအနေတွေက ရင်းစားမရအောင် ပြောင်းလဲသွားခဲ့၍ နောက်အကျကြီး ကျသွားပဲ့ပြီဖြစ်ရာ ဘာဆိုဘာမျှ မတတ်နိုင်တော့။ သူ့မှာသာ “ဘုန်းကြီးလူထွက် မုဆိုးဖိုကြီး”ဆိုသည့် ဘွဲ့ထူးသာ အဖတ်တင် ကျန်ရစ်တော့သည်။

သူနှင့် ချစ်မဝ၊ ခင်မဝအကြည်လေးအား မျက်စိထဲ မြင်ယောင်လာတိုင်း တရားသဘောဖြင့် သူ ဆောက်တည်၍ ရှုမှန်း သိလာရသည့်အခါ ဇာတိမြေ ပဝတ္တိကို ကျောခိုင်းလိုက်သည်။ လွယ်အိတ်တစ်လုံး၊ ထန်းခေါက်ဖာတစ်လုံးဖြင့် အောက်မြည်အောက်ရွာဘက်သို့ စုန်ဆင်းခဲ့ချေသည်။ သူတတ်မြောက်သားသေး အတတ်ပညာတွေက လူ့လောကီ၌ လက်တွေ့အသုံးဆိုရလေကား သူ့အတွက်တော့ တစ်ဝမ်းတစ်ခါးကိစ္စသည် ဘာမျှ ပူပင်စရာအကြောင်းမရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ပတ်သက်လာပါက သူ ရောက်ရှိသွားလေရာ နေရာတိုင်းမှာ ပြောစမှတ်တွင်စရာတွေချည်း ဖြစ်ခဲ့သည်။

သူ ဟောသော ဓမ္မဒင်သည် သွေးထွက်အောင် မှန်သည်ဆိုသည့်အကြောင်း။ သူ့ဆေးဝါးကို တိုက်ကျွေး၍ ရောဂါဝေဒနာ အံ့ရှင်းပျောက်သွားသည့်အကြောင်း။ စုန်းတိုက်နတ်တိုက် အပူးအကပ်မှန်သမျှ သူ့နှိမ်နင်းမှုအောက်တွင် ပြာပြာဝပ်သွားရသည့်အကြောင်း။ သူ စီရင်ပေးသည့်အတွက် ဝေါမစွံဖြစ်နေသူ၊ ဘဝ၌ အကျည်းတန်ကာ အထီးကျန်ဖြစ်နေသူတို့ ဒွိယံ ဒွိယံဖြင့် အပေါင်းတွေ အခိုင်ကုန်သည့်အကြောင်း စသည် စသည်တို့ဖြင့် မောင်းနှင်းမကြေညာသော်လည်း ကောင်းသတင်းတွေက ဝေဆာလွှမ်းလှုပါတော့၏။

သည်လိုနှင့် အောက်ပြည်အောက်ရွာ အနယ်နယ်အရပ်ရပ်ကို လှည့်လည်ရင်း သည်သင်တိုင်းရွာကလေးသို့ ရောက်ခဲ့သည်။

"အဲသည်မှာ ဇာတ်လမ်းစတာပဲ"ဆိုသော စကားလိုသူ၏ တည်ငြိမ်နေသော ကန်ရေပြင်သည် ကာလသမီးခေါင်း အပျိုကြီး မသင်းထုံဆိုသည့် ခဲလုံးလေးတစ်လုံး ကျသွားလေသောအခါ သံယောဇဉ်လှိုင်းဂယက်တို့ ဝိုင်းစက်ပြန့်ကားသွားကြကုန်၏။

ကာလသားအပေါင်းကလည်း သဘောတွေ၊ လူကြီးသူမတွေကလည်း စွယ်စုံရဆရာတစ်ဦး တခြားကူးသွားမှာ စိုးရိမ်၍၊ ဦးပီယနှင့် မသင်းထုံတို့မှာလည်း မျက်စိတွေ အကျဉ်း ကျနေရလေကား အချိန်ကာလ မကြာမြင့်မီမှာပင် ပုဆိုးတန်းတင်

www.burmeseclassic.com

www.burmeseclassic.com



အကြင်လင်မယားအဖြစ် မသင်းထုံတို့အိမ်ပေါ်သို့ ဦးဝိယ ရောက်ရှိသွားခဲ့လေတော့သည်။

ထိုမှ အစပြု၍ ဦးဝိယအဖို့ သင်တိုင်းရွာကို အခြေပြုကာ ရွာသူရွာသားတို့၏ ဘဝ အခက်အခဲ၊ ကျန်းမာရေး အခက်အခဲ၊ ပယောဂ အခက်အခဲ၊ အရောင်းအဝယ်အခက်အခဲ၊ အာဝါဟ ဝိဝါဟာ အခက်အခဲတွေကို ဖြေရှင်းပေးရင်း သရာကြီးတစ်ဆူ ဖြစ်နေလေတော့သတည်း။

ဂ ဂ ဂ

လူနာလာပင့်သည့် ဝိတ်စွယ်ကျေးရွာသို့ နေ့လယ်ကတည်းက ရောက်ရှိသွားခဲ့ပြီး လုပ်စရာရှိသည်များ လုပ်ဆောင်ကာ သင်တိုင်းရွာသို့ ပြန်လာခဲ့တော့ ညနေအတော်ပင် စောင်းခဲ့ပေပြီ။

သူ ခြံထဲမဝင်ခင် ခြံစည်းရိုးကို နွယ်တက်နေသည့် ပဲစောင်းခါးပင်မှ အသီးအနေတော်လေးတွေကို ခူးဆွတ်နေသည့် ဇနီးသည် မသင်းထုံက လှမ်းမြင်လျှင် လှမ်းမြင်လိုက်ချင်း အသာ လှမ်းခေါ်လိုက်သည်။

"ကိုဝိ ... ခဏ"

"ဘာများတုံး ... သင်းထုံရဲ့"

"အိမ်ပေါ်မှာ ဧည့်သည်တစ်ယောက် ရောက်နေတယ်။ အညာကတဲ့။ ကိုဝိနဲ့တူလို့ ပြောတာပဲ။ ခေါင်းတုံးပြောင်နဲ့ ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဒါဆို ဘုန်းကြီးလူထွက်လာတာ ဖြစ်မယ်။ ကိုဝိုမှာလည်း တူတွေကများတော့ ဘယ်သူ ဖြစ်မလဲတော့ မသိဘူး။ အိမ်ပေါ်ကျမှ သိရမှာပဲ။ လာကွာ ... အိမ်ပေါ်သွားရအောင်"

"ကိုဝိ သွားနှင့်ချေပါ။ ဟောဒီမှာ အလုပ်တွေ လက်စသတ်လိုက်ဦးမယ်"

ဦးဝိယလည်း ခေါင်းလွှယ်အိတ်ကြီး လွယ်လျက် အိမ်ပေါ် သို့ တက်လာခဲ့သည်။

"ဟော ... ဦးလေးရောက်လာပြီကိုး။ ကျွန်တော် တက်ပုလေ ဦးလေးရဲ့"

"ဟာ ... တက်ပု ... တက်ပု ... မင်းတောင် လူပျိုကြီးဖားဖား ဖြစ်ပြီပဲ။ မင်းအမေ ငါ့အစ်မ သောင်းသောင်းကော ကျန်းမာနေထိုင် ကောင်းရဲ့လား"

"ကောင်းတယ် ဦးလေး ... ကောင်းတယ်။ ကျွန် တော်သာ ဘုန်းကြီးဝတ်ရာက သာသနာတော်မှာ မပျော်ပိုက်လို့ လောကီကြီးပွားရာ ကြီးပွားကြောင်း အတွက် အလုပ်လုပ်ချင်လို့ ထွက်လာတာ"

"မင်းနှယ်ကွာ ...။ ဘုရားရိပ်၊ တရားရိပ် လောက် အေးချမ်းတာ ဘယ်ရှိပါ့မလဲကွာ"

"ဒါဆို ... ဦးလေးလည်း ရဟန်းဝါ အတော်ကြီးရ ပြီးနေမှ ဘာဖြစ်လို့ ထွက်ရတာတဲ့တုံး"

"ဟ ... ဒါက ငါ့အကြောင်းနဲ့ငါပါ တက်ပုရ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ကျွန်တော်လည်း ကျွန်တော့်အကြောင်းနဲ့ ကျွန်တော်ပဲပေါ့"

"အေးပေါ့ကွာ ..အေးပေါ့ .. ဟုတ်တာပေါ့။ လူတွေမှာ အကြောင်းကိုယ်စီ ရှိတတ်ကြတာပဲ။ ငါတို့က ဦးမင်းသားချင်းအားကိုးနဲ့ ဘုန်းကြီးဘဝက လူအဖြစ်ပြန်ထွက် 'တစ်ရွာမပြောင်း သူကောင်းမဖြစ်' ဆိုတဲ့ ထုံးကို နှလုံးမူပြီး အညာဒေသကို ကျောခိုင်းလို့ ဦးလေးဆီ ရောက်လာတာဆိုတော့ ..အေးလေ .. ဥတကာနဲ့ဩသင်္ဟောခိုတဲ့ မင်္ဂလာတရားတော်နဲ့ အညီ ဖေးမကူညီစောင့်ရှောက်ရတာပေါ့ကွယ်။

ကိုင်း ..ကိုင်း ..ကိုယ့်အိမ်လို သဘောထားပြီးတော့သာနေ။ ဒီမှာက တို့များ လင်မယားနှစ်ယောက်ထဲ ရှိကြတာ။ မင်းလိမ္မာရင် လိမ္မာသလို အခွင့်အရေးရတာပေါ့ကွာ"

ထိုစဉ် ဖလုံတစ်ခုထဲ ပဲစောင်းခါးသီးများ ရွှေဆွတ်လာပြီး မီးဖိုခန်းထဲဝင်ရန် မသင်းထုံ တက်လာသည်။

"ဟော့ ..သင်းထုံ ..လာပါဦး ကွယ်။ ဒါ ..ကိုဂီရဲ့ အစ်မက မွေးတဲ့သား။ ကိုပို့တူအရင်းပေါ့။ သာသနာတော်မှာ မပျော်ပိုက်လို့တဲ့ လူထွက်ပြီး ကိုပီ တို့ဆီ ရောက်လာတာ။ နာမည်က 'တက်ပု'တဲ့။ ဟော့ ကောင် တက်ပု ..ဒါ မင်းအဒေါ်နော်"

"ဟုတ်ကဲ့ပါ ဦးလေးရဲ့။ ဦးလေးနဲ့ အဒေါ်တာ ကျွန်တော့် မိရင်း ဖရင်းတွေလိုပါပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးလူထွက် တက်ပု၏ စကားကြောင့် ဦးပီယနှင့် မသင်းထုံတို့ ကျေနပ်သွားကြသည်။

တက်ပုကား အသက်(၂၀)သာသာပင် ရှိလိမ့်မည်။

အသားညိုတိုတို၊ အရပ်ပုပျပ်ပျပ်၊ မျက်ခုံးက နည်းနည်းစပ်ချင်သည်။ ဦးခေါင်းပြောင်ပြောင်နှင့်ဆိုတော့ သူ့အသွင်ကို ကြည့်ရသည်က အတန်ငယ်တော့ ရယ်ချင်စရာ ကောင်းလှသည်။

ဂ ဂ ဂ

ဘာလိုလိုနှင့် တက်ပုတစ်ယောက် သင်တိုင်းရွာသို့ ရောက်လာသည်မှာ တစ်လကိုးသီတင်းလောက် ရှိရော့မည်။

အနေက ရိုးရိုး။ ပြီးတော့လည်း ခပ်နုံနုံ ခပ်အအမို့ ဦးပီယအဖို့ သူ့တူအဖြစ်ကို သိပ်တော့ဘဝင်မကျချင်။ သူတတ်ကျွမ်းထားသည့် ပညာတွေကို သင်ကြားပေးပြန်တော့လည်း ဉာဏ်က ခပ်တုံးတုံးမို့ ဘယ်လိုမှ သင်မရိုးပေါက်လိမ့်မည် မထင်။

"တောက် . . . အဲဒါကြောင့် ရှေးလူကြီးသူမ ပညာရှင်တွေက ဆိုခဲ့ကြတာပေါ့။ ဘာတဲ့ . . . 'ဆုန်းသီးအူထွက်တော့ အဆံချောင်၊ ဘုန်းကြီးလူထွက်တော့ ဉာဏ်ကြောင်'တဲ့ကွ။ မင်းကို ဘယ်လောက်အာပေါက်အောင်သင်သင် ဒုံရင်းက ဒုံရင်းပဲ"

"ပြောတော့ ဦးလေးရာ။ ကျွန်တော့်ဘဝရေးကံသိုလ်က ဆိုးပါတယ်။ သူများအပြောခံ အရှုံးဖြစ်ဖို့ လူလာဖြစ်ရသလား မပြောတတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ..တော်စမ်း။ လူမတန်တိုင်း ကံ ကိုချည်း အပြစ်ပုံမချနဲ့။ ကံဆိုးတာ၊ ကံကောင်းတာ ကို လူကပဲ လုပ်တာ။ လူက အဓိက။ တဖြည်းဖြည်းနဲ့ အသက်က နေမှာမဟုတ်ဘူး။ တစ်စတစ်စ ကြီးလာ ပြီ။ တစ်နေ့မဟုတ် တစ်နေ့ မင်းလည်း ဒီလို နေမှာ မဟုတ်ဘူး။ အိမ်ထောင်ပြုမှာ၊ မိန်းမယူမှာပဲ မဟုတ် လား"

"အဟီး ..ဟုတ် ..ဟုတ်တယ် ဦးလေးရ။ ကျွန်တော်လည်း မရှက်မကြောက်တမ်း ပြောရရင် မိန်းမကို လိုချင်လိုက်တာ တစ်ပိုင်းကို သေနေတာပဲ။ ဘုန်းကြီးဘဝက ထွက်တာလည်း အဲဒီစိတ်ကြောင့် ထွက်လိုက်တာ။ မထွက်ဘဲ ပေဝတ်နေလိုက်ကတော့ နေ့ရှိသရွေ့ ကျွန်တော့်ကို ကျွန်တော် ရေဲပို့လိုက်သလို ဖြစ်တော့မှာပဲ"

"လူထွက်တာလည်း ဟုတ်ပါပြီ။ မိန်းမယူချင်တာ ကလည်း သဘာဝတရားမို့ မဆန်းပါဘူး။ ဒါပေမဲ့ကွာ မိန်းမယူပြီးရင် တစ်အိုး တစ်အိမ် ထူထောင်နိုင်ဖို့ သားမယားကို လုပ်ကျွေးဖို့ ကိုယ်ပိုင်အသက်မွေး မှု အတတ်ပညာ၊ အလုပ်အကိုင်တွေ ရှိဖို့လိုတယ် ..တက်ပု"

"ဟုတ်ပါတယ် ဦးလေးရယ်။ လောလောဆယ် မိန်းမရဖို့ပဲ လိုပါတယ်။ အလုပ်အကိုင်ကတော့ နောက်များမှ ရောက်ရာပေါ့။ အချိန်တန်တော့လည်း

www.burmeseclassic.com

www.burmeseclassic.com



နွားပိန်ကန်ပါလိမ့်မယ်"

"မင်း တော်တော့်ကို အသည်းအသန် ဖြင်နေပါ လား။ ရည်စူးထားတဲ့သူကော ရှိသလား"

"ရှိတာပေါ့ ဦးလေးရာ။ ဒါပေမဲ့ မဖွဲ့သေးတာက ခက်တယ်။ ကာလသား အပေါင်းအသင်းတွေက လည်း ကျွန်တော့်ကို ဂေါ်မဖွဲ့ဘဝက ကျွတ်ရလေ အောင် အကြံကောင်း၊ ဉာဏ်ကောင်းတွေ ပေးကြပါ တယ်။ မင်းဟာက နီးလျက်နဲ့ ဝေးနေတာတဲ့။ မင်းဦးလေး ဆရာဦးပီယဟာ ပီယအဆောင်လက်ဖွဲ့ တွေ စီရင်ပေးတဲ့နေရာမှာ သိပ်စွမ်းတဲ့ ပုဂ္ဂိုလ်တဲ့။ အဲဒါ အကျိုးအကြောင်းပြောပြပြီး အကူအညီတောင်း ရင်တော့ တစ်နယ်တစ်ကျေးကရောက်လာတဲ့ ကိုယ့် တူကလေးကို သနားကရုဏာစိတ်တွေထားပြီး ကူညီ ပေးမှာပေါ့တဲ့ ..ဗျ။

ဦးလေးရယ် ..။ ကျွန်တော့်ရဲ့ဆန္ဒကို အထ မြောက်အောင် ကူညီပါ။ နော် ..နော် ..နော်"

တက်ပုက လူမမာ အမဲခြောက်ဖုတ် တောင်းသလိုမျိုး နားကြားပြင်းကတ်လောက်အောင် တစာစာ တောင်းခံနေသည်။ လောလောလတ်လတ် ဆန်ကုန်မြေလေးဖြစ်နေသော 'လူပြန် တော် တူတော်မောင် အကောင်းစားလေးအတွက် ဦးလေးဖြစ်သူ ခများ သနားကရုဏာပဲ သက်ရလေမည်လား။ 'ကိုင်း ..လာ လေရှော့'ဆိုပြီး ဖနောင့်ဖြင့် ပေါက်ရမလေမည်လား။ မဝေခွဲနိုင် ရကား 'ကြော် ..ငါ့အစ်မ သောင်းဝေသောင်း၏ သားလေးပဲ

www.burmeseclassic.com

www.burmeseclassic.com



ဝါတူလေးပဲ' ဆိုသည့်အသံက မမျှော်လင့်ဘဲ အလေးတင်းခဲ့ရာမှ သနားကရုဏာဘက်သို့ အလေးသာသွားရတော့သည်။

"နေစမ်းပါဦး ..။ မင်းကြိုက်နေတဲ့ ကောင်မလေးက ဘယ်သူများပါလိမ့်"

"သင်တိုင်းရွာ ဘုန်းတော်ကြီးရဲ့တူမ 'ဂျမ်းတောမ' ကိုပါ ဘုရား။ အဲ ..ဟုတ်ပေါင် ..ဦးလေး"

ထိုအခိုက် စကားပိုင်းထဲသို့ မသင်းထုံ ဝင်ရောက်လာသည်။ သူမသည်လည်း လင်ယောက်ျားနှင့် ပတ်သက်လာပါက တက်ပုသည့် သူမဒေါ်တူ ဖြစ်နေသည် မဟုတ်ပါလား။

"ကြိုက်စရာရှားလို့ တက်ပုရယ်။ ရပ်ကျော်ရွာကျော် 'ဂျမ်းတောမ'ကိုမှ ကြိုက်ရတယ်လို့။ အားလုံးက ဘုန်းကြီးရဲ့ အရှိန်အဝါကို လန့်နေကြလို့သာ။ တောတောကလေးနိုက်ပြီး တိတ်တိတ်ကလေး နေနေကြတာ။

အင်း ..ငါတို့ ကြားခဲ့ရတာ ပြောရရင်တော့ ရှည်းစားသနာ တယ်များတယ်ဆိုပဲ။ ဝက်ကုန်သည် ဦးဖက်တီးရဲ့သား မှန်ကြောင်ဆိုတဲ့ ကဖော်သမားနဲ့လည်း ဘာလိုလို ငါးစိမ်းသည်မ ဆွဲမိရဲ့သား ကျွဲသိုးနဲ့လည်း မလွတ်မကင်း။ စပါးပွဲစား မောင်မောင်စိန်လင်းဆိုတာနဲ့လည်း သတင်းက သိုးသိုးသန့်သန့်။ သူကြီးသားချက်ရှုနဲ့တည်း 'တူတူရေ့ဝါး' ခဲ့သေးဆိုပဲ။ ငါက ကာလသားခေါင်း လုပ်ခဲ့လို့ သိရတာ တက်ပုရဲ့"

www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ အခေါ်တို့ရယ်။ မစင်ရှိရင် ယင်က အုံစမြဲဗျ။ ခုလိုမျိုး ဂျမ်းတောမကို ယင်အုံတယ်ဆို တော့ ..အာ ..ကျွန်တော့်ဥပမာက ဂျမ်းတောမ ကို လှုဝင်စစ်က မစင်ပုံ ဖြစ်သွားတာပဲ။ ဘွာ..ဘွာ ..ဘွာ။ ဒါကတော့ စကားပုံရှိတယ် မဟုတ်လား။ 'ရည်းစားတစ်ထောင် လင်ကောင်တစ်ယောက်'တဲ့။ သူ ဘယ်လောက်ပဲ ရည်းစားတွေများများ တစ်နေ့ တော့ သူ့မှာ ယောဒီက တက်ပုဆိုတဲ့ လင်တစ် ယောက်ပဲ ဖြစ်သွားမှာပါဗျာ"

"အေး ..ဒါတို့က နင့်ကို လင်ကောင်ဖော်သွား မှာစိုးလို့ ပြောနေတာ တက်ပုရဲ့"

"အဟီး ..ကျွန်တော်ကလည်း အဲသည် လောက် မနုံသေး မအ,သေးပါဘူးဗျာ။ ဒါထက် ..ဟိုကောင် တောင်ကြီးတို့အုပ်စုက ပြောကြတယ် ဦး လေးရဲ့"

"ဘာများလဲကွ ..."

"ကိုယ့်နှစ်သက်နေတဲ့ မိန်းကလေးနဲ့ နီးစပ်အောင် လို့ မိန်းကလေး ပိုင်ဆိုင်တဲ့ ပစ္စည်းတစ်ခုခုကို သူမသိ အောင် နိုးယူပြီး ပီယဆေးဖော်လို့ ရတယ်ဆို"

"အေး ..ဟုတ်တယ်"

လေကြောတွေကရှည်၊ နားကြားပြင်းကာလည်းကတ်နေ ပြီမို့ ဒိန်းဒလိန်းနတ် ဖမ်းစားခြင်းခံရသော တူတော်မောင်တက်ပု အတွက် ဦး ပြီးရော သဘောထားကာ စကားပြတ်လိုက်ရသည်။

www.burmeseclassic.com



ကိုယ့်တူက ဘာမျှ အဖြစ်ရှိ သည်မဟုတ်။ ပေါ်ကြောင်ကြောင်၊ အ,တတ။ ကာလသားအပေါင်းအသင်းတွေ မြှောက်ပေးတိုင်း အဟောင်ထုတ် အဟုတ်ထင်နေသည်။

"ဒါဆို့ ကျွန်တော် ကြိုးစားမယ် ဦးလေး။ ကျွန်တော် ကြိုးစား သလိုဖြစ်လာရင်သာ ဦးလေးအနေနဲ့ အောင်မြင်အောင် ဆောင်ရွက်ပေးပါ"

သည်သို့ သူလိုရာချည်း ပြောဆိုသွားပြီးသည့်နောက် တက်ပုလည်း သူ့အဖော် ကာလသားတွေနှင့် လတ်လျားလတ်လျားလုပ်ရန် ဝေါက်ခနဲ အိမ်ပေါ်မှ ဆင်းသွားပါလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

မသင်းထုံတစ်ယောက် တစ်ဖက်ရွာရှိ ခွမ်းကျေးအလှူသို့ သွားနေလေသည့်အတွက် အိမ်မှာ ဦးပီယတစ်ယောက်တည်း သာ။

သို့ဆိုလျှင် ဘုရားတော်မောင် လျှပြန်တော် တက်ပုဏ္ဏမကောဘယ်များ သဝေထိုးနေပါဘိသနည်း။ ထုံးစံအတိုင်း ဆိုသလိုပင် သူ၏ ကာမရောဂါ၊ ကိုယ်တွင်းနာအတွက် သူ့အပေါင်းအသင်းတွေနှင့် ကြဆနေလိမ့်မည်ပဲ ဖြစ်သည်။ အိမ်မှာ တစ်ယောက်တည်း ရှိသည့်အချိန် ဆေးဥ၊ ဆေးမြစ်၊ ဆေးရွက်တွေလည်း ရှိနေသည်မို့ ဆေးတစ်ဖုံဖော်စပ်ရန်အတွက် ဆေးဥအခြောက်တွေကို သံဆုံတွင်းထည့်ကာ ထောင်းနေလေသည်။

သည်ခဏ အရှုလျားဖားလျားဆိုသလို တက်မှုတစ်ယောက် မှိုကျင်းတွေ့လာသောသူနှင့်မခြား အားပါးတရ အိမ်ပေါ်သို့ ပြေးတက်လာရာ အိမ်ကလေးပင် သိမ့်ခနဲ ဖြစ်သွားရချေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် .တက်ပု၊ ဘာဖြစ်လာတာလဲ။ ပုံကိုက ဆွမ်းခံရင်း ခွေးလိုက်လို့ ကမန်းကတန်း ပြေးလာရပုံပဲ"

တက်ပုက လက်ထဲမှ အထုပ်တစ်ခုကို ဘုတ်ခနဲ စားပွဲပေါ် ပစ်တင်ကာ ဟောဟဲလိုက်နေသည်ကို အနည်းငယ် သက်သာအောင် မှိန်းနေလိုက်သည်။ ပြီးတော့မှ .

"သိပ် .သိပ် .သိပ်ကို ပျော်လွန်းလွန်းလို့ပါ ဦးလေးရာ။ ကျွန်တော် .ကျွန်တော် ကြံစည်ထားတာ အောင်မြင်ပြီ ဦးလေးရ"

"ဟာ .ဘာများအောင်မြင်လာတာတဲ့တုံး။ ပြောစမ်းပါဦး တက်ပု"

"ကျွန် .ကျွန်တော် .ဂျမ်းတောမနဲ့ စကားတွေ ပြောခဲ့ရလို့ ဦးလေးရ"

"ဟ .ဒါ ဘာများဆန်းလို့လဲ တက်ပုရာ။ သူက အိမ်တွင်းပုန်းမှ မဟုတ်တာဘဲ။ သူ အပြင်ထွက်ရင် ဘယ်သူမဆို တွေ့နိုင်နေတဲ့ဟာ"

"ဟာ .ကျွန်တော်တွေ့တာက ဦးလေးတို့ တွေ့သလိုမျိုး တွေ့တာ မဟုတ်ဘူးဗျ။ လူမမြင် သူမမြင် တွေ့ခဲ့ရပြီး ကျွန်တော် ကြံစည်ထားတာကိုတောင် အကောင်အထည် ဖော်နိုင်ခဲ့တာဗျ"

တက်ပု၏ အသွင်က တိုက်ပွဲတစ်ရာ အောင်ပွဲတစ်ရာ ဆင်နွှဲလာခဲ့သူနှင့်မခြား။ အောင်ပွဲရ စစ်သူကြီးအသွင်ဖြင့် ဂုဏ်ယူဟက်ကြွနေသည့် ဟန်ပန်က အပြည့်။

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ..ပြည့်ပြည့်စုံစုံ ပြောစမ်းကွာ။ ဒီမှာ မသင်းထုံလည်း ရှိတာမဟုတ်ဘူး။ ခရေစေ့တွင်းကျ နိုက်နိုက်ချွတ်ချွတ် ပြောနိုင်တယ်"

"အဟီး ..ကျွန်တော်ကလည်း ပြောချင်လိုက်တာမှ အာမထိ လျှာမထိပါပဲ ဦးလေးရာ။

ကျွန်တော်လည်း အမှတ်မထင် ဆိုသလို စိတ်ကူးလေးပေါ်လာပြီး ဂျမ်းတောမတို့ ခြံထဲကို ခွတ်ရွတ်ပြီး ဝင်သွားခဲ့တယ်။ ကံကောင်းချင်တော့ သူ့အိမ်မှာ ဘယ်သူမှ မရှိဘူး။ အဒေါ်သွားတဲ့ ရွာကို ခွမ်းကျွေး ဖိတ်လို့ သွားနေကြတယ်။

အဲဒီမှာဗျာ ..။ အိမ်နောက်ဖေး ရေချိုးခန်းထဲမှာ ဂျမ်းတောမ ရေချိုးနေတယ်။ ကျွန်တော် အသာလေး ကပ်သွားပြီး ပေါက်နေတဲ့ သွပ်အပေါက်ကလေးက အသာချောင်းကြည့်လိုက်တော့ ..အဟီး ..ဂလု"

တက်ပုမှာ ပြောနေဆိုနေရင်း တံတွေးကိုပင် မြိန်ရည်ယှက်ရည် မျိုချလိုက်သည်။ နားထောင်နေရသော ဦးလေးတော် ဦးဝီယံပင် ကောင်းခန်းရောက်နေပြီမို့ ဆတ်တငံ့ငံ့ အဖြစ်မခံနိုင်တော့။

"ဟေ့ကောင် ..တက်ပု၊ ပြောမှာ ရှိတာဖြင့် အစအဆုံး တောက်လျှောက်ပြောစမ်း။ ဘာဖြစ်လို့ ရပ်ထားရတာလဲ။ အစ္စခြေသည်းလောက် ရှိတဲ့ ဆံပင်ကိုဆွဲပြီး တံတောင်နဲ့ ကပ္ပိလိုက်ရ ..ဟင်း"

"ပြောမှာပေါ့ ဦးလေးရယ် ..။ ရင်ခုန်တုန်း၊

www.burmeseclassic.com

www.burmeseclassic.com



ဒူးတွေတုန်နေလို့ပါ။ အဲဒါနဲ့ ကျွန်တော် ချောင်းကြည့်တော့ ဦးလေးရယ်။ အားလုံးဟာ အချားနိမ်းခင်ဗျ။ ဆပ်ပြာကို စိမ်ပြေနပြေ တိုက်နေတယ်။ အဲဒီတုန်းမှာ ကျွန်တော့်အာရုံထဲ ပြောင်းဆန်နေတော့တာပဲ ဦးလေးရဲ့။ အဲဒီမှာ သွပ်ပြားကို အမှတ်မထင် လက်သည်းနဲ့ ခြစ်မိတော့ ဂျမ်းတောမက အပါး ခင်ဗျ။ 'ဘယ်သူလဲ ဘာလာလုပ်တာလဲ' လို့ လှမ်းမေးတယ်။ ဒီတော့ ကျွန်တော်က 'ငါ ့ ငါ ့ ဆရာဦးပိယရဲ့တူ တက်ပုပါ။ ရေသံကြားတာနဲ့ ရှူတွေပေလာလို့ ခြေဆေးရအောင် ဝင်လာတာ' လို့ ကြဲဖန်ပြီး ဖြေလိုက်တယ်။ အဲဒီအချိန် ဂျမ်းတောမက 'ဟေ့လူ ့ အညာသား။ ကျုပ် ရေချိုးနေတယ်နော်။ ရေချိုးခန်းတံခါးကို ဟာရုံ ဟထားတာ။ အထဲဝင်လာရင်တော့ ခေါင်းခေါက် ပစ်မှာ။ အိမ်မှာလည်း ဘယ်သူမှ ရှိတာမဟုတ် ဘူး' လို့ ပြောတာနဲ့ ကျွန်တော်လည်း အကွက်ပေါ်ပြီဆို ပြီး''

"'ဟုတ်တာပေါ့ကွာ။ ဒါအကွက်ပေါ့။ အကွက်မှ တကယ့်ကို အကွက်ကောင်း။ ဒီတော့ ့မင်းက"

"ဟာ ့ ကျွန်တော်က ့ လူလည်ပဲဟာ။ သူက အထဲဝင်လာရင် ခေါင်းခေါက်မယ်ဆိုတာနဲ့ ခေါင်း တော့ အခေါက်မခံဘူး။ ရတာသုတ်လာမယ်ဆိုပြီး သူ့ရဲ့ ဘော်လီအကျီကို ဖြောင်လာခဲ့တယ် ဦးလေး"

"ဟ ့ ဒါကြီး ဘာလုပ်ရမှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာလုပ်ရမှာလဲ ဦးလေးရဲ့။ ဦးလေးပဲ ပီယဆေး ဖော်ပေးမယ် ဆို။ မိန်းကလေးဆီက ပစ္စည်းတစ်ခုခု ယူခဲ့ရမယ်ဆို"

သည့်စကားအကြားမှာတော့ ဦးပီယတစ်ယောက် စိတ်ထွက်လာကာ တူသောဘာသော နားမလည်နိုင်တော့ဘဲ

"တောက် ဒီအခြေအနေ ရောက်မှတော့ ပီယဆေး လိုသေးသလားဟဲ့။ မိန်းကလေး ကိုယ်နှိုက်က တံခါးကို ဟာရှုံ့ဟာထားတာ။ အထဲဝင်လာရင် ခေါင်းခေါက်မယ်ဆိုတာ မခံနိုင်ဘူးလား။ မင်းကို ရုံးဂါတ်တိုင်မယ်၊ အော်ဟစ်မယ်လို့ ပြောတာမှ မဟုတ်တာ။ အိမ်မှာ လူမရှိဘူးဆိုတာက လွတ်လွတ်လပ်လပ်လို့ ပြောတာ"

"အော် ဟုတ်လား"

"အဲသလောက် ထုံတဲ့ နုံတဲ့ကောင် ကိုင်းကွာ"

"ဘုန်း"

"အောင်မယ်လေးဗျ"

"အုန်းသီးအခွထွက် အဆန်ချောင်သလို ဘုန်းကြီး လူထွက် ဉာဏ်ကြောင်ဦးကွာ"

"ဘုန်း"

"အမလေး နာတယ် ဦးလေးရ"

"နာရုံမက သေသေကွာ။ ငါ့တူဖြစ်ရဲ့သားနဲ့ ငါ့ကို သွယ်ဝိုက်ပြီး သိက္ခာချတဲ့ကောင် ကိုင်း"

"သေပါပြီဗျာ"

www.burmeseclassic.com

www.burmeseclassic.com



စိတ်ပေါက်ပေါက်ဖြင့် ဆင့်ကာဆင့်ကာ ဖနောင့်ဖြင့် ပေါက်လေသော် မခံမရပ်နိုင်သည့်အဆုံး တက်ပုလည်း ဘော်လီအင်္ကျီကို ကောက်ယူလျက် မာဖလာအသွင် လည်ပင်းပတ်ရင်း အိမ်ပေါ်မှ ဆင်းပြေးသွား ပါလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

သင်တိုင်းရွာ ထန်းတောမှာတော့ ညနေညိုပြီဆိုမှဖြင့် လေပြို့ကြမည့် ကာလသား ကြီးကြီးငယ်ငယ်တို့မှာ စုံစုံလင်လင် ရောက်ရှိနေကြပြီ ဖြစ်သည်။

"ဟော ဟိုမှာ ဒီဘက်ကို လူတစ်ယောက် အူယားဖားယားနဲ့ ပြေးလာနေတယ်ဟေ့"

"မှန်း ဘယ်သူများပါလိမ့်။ ဟာ ဘယ်သူများတုံးမှတ်တယ်။ ဆရာ ဦးဝိယကြီးရဲ့တူ လူပြန်တော် တက်ပုပါကလား"

"ဟုတ်ပါရဲ့။ လည်ပင်းမှာလည်း အဝတ်ကြီး ပတ်လို့။ တို့ဆီ ပြေးလာနေတာဟ"

မှန်ပါလေစွ၊ မှန်လေစွတကား။

အညာသား၊ ဘုန်းကြီးလူထွက် လူပြန်တော် တက်ပု သည် အနောက်ဘက်ဆီမှ သရဲသဘက်တွေ လိုက်လာကြသည့် အလား ဖနောင့် နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးလွှား၍ လာနေသည်။ တက်ပုစခိုးတည်ရာကား ထန်းတောသို့ပင်တည်း။

www.burmeseclassic.com

www.burmeseclassic.com



"ဟောဟဲ ... ဟောဟဲ ... ဟော ... ဟော ... ဟဲ"

"ဟော့ကောင် ... တက်ပု၊ ဘာဖြစ်လာတာလဲ"

"ဟော ... ဟဲ ... ဟော ... ပြော ... ပြောပါ့ ... မယ်ဗျာ ... ဟော ... ဟဲ"

"ဟ ... လည်ပင်းမှာ ပတ်ထားတာ ဘာကြီးလဲ"

"အယ် ... မိန်းမဘော်လီကြီးဟ။ ဒီကောင် ဘုန်းကြီးလူထွက် ကြောင်တိကြောင်တောင်နဲ့ သူ့ဦးလေး ဆရာပီယကြီးကတော့ မသင်းထုံဆီက ပီယဆေးဖော်ဖို့ သုတ်လာပြီထင်တယ်။ ဟော့ကောင် ... တက်ပု၊ မလုပ်ကောင်းဘူးနော်။ ကိုယ့်ဦးလေးနဲ့ ပတ်သက်ရင် ကိုယ့်အဒေါ်လို့ပဲ သဘောထား။ ဖြစ်မှားဖို့ လုံးဝစိတ်မကူးနဲ့"

"ဟာ ... ဗျာ။ ခင်ဗျားတို့ ထင်ရာ စွတ်မပြောကြနဲ့။ ခင်ဗျားတို့ ထင်ကြေးတွေ တစ်ခုမှ မဟုတ်ဘူး"

"ဟ ... ဒါဖြင့် ဒီမိန်းမဘော်လီက ဘယ်သူ့ဟာလဲ"

"အဲဒါ ... ကျုပ် ချိတ်တိတ်တိတ်လုပ်နေတဲ့ ဂျမ်းတောမရဲ့ ဘော်လီဗျ။ ဂျမ်းတောမရဲ့ ဘော်လီ။ အဲဒီဘော်လီကို ပီယဆေးဖော်ဖို့ရာ အလစ်သုတ်လာတာ။ အဲဒါ ဦးလေးကို အကျိုးအကြောင်းပြောပြတော့ ပီယဆေးဖော်ပေးဖို့ နေနေသာသာ ဖနောင့်နဲ့ ပေါက်လွှတ်

www.burmeseclassic.com

www.burmeseclassic.com



လို အသားမနာရအောင် မနည်းကို ထွက်ပြေးလာခဲ့တာဗျ"

"ဟာ- ဆရာ ဦးပီယကြီးက ဘယ်လိုများပါလိမ့်။ တို့များတွေ ကိုတောင် စွဲသွားရလေအောင် ပီယဆေးတွေဘာတွေ ဖော်ပေးသေးတဲ့ ဥစ္စာ။ ကိုယ့်တူသား အရင်းအချာဆိုရင် ပိုလို့ ဝှဲညာသနားစိတ်ဝင်ပြီး ဖော်ပေးရမှာပေါ့ကွာ။ ခုတော့ ဘယ့်နှယ်"

အကြောင်းရင်း အစစ်အမှန်ကို မသိသေး၍ တစ်ယောက်တစ်ပေါက် ဆိုသလို ဝေဖန်ချက်အသီးသီး ပေးနေကြလေသည်။

"ဒါထက် မင့်ဦးလေးက ဘာဖြစ်လို့ ဖနောင့်နဲ့ ပေါက်ရတာတဲ့လဲ။ ပြောစမ်းပါဦး"

"ကျုပ်ကို တုံးလွန်း အ,လွန်းလို့တဲ့လေ"

"တို့ လေ့လာမိသလောက်ကတော့ မင်းက အညာသား လူလည်ပါကွာ။ မတုံးပါဘူး"

"တုံးမတုံးတော့ မသိဘူး။ ကျုပ် ဂျမ်းတောမရဲ့ ဘော်လီအင်္ကျီကို အလစ်သုတ်လာတာနဲ့ ပတ်သက်ပြီး အကြောင်းစုံကို ရှင်းပြပြီးတာနဲ့ ဒီလောက်တောင် တုံးရမလားဆိုပြီး အပြတ်ကို တွယ်တော့တာပဲ"

"အကြောင်းစုံကို ရှင်းဦးလေကွာ"

"အဖြစ်က ဒီလိုဗျ"

သည်သို့ စကားစလျက် တက်ပုက အဖြစ်သနစ်ကို ဇာတ်စုံခင်းပြလိုက်သည်။ တက်ပု၏ စကားအဆုံးမှာတော့ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထန်းရည်ဝိုင်းတစ်ဝိုင်းလုံး အုန်းခနဲ ရယ်မောသံကြီး ပွင့်ထွက်သွားတော့သည်။

"တယ်လည်း ဟုတ်ပ တက်ပုရာ။ မင်းဟာလေ လူပြိန်တော်ပီပီ တကယ့်အာဂကောင်ပဲ"

"ဘာပဲဖြစ်ဖြစ်ကွာ ၊ တစ်နယ်တစ်ကျေးကနေ တို့နဲ့ ရေစက်ပါလာတဲ့ တက်ပုကို ဂျမ်းတောမရဲ့ ဘော်လီ ရအောင်အလစ်သုတ်လာနိုင်တဲ့အတွက် ဂုဏ်မပြုလို့ကို မဖြစ်ဘူး"

"ဟုတ်တယ် ဂုဏ်ပြုရမယ်။ အညာသား ဘုန်းကြီးလူထွက်၊ လူပြိန်တော် တို့တက်ပုကြီးကို ဂုဏ်ပြုရမယ်"

"ဟေး"

ကာလသား ဖိုးချွဲက ထန်းရည်တွေ အလျှံပယ် မှာယူ လိုက်၏။ အမြည်းအတွက် လယ်ကြွက်ကင် ကြွပ်ကြွပ်ရွရွကလေး ကို သာဂဒိုးကြီးက တာဝန်ယူ၏။ ကိုင်း ဘာလိုသေးတော့ သနည်း။

"ချကွာ တက်ပု။ ဒါ မင်းကို ဂုဏ်ပြုတာကွ သိရဲ့လား"

"သိပ်များရင် မကောင်းဘူးနော်။ အိမ်ကိုတောင် ခွေးဝှီးပေါက်က တက်ရမှာ ကိုသာဂဒိုးကြီးရဲ့"

"ဟကောင် ဘာမှမပူနဲ့။ အားလုံး အဆင်ပြေ အောင် တို့များကူညီမယ်။ တို့က ဒီရွာသားအစစ်တွေ ပါကွာ။ တစ်ရွာသားဖြစ်တဲ့ မင်းကို အသွန်မတန်

www.burmeseclassic.com



ခင်တယ်ဆိုတာ သဘောပေါက်စမ်းပါ''

''ပေါက်ပါတယ်ဗျာ - ပေါက်ပါတယ်''

''ပေါက်ရင် - သောက်''

ကာလသားခေါင်း၏ ပင့်မြှောက်ပေးမှုကြောင့် တက်ပုလည်း တစ်ခွက်ပြီးတစ်ခွက် တွယ်လိုက်၊ ကြွက်ကြော်အမည်းလေးကို ဝါးလိုက်ဖြင့် ရီဝေဝေအဆင့်မှ အမူးရိပ်တွေ ပြည်းပြည်း တက်လာခဲ့ပြီ ဖြစ်သည်။

''ဟေ့ကောင် - တက်ပု''

''ဗျာ - ဗျာ - ဗျ''

''အမှန်မတော့ မင်းကို ဂျမ်းတောမက မျက်စိကျနေတာကွ''

''ဟုတ်ပမလား - ကိုသာဂဒိုးကြီးရယ်''

''ဟုတ်တာမှ ဟိုဘက်ကမ်းတောင် လွန်သေးရဲ့၊ ငါက အလကား ပြောတာမဟုတ်ဘူး။ မယုံရင် ဖိုးချွဲကို မေးကြည့်။ ဖိုးချွဲနဲ့ ဂျမ်းတောမက ဆွေမျိုးစပ်ရင် မောင်နှမ လေးဝမ်းကွဲတော့ ပေါ်ကယ်''

''ဟုတ်ရဲ့လား - ကိုဖိုးချွဲ''

''အမှန်ပဲပေါ့ မောင်ရာ။ ဂျမ်းတောမကကဲ့ ငါ့ဝမ်းကွဲနှမဟာ မင်းကို ကြိုက်နေတာ သေချာတယ်။ ငါကလည်း မင်းလိုရိုးသားတဲ့ အညာသားလေးကို ယောက်ဖတော်ချင်ကာပါကွ။ ဒီတော့ မင်း ဒီည ဂျမ်းတောမအိမ်ကို တက်ကွာ။ သူ့အိမ်ပေါ်ရောက်အောင် မင်းကို ဒီည ငါတို့ ဆောင်ကြဉ်းပေးမယ်''

www.burmeseclassic.com

www.burmeseclassic.com



"တကယ်နော် ..နှစ်ကယ်နော်"

"သုံးကယ်၊ လေးကယ် ..ငါးကယ်၊ ခြောက်ကယ်ကွ"

"ဟား ..ပျော်လိုက်တာဗျား၊ တကယ်ပဲ၊ ..ခင်ဗျားတို့ကို သိပ်ပြီးတော့ ကျေးဇူးတင်တယ်"

"ကိုင်း ..တို့ကောင်ကြီးတက်ပုံ အိမ်တက်မယ့် အထိမ်းအမှတ်အနေနဲ့ နောက်ထပ်တစ်မြှုပ်ပေါ့ ..နောက်ယပ်တစ်မြှု"

ကိုသာဂဒိုးကြီးက သူ၏ အသံဝါကြီးဖြင့် လှမ်းအော်အပြီးမှာတော့ မကြာခင် အချိန်ပိုင်းကလေးအတွင်း ထန်းရည်တစ်မြှုရောက်လာပေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

ညကောင်းကင်မှာတော့ ငွေလ လပြမ်းကလေးသည် တိမ်ပခုံးစွန်းကို ချိတ်ဆွဲလျက် သင်တိုင်းရှာကလေးအား အဝါအမျှင်တို့ကို ပက်ကြဲနေလေသည်။ ကြယ်ပြာကလေးတွေကလည်း ငွေတာရာ စိန်မှုန်ကြဲသလို ပြိုးပြိုးပြက်ပြက် တလက်လက်နှင့်။

သာဂနိုးကြီးတို့ အုပ်စုသည် တက်ပုကို အကျိုးဆောင်ပေးရန်အတွက် ဂျမ်းတောမတို့ အိမ်ခြံအပါးသို့ တိုးကပ်သွားကြပါချေပြီ။

"ဟော့ကောင် ့ဖိုးချဲ။ ဂျမ်းတောမတို့အိမ်က ခွေးတွေက အတော်ဆိုးတယ်နော်"

"ကိစ္စမရှိပါဘူးကွာ။ ဒီခွေးတွေနဲ့ ငါက ရင်းနှီးကျွမ်းဝင်ပြီးသားပါ။ ငါ့အနံ့ကို သူတို့ သိပါတယ်။ တက်ပုကို ငါ ဦးဆောင်ပြီး အိမ်ပေါ် တင်ပေးခဲ့မှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ့ဟုတ်ပါ့မလား ကိုဖိုးချွဲရာ။ ကျုပ်တော့ အလိုလိုနေရင်း ဒူးတွေချောင်လာပြီ"

"ဟကောင်ရ ့ဘာမှတောင် စွန့်စားရသေးတာ မဟုတ်ဘဲနဲ့ မချောင်နဲ့ဦးလေ"

"ဟုတ်သားပဲ တက်ပုရယ်။ လုပ်ရဲကိုင်ရဲ ဖြစ်ရအောင် မင်းကို တို့များ ရဲဆေးတင်ပေးခဲ့တဲ့ ဥစ္စာပဲ"

"ဟုတ်တယ်ဗျာ။ ကျုပ် ဒူးမချောင်တော့ဘူး။ ရဲစိတ်တွေ ပြည့်သွားပြီ။ အခြေအနေကောင်းရင် ကဗွီ မယ်ဗျာ"

"အေး ့အဲသလို လုပ်စမ်းပါ တက်ပုရဲ့"

ထိုနေ့ညသည် ဂျမ်းတောမ၏ ပုဗ္ဗ ၁စရိယ မိနှင့်ဖတို့ ဖြစ်ကြကုန်သော ဒေါ်သည်းအူနှင့် လင်တော်မောင် ဦးစံဖေတို့မှာ မယ် ဇလီဖူးသုပ်တန်ခိုးဖြင့် အိပ်ရာစောစောဝင်ကာ သိုးနေအောင် အိပ်ပျော်နေကြလေသည်။ တစ်ခါတစ်ရံ ဟောက်သံတွေပင် ပေါ် ထွက်လာတတ်ပါသေး။

ဂျမ်းတောမကတော့ အခါးခတ်ကို မကြိုက်သူပီပီ မယ် ဇလီဖူးသုပ်ကို လုံးဝဆိုလုံးဝ မထိတွေ့ခဲ့။ လက်ဖက်တွေစားပြီး မျက်စိတွေ ကြောင်နေသည်။ အိပ်ရာမဝင်သေးချင်၍လည်း မီးဖိုချောင်ထဲ၌ တစ်အိမ်လုံး၏ အချစ်တော် အောင်နက်ကြီးကို ထမင်း ကြမ်းနှင့် ဟင်းအကျန်များ နယ်ဖတ်လျက် ဇလုံတစ်ခုအတွင်း ထည့်၍ ကျွေးမွေးနေလေသည်။

ထိုအချိန်ဝယ် ဝမ်းကွဲအစ်ကိုတော် ဖိုးချွဲ၏ ကူညီစောင်မ မှုဖြင့် တက်ပုတစ်ယောက် ဂျမ်းတောမရှိရာ မီးဖိုချောင်ထဲသို့

www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိသွားလေပြီ ။

''မော့ ရှင်''

''အမယ်လေး လန့်လိုက်တာ။ ရှင် ရှင်''

''ဖြတ်တယ် ။ နေ့လယ်က နင်ရေချိုးနေတုန်း လာချောင်း အဲ စကားလာပြောတဲ့ တက်ပု ပါ ဒကာမလေး အယ် ဂျမ်းတောမရဲ့။ ငါ နင့်ကို ငါ့ရင်ထဲကစကားတွေ ပြောပြချင်လို့ အရဲစွန့်ပြီး သက်စွန့်ဆံဖျား ရောက်လာတာ ဂျမ်းတောမရဲ့''

တက်ပု၏ စကားကြောင့် ဗိုသတ္တဝါကို ငံ့လင့်နေသော ဂျမ်းတောမမျော ရင်တဖိုဖို ဖြစ်ရမည့်အစား ဘဝင်တွေ စိုသွားရ တော့သည်။

''စကားပြောရင် ဒီမှာဆို လူမြင်သူမြင် ရှိတယ် တော့။ လာပါ အထဲမှာ ဝင်ပြောရအောင်ပါ''

လင့်ဆာနေသော ဂျမ်းတောမအတွက် ဓာတ်စာက မျှော်တုန်းမျှော်ဆဲ တကယ်ပဲရောက်လာလေသည်မို့ ဝမ်း အမြောက်ကြီးမြောက်လျက် သူမကိုယ်တိုင်ပင် တက်ပုအား ဆိုး ဆိုးဆတ်ဆတ် လက်ကိုဆွဲလျက် မီးဖိုချောင်နှင့် ကပ်လျက်ရှိ သူမ၏ အခန်းတွင်းသို့ ခေါ်ဆောင်သွားလေသည်။ မိန်းမဆိုလျှင် တစ်ခါမျှ မတစ်ခါဖူးလေသည့် တက်ပုအဖို့ရာမတော့ ရင်အစုံ သည် တဒုံးဒုံးမြည်လျက် ရှိလေသည်။ ဘူ့ဘဝတစ်သက်တာ၌ မိန်းမဆို၍ ဘွားအေကြီးနှင့် ဝိခင်ကြီးမှလွဲ၍ ပူးပူးကပ်ကပ်နေခဲ့ ဖူးခြင်း မရှိခဲ့။

အခန်းထဲ ရောက်လေသော် ခြေမကိုင်မိ လက်မကိုင်မိ

www.burmeseclassic.com

www.burmeseclassic.com



ဖင်မငြိမ်၊ ခေါင်းမငြိမ် ဖြစ်ရသူကား တက်ပုရယ်ပါတည်း။ ဂျမ်းတောမအဖို့ရာမတော့ ဒါမျိုးက ရှိနေလေပြီ။ သူမအဖို့ သည်လိုမျိုး လူပျိုရည်စစ်လှစွာသော ဆန့်ကျင်ဘက်ပုထုဇဉ်နှင့် အနေနီးမှုကို တောင့်တနေခဲ့သည်မှာ ကြာမြင့်ခဲ့ချေပြီ။ နေ့လယ်တုန်းက သူမ ရေချိုးနေတုန်း ရေလာမြှောင်းပေး လုပ်ခဲ့ပါလျက် ငါးကြော်မကြိုက်သည့် ကြောင်မိုက်တစ်ခင်းသွားခဲ့ခြင်းအပေါ် မကျေမနပ် ဖြစ်နေခဲ့သော်လည်း ခုလိုမျိုး မြွေမှန်လျှင်သော်လည်းကောင်း။ ငါးရှဉ့်မှန်လျှင်သော်လည်းကောင်း၊ တွင်းဝင်ပြောင့်တော့လေမည်မို့ စိတ်ထဲမှာတော့ အကျေနပ်ကြီး ကျေနပ်နေမိတော့သည်။

“အဟိ .ကိုတက်ပုကြီး။ ဘာပြောမှာလဲ .ပြောမှာဖြင့် ပြောတော့လေ”

“ – – – ”

“အဟွန့် .စောစောတုန်းက စကားတွေ ပြောချင်တယ်လည်း ဆိုသေးရဲ့။ အခုကျတော့လည်း ဘုရားလောင်းတေမိ ဝင်စားသလားမှတ်ရတယ်။ တကယ့် ထုံထုံအအကြီး”

“အေး .အေး .ပြော .ပြောမှာပါဟ။ ဒါထက် နှင့်အဘတို့ အိပ်ပြီလား”

“အိပ်ပြီ .အိပ်နေပြီ။ မယ်ဓလီဖူးသုဝ် တန်ခိုးကြောင့် ဆင်အော်လို့တောင် နိုးတော့မှာ မဟုတ်ဘူး”

ဂျမ်းတောမ၏စကားကြောင့် တစ်ခါဖူးမျှ အိပ်မပျော်ခဲ့ရသော၊ ဆန့်ကျင်ဘက် ဆွေမတော်မျိုးမစပ် မိန်းမပျိုတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



နှင့်မျှ စကားမပြောခဲ့ဖူးသော တက်ပုအဖို့ တထိတ်ထိတ် ရင်ခုန်နေရာမှ အနည်းငယ်တော့ သက်သာရာ ရသွားခဲ့ရသည်။ သို့ရာတွင် သူ့ရင်ထဲ ဂျမ်းတောမအား မည်ရွေ့မည်မျှ ချစ်ပါကြောင်း စကားတွေ စီကာပတ်ကုံး ပြောပြချင်သော်ငြား ရုတ်တရက် နှုတ်ဖျားမှ မထွက်တော့ဘဲ ဆွံ့အသူတစ်ဦးနှင့်မခြား ကြောင်တိကြောင်တောင် ဖြစ်နေလေသည်။

သည့်အတွက် ဂျမ်းတောမအဖို့ ဓာတ်စာကို တောင့်တနေမိသူပီပီ မြင်းကမလှုပ် ခုံကလှုပ်ရပေတော့မည်။

“ပြော ၊မပြောချင်တော့ဘူး ကိုတက်ပုရယ်”

“အေး ၊အဲဒါလည်း အကောင်းသားပဲဟ။ သမ္ဖလာပ သိမ်ဖျင်းသောစကားကို ပြောဆိုခြင်းသည် အကုသိုလ် ကျူးလွန်ခြင်းသာတည်းတဲ့။ နှုတ်ကိုစောင့်စည်းပြီး တရားတော်ကို ‘အပ္ပမာဒေထ– သမ္မာဒေထ’ မမေ့မလျော့ မပေါ့ဆဘူးဆိုရင် အဲဒါဟာ နိဗ္ဗာန်ရောက်ကြောင်း တရားလမ်းစဉ်ပဲ ဒကာမလေး ၊အဲ ၊ဂျမ်းတောမရဲ့”

စကားစကား ပြောပါများ စကားထဲက ဓာတ်ပြလေပြီ။ ဂျမ်းတောမအဖို့ စိတ်ရှည်ရှည်ထားဖို့ လိုကြောင်းသာ နှလုံးသွင်းလိုက်ရတော့သည်။ သူမကိုယ်တိုင်ပင် ရေလာမြောင်းပေးရတော့မည်။

“ကိုတက်ပု”

“ဗျာ ၊ဗျာ ၊ဗျာ့”

“ဘာလိုလိုနဲ့ ဂျမ်းတောမ အသက်လည်း အစိတ်

www.burmeseclassic.com

www.burmeseclassic.com



ကျော်သွားပြီ''

''ဟာ . ကောင်းတာပေါ့။ အသက်အစိတ်ဆိုတာ တစ်သက်နိုင်အောင် ပုခက်ချိတ်လို့ အကောင်းဆုံး အရွယ်ပေါ့ ဂျမ်းတောမရဲ့''

''အိုး . နားရှက်စရာ။ ဘာတွေ ပြောနေမှန်း လည်း မသိဘူး။ ဂျမ်းတောမ ပြောချင်တာက .''

''ပြော . ပြော . ဂျမ်းတောမ ရင်တွင်းရှိတာ တွေကို ပြော''

တကယ်တမ်း စကားပြောဖို့ လာသည့်လူက . သူ။ ခုတော့ တစ်ဖက်သားကို စကားပြောခိုင်းနေသည်။ ဂျမ်းတောမက ရေလာအောင် နည်းအမျိုးမျိုးဖြင့် မြောင်းဖောက်ပေးနေသော်ငြား စီးရမည့် ရေက ခဲနေသည့်အဖြစ်။

''ဂျမ်းတောမ ပြောချင်တာက ဘဝမှာ ဒီလိုချည်း အထီးကျန် နေမသွားချင်တော့ဘူး''

''သြော် . ဟုတ်တာပေါ့။ နင်တို့ မွေးထားတဲ့ခွေးက အထီးမဟုတ်လား။ အထီးတစ်ကောင်ထဲကျန် တော့ အဖော်မဲ့နေတာပေါ့။ ပျင်းစရာကြီး ဖြစ်နေတာ ပေါ့ဟ။ ဒါပေမဲ့ မပူနဲ့။ တော်သလင်းလလောက် ရောက်ရင် သူတို့ချင်း ကပ္ပိဖို့ အဆင်ပြေသွားလိမ့် မယ်''

ပြောချင်တာက တခြား၊ အကြောင်းဆိုက်နေတာက တလွဲတွေ။

''ငါ့သဘောအရဆိုရင် နင့်ဆီကို ရောက်လာဖို့ဆို

www.burmeseclassic.com

www.burmeseclassic.com



တာ အဝေးကြီး။ ဟိုလူတွေက ရဲဆေးတင်ပေးပြီး အတင်းကာရော တွန်းပို့လိုက်လို့ ရောက်လာတာဟ"

"ဟင်း ..နော် ..။ ဘယ်လိုလူနဲ့ လာတွေ့နေရ တာပါလိမ့်။ ငါ့နယ် ..ခက်တော့တာပဲ"

"ခက်ရအောင် နင်က ကျောင်းတက်ပြီး စာတွေ ကျက်နေရ ဂဏန်းသင်္ချာတွေ တွက်နေရလို့လား"

"လုပ်ပြန်ပါပြီ။ သည်ပုံအတိုင်းဆို ဂျမ်းတောမ တော့ စိတ်ညစ်ပြီး ရောဂါရတော့မယ် ထင်ပါရဲ့"

"ရောဂါ ..ဟုတ်လား။ ဘာရောဂါတွေများ ဂျမ်း တောမှာ စွဲကပ်နေသလဲဟင်။ ရောဂါရှိရင်ပြော။ ဦးလေးဗီယဆီက ဆေးတောင်းပြီး လာပို့ပေးမယ်"

"ကျွန်မမှာ ဘာရောဂါမှ မရှိဘူး။ ရှင် အခုလို အုံတုံတုံ နုံတုံတုံ လုပ်နေလို့။ ရှင်ဟာ တကယ့်ကို အဖြစ်မရှိတဲ့ ငတုံးပဲ ..ငအေပဲ"

ထိုခဏ တစ်ဖက်ခန်းဆီမှ တခေါ်ခေါ် အိပ်ပျော်နေသော ဦးဂံဖေ၏ အသံကြီး ပေါ်ထွက်လာသည်။

"ဘာ ..ငါဟာ တကယ့်ကိုအဖြစ်မရှိတဲ့ ငတုံး ငအေ ဟုတ်လား"

တက်ပု၏ ဦးခေါင်းထက်မှ အနူ့လက်သည်းအရွယ်ရှိ ဆံပင်မွေးများ ထိုးထိုးထောင်ထောင်ထွက်ကာ နားထင်နား... များ ရှိန်းခနဲ ဖြစ်သွားသည်။ စင်စစ်မတော့ ဦးဂံဖေမှာ ... ကျလျက်ပါ။ သို့ရာတွင် အိပ်ပျော်နေရင်းမှ မသိမ်...က ပြော... ပကားသံများကို ကြားနေရသည်။ ဤသို့ ပေါ်စဉ်ကတည်းက...

www.burmeseclassic.com

www.burmeseclassic.com



ယောင်တတ်သောအကျင့်က မဖျောက်နိုင်သောကြောင့် ယခုကဲ့သို့ အသံကြီး ပေါ်ထွက်လာခြင်းဖြစ်သည်။

"ဟာ ..နင့်အဖေကြီး နိုးနေပြီ။ လစ်မှပဲ"

"ရှူး ..တိုးတိုး"

"ဟေ့ ..ဒီလို လစ်လို့ ဘယ်ရမလဲ။ ငါတို့က နယ်နယ်ရရ မဟုတ်ဘူး။ 'ဓားကျိုးလို့ လှံခွေ၊ စံဖေတို့အမျိုးကွ' ခွေးကောင်က လူပါးဝလို့ လစ်ရဲလစ်ကြည့်"

သည်ကဲ့သို့ တစ်ခါဖူးမျှ အတွေ့အကြုံ မရှိလေရကား တက်ပုအဖို့ အသားတွေ တဆတ်ဆတ်တုန်ကာ ခြေဖျားလက်ဖျားတွေ အေးစက်လာပြီး ပြေးပေါက်ကို မျက်နှာမူလိုက်သည်။ ဂျမ်းတောမက စားရမှာလည်း သဲတရှပ်ရှပ်၊ ပစ်ရမှာလည်း အဆီတဝင်းဝင်းနှင့်မို့ ဖြစ်ချင်ရာဖြစ် လက်လွှတ်တော့ မခံနိုင်ဘဲ ပြေးပေါက်ကို လက်တား၍ ပိတ်သည်။ အခြေအနေမှန်ကို နားလည်၍ တက်ပု ဝို၍ ထိတ်လန့်နေသည်။

ထို့နောက် ဖြစ်ချင်ရာဖြစ်ဟု သဘောထားကာ ဂျမ်းတောမ၏လက်ကို အတင်းဆွဲဖယ်ရင်း ပြတင်းဝမှ ခုန်ချလိုက်သည်။ ဂျမ်းတောမ အမြန်ဖမ်းဆွဲ၏။ ဆွဲမိဆွဲရာ ဆွဲလိုက်ခြင်းအတွက် တက်ပု၏ခန္ဓာကိုယ် မည်သည့်အစိတ်အပိုင်းမှ မပါသော်ငြား တက်ပုဝတ်ထားသော တိုနံ့နံ့လုံချည်ကွင်းသာ လက်ထဲပါလာ၏။ ထိုသို့ လုံချည်ကို ဆွဲမိလိုက်ခြင်းကြောင့် တက်ပုခမျာ ပြတင်းပေါက်မှ မြေကမ္ဘာလာရှိရာသို့ လူကျွမ်းမကျဘဲ ခွေးကျကျလေတော့သည်။

www.burmeseclassic.com



"ဂိန်"

"အမလေး ..သေပါပြီဗျာ"

' ဂီး ..ဂဲ ..ဇုတ် ..ဓေါင်း"

"အား ..ခြေသလုံးကိုခဲတယ်။ လုပ်ပါဦး ..သေပါတော့မယ်"

အမြေအနေတွေက ကြာလျှင် ရှုပ်ထွေးသွားတော့မည်မို့ ပြတင်းဝမှနေ၍ ဂျမ်းတောမလည်း သူ့ခွေး အောင်နက်ကြီးကို ဟန့်တားရတော့သည်။

"ဟဲ့ ..အောင်နက် ..အောင်နက်၊ တောက် ..တောက် ..တောက် ..လာ ..လာ ဒီကိုလာ"

သခင်မဖြစ်သူက ခေါ်နေသည့်တိုင် အောင်နက် ယခင်ကလို ဂရုမစိုက်နိုင်တော့။ သူ ထမင်းလုံးစီကာ ခွေခွေကလေး အိမ်နှင့်ကျွေးနေစဉ် သူ့ခန္ဓာကိုယ်ပေါ်သို့ မညှာမတာသော အလေးချိန်အတွဲ့ဘောကြီးက ပြုတ်ကျလာလေသည်မို့ သည်အတွဲ့ဘော ကောင်ကြီးအပေါ် အငြိုးတကြီးဖြင့် အပြတ်ခီး၊ အပြတ်ခဲရန် အားထုတ်တော့သည်။

"ဖုန်း ..ဖုန်း ..ဖုန်း"

သည်အသံတွေက တက်ပုတစ်ယောက် ပွတ်ရာကျွတ် ရာ ခြေကုန်သုတ်ရာမှ ပေါ်ထွက်လာသော ခြေသံတွေပါတည်း။

"ဇုတ် ..ဇုတ် ..ဇုတ်"

"ဟောဟဲ ..ဟောဟဲ ..ဟောဟဲ"

ဆန်းခါစ လကလေးက တိမ်ယံကြား ကွယ်ပျောက်သွားပြီမို့ ကြယ်ရောင်ကလေးဝေ့သော ရှိတော့က မြင်ကွင်းသည်

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလိုလို ဝိုးတဝါး။

"ဘုန်း"

"အောင်မယ်လေးဗျ"

"ဘုတ် ..ဘုတ် ..ဘုတ် ..ဘုတ် ..ဘုတ်"

"အောင်မယ်လေးဗျ ..ကြောက်ပါပြီဗျ။ ကျော တစ်ပြင်လုံး အောင့်နေပါပြီဗျ"

"ဘုတ် ..ဘုတ်"

"ဆက်ပြီး မထောင်းပါနဲ့တော့ ..သေပါတော့ မယ်။ နောက်ဆို ဘယ်သူတွေ မြှောက်မြှောက် သည် လိုမျိုး မလုပ်တော့ပါဘူး။ ရှိကြီးခိုးပါရဲ့။ ချမ်းသာပေးပါ ..ချမ်းသာပေးပါ"

တက်ပုသည် ကြောက်လွန်းမက ကြောက်အားပိုလျက် အသားတွေ တဆတ်ဆတ်တုန်ကာ မျက်စိကို စုံမှိတ်ရင်း ပုဆိန် ပေါက် ရှိခိုးနေလေသည်။

သူ့စိတ်ထဲမှာတော့ အနောက်မှ လူများလိုက်လာသဖြင့် ကိုယ်လွတ်ရုန်းအပြေး ရှေ့မှ အဆီးအတားတစ်ခုကို မရှောင်နိုင် တော့ဘဲ ထိပ်တိုက်ဝင်အတိုး သူ မှောက်ကာ လဲကျသွားပြီးသည့် နောက် သူ့အား သူများက ကျောတစ်ပြင်လုံးအား ဝိုင်းဝန်း ထုနှက်ကြသည်ဟု ထင်မှတ်ထား၏။

အမှန်မတော့ သူထင်သလို လုံးဝမဟုတ်။

သူ့နောက်သို့ မည်သူတစ်ဦးတစ်ယောက်မျှ လိုက်လာ ခြင်းမရှိခဲ့။ မမြင်မကန်းဖြင့် ပြေးမိပြေးရာ စွတ်ရွတ်အပြေး ခြံ ထောင့်ရှိ သခွော်ပင်ကို အရှိန်ပြင်းပြင်းနှင့် ဝင်တိုက်မိပြီး မှောက်

www.burmeseclassic.com



လျှက်လဲကျသွားသည်။ ဤတွင် သခေါ်ပင်၌ ခွေးမကြီးနှင့် ခွေးသားလေးတွေ အပြိုင်စို့နေကြသလိုမျိုး အတွဲလိုက်အပြွတ်လိုက် သီးနေသော သခေါ်သီးတွေက တစ်လုံး ပြီးတစ်လုံးဆိုသလို သူ့ကျောပြင်ထက်အား ပျောတင်နှက်သလိုမျိုး ဖြစ်သွားရခြင်းကြောင့်ပါတည်း။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးပီယအဖို့ ဝမ်းထဲ၌ ကျလိကျလိ ဖြစ်၍နေသည်မှာ မခံစားနိုင်လောက်အောင် ဖြစ်နေရသည်။ သည့်အတွက် ပေါက်ကွဲသံတစ်ခု ပေါ်ထွက်လာခဲ့၏။

"တောက် ..."

"အမလေး ... လက်မှတ်ခြောက်ထုပ် ... ပလုတ်တုတ်။ နင်နဲ့ ငါနဲ့ လက်ဖက်သုပ် ... အယ် ... ဘာတွေ ဘယ်လို ဒေါ်သကြီးနေရတာလဲ ... ကိုပီ"

ဦးပီယထံမှ အမှတ်မထင် ပေါ်ထွက်လာသော တောက်ခေါက်သံက မည်ရွေ့မည်မျှ ပြင်းထန်သွားခဲ့လေသည်မသိ။ အိမ်ကပြင်၌ထိုင်ကာ စကောတစ်ချပ်ဖြင့် မြာတီးလျက် စပါးလုံးရွေးနေသော ဆရာကတော် ဒေါ်သင်းထုံပင်လျှင် အလန့်လန့် အထိတ်ထိတ်ဖြစ်ပြီး ယောင်တီးယောင်တတွေ ဖြစ်သွားစေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ - ဒါတွေကြီးရမှာတဲ့လဲ - သင်းတို့ရယ်။ ဟိုအကောင် ငါ့တူ တက်ပုကြောင့်ပေါ့ကွ။ တက်ပုကြောင့်ပေါ့"

"တက်ပုက - လူအေးပါတော်။ ဘာတွေများမွှေနေလို့လဲ"

"ဟွန်း - မွှေလိုက်တာများ ဆီးယောင်းမကကောင် လက်ဖျားခါရလောက်တယ်။ အညာမှာနေတုန်းက လွှာပေါ်တစ်စက်ကလေးမှ မတင်ခဲ့တဲ့ ထန်းရည်ကို အခုတော့ အခါးမှဘွယ်သတဲ့။ ပေါင်းနေတဲ့ အပေါင်းအသင်းတွေကလည်း သောက်သောက်စားစား လူ့မင်းသားတွေချည်းပဲ"

"ဒါကတော့ ကိုပီရယ်။ လူပျိုလူလွတ် သဘာဝပဲဥစ္စာ"

"ဟ - ကိုပီတို့လည်း လူပျိုလူလွတ်ဘဝကဆင်းသက်လာခဲ့တာပဲ ဥစ္စာ။ ခင်းလောက် လတ်လျားလတ်လျား မဟုတ်ပေါင်။ ကိုပီဟာ ဘုန်းကြီးလူထွက်ဆိုပေမဲ့ ဘာနဲ့လုပ်ကိုင်စားစား ထမင်းမငတ်နိုင်တဲ့ပညာတော့ တစ်ခုမကရှိနေတာပဲ။ ဒီအကောင်တက်ပု - ဘုန်းကြီးလူထွက် လူပြန်တော်သာ ဖြစ်လာတယ်။ ကိုင်း - ဘယ်မလဲ လောက်လောက်လားလား အသက်မွေးမှုပညာ။

ငါကတော့ ငါ့တူကလေး ငါ့အစ်မရဲ့သားကလေး။ တစ်နေ့တစ်ကျေး အညာရပ်ဒေသက ရောက်လာရ

www.burmeseclassic.com

www.burmeseclassic.com



ရှာတာဆိုပြီး အားငယ်မှာစိုးလို့ အစစအရာရာ အလို လိုက်ထားကာမှ အခွင့်အရေးယူပြီး ရောင့်တက်လာ တယ်။ ပညာသင်ပေးတော့လည်း ကောင်းကောင်း မဖင်လှလာဘူး။

ကိုပီ ဒီရွာရောက်တာ ဘယ်လောက်ရှိပြီဆိုတာ သင်းထုံ သိတယ်မဟုတ်လား"

"ဟုတ်ကဲ့ သိပါတယ် ကိုပီရဲ့"

"အဲ အဲသည်လို သင်းထုံတို့ သင်တိုင်းရွာမှာ အကြောင်း ဂဟေဆက်လို့ သင်းထုံနဲ့ ပေါင်းဖက်နေ လိုင်တဲ့ အခုကာလအထိ ဗေဒင်လက္ခဏာ ဆရာကြီး။ ဆေးဆရာကြီး။ ပယောဂကုဆရာကြီး။ ဝိယဆေး ဖော်တဲ့ဆရာကြီး။ ဘုရားကိုးဆူဆရာကြီး ဆွမ်းတင်တဲ့ ဆရာကြီး စသဖြင့် ကိုပီ့ရဲ့ ဂုဏ်ပုဒ်တွေဆိုတာ မနည်း မနော"

"မှန်ပါတယ် ကိုပီရယ်"

"အေး အဲသည်လို ကိုယ့်ဦးမင်းသားချင်း တစ် ယောက်ယောက်ဟာ ကိုယ့်ဇာတိရပ်ရွာ မဟုတ်၊ တခြားရွာလာပြီး ဂုဏ်ပုဒ်အလီလီနဲ့ ဝင့်ထည်နေတဲ့ ဥစ္စာ။ ဂုဏ်ယူအားကျစိတ် ရှိရမှာပေါ့။ ခုတော့ မဟုတ်ပေါင်ကွာ။ အိမ်ကိုလည်း ကပ်တယ်မရှိ။ အား ပြီဆို ရွာရိုး ကိုးကျင်းကိုးကျင်းလျှောက်။ အိမ်ပေါက်နေ လည်း မိန်းမတကာ နောက်ပိုး ပိုး။ ပိုးပြန်တော့ လည်း မိန်းမမာယာကို နားမလည်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ကိုပိတို့လို အတွေ့အကြုံမှ မရှိသေးတာကိုးရှင့်"

"အဲဒါကြောင့် 'အုန်းသီးအူထွက် အဆံမျောင်း၊ ဘုန်းကြီးလူထွက် ဉာဏ်ကြောင်'ဆိုပြီး လူတွေက ပြောင်ကြတာပေါ့။ တက်ပုလိုကောင်တွေကြောင့် လူပြိန်တော်တွေ သိက္ခာကျနေရတာ"

"လူပြိန်တော်တိုင်းတော့ မဟုတ်ပါဘူးတော်"

"မဟုတ်တာတော့ မဟုတ်တာပေါ့။ ဒါပေတယ်လို့ ဒီလို မအူမလည်တွေကြောင့် လူပြိန်တော်ဆိုရင် ဒိုးဆလဲ ဒင်းဆလဲဆိုပြီး ရပ်ကျော်ရွာကျော် ဖြစ်နေကြရတာ"

"တစ်မြန်နေ့ညကလည်း ဂျမ်းတောမတို့ အိမ်ကိုသွားပြီး တက်သတဲ့"

"အပျိုအိမ် လူပျိုတက်တာ မဆန်းပါဘူးတော်"

"မဆန်းတာတော့ မဆန်းဘူးပေါ့ဟာ။ ဒါပေတယ်လို့ တစ်ဖက်သူ မိန်းကလေး ဂ ကြည်ကြည်ဖြူဖြူလိုရာယူစေ ဖြစ်နေတာတော့ ဒင်းက မိန်းကလေးရဲ့ အဖေ အိပ်ရာက ထောင်ပြီးထွက်လာတဲ့အသံကိုကြားရတာနဲ့ ကြောက်ဒူးတုန်ပြီး ပြတင်းပေါက်က ခုန်ချပြေးသတဲ့။

ဟွန်း အပြေးမတော်တော့ ချေးပေါ်ပြုတ်ကျ၊ ချေးက ခြေ သလုံးကိုခဲ၊ အပြေးလိုက်လို့ဆွဲ ။ ဒီအခါ ကြောက်အားလန့်အားနဲ့အပြေး သာကိုမှ မမြင်

www.burmeseclassic.com



တော့ဘဲ သဘော်ပင် ဝင်တိုက်မိတော့ အသီးတွေက ခင်းအပေါ် ပြုတ်ကျ။ ဒါကိုပဲ သူ့ကိုပိုင်းပြီး ထုကြမ်ထောင်းကြ ဖနောင့်နဲ့ ပေါက်ကြတယ်ထင်လို့၊ သွေးရူးသွေးတမ်း အော်သတဲ့လေ။ ရုက်ဖို့ကောင်းလိုက်တာ။ အင်မတန်မှ ရုက်ဖို့ကောင်းလိုက်တာ။ ဟော့ ... ဒီမှာ ... သင်းထို့''

''ရှင် ... ကိုပီ''

''တက်ပုဆိုတာ မင်းအတွက်တော့ ငါနဲ့စပ်မှ ငါ့တူတော်ရတာပါ။ အေး ... ဒီကောင်ပြန်လာရင် ငါနဲ့တွေ့မယ်။ ငါ ... ပြောနေဆိုနေရင် ရှေ့ကဝင်ပြီး မကာနဲ့ ကြားလား ...''

''ဟုတ် ... ဟုတ်ကဲ့ပါတော်။ သက်သက်ညှာညှာလည်း ပြောပါ ဆိုပါ ခံုးမပါရှင်။ ခမျာမယ် ဆွေမျိုးရင်းချာဆိုလို့ ကိုပီပဲ ရှိတာမဟုတ်လား''

ဆရာဦးပီယသည် စိတ်ဂနာမငြိမ်ဘဲ အိမ်ရှေ့ခန်း၌ ခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အကြံထုတ်နေလေ၏။

''အင်း ... သင်းကို ဒီမှာ မထားဘူး။ အညာကိုပဲ ပြန်နှင်လွှတ်မှ ဖြစ်မယ်။ ဒါပေမဲ့ ရိုးရိုးနှင်လို့တော့ မကောင်းဘူး။ သူလည်း ဘုန်းကြီးလူထွက်၊ ငါလည်း ဘုန်းကြီးလူထွက်ဆိုတော့ လူပြန်တော်အချင်းချင်းမို့ တရားပြပြီး နှင်ချရမယ်။ ဒါဆိုရင် သင်းထုံအပါအဝင် ဘယ်သူကမှ ငါ့အပေါ် မတရားဘူးရယ်လို့ စေပန်ကဲ့ရဲ့ကြမှာ မဟုတ်တော့ဘူး။

ဒီတော့ ဘယ်လိုမျိုး အလိမ္မာနည်းလမ်းကို သုံးရမှာပါ

www.burmeseclassic.com



လိမ့်။ ထွက်စမ်း ၊ ထွက်စမ်း။ အကြံကောင်း ဉာဏ်ကောင်းတွေ ထွက်လိုက်စမ်း"

ဦးခေါင်းကို တဗျင်းဗျင်းကုတ်လျက် အကြံဉာဏ်ထုတ်ကာ စဉ်းစားသည်။ စဉ်းစားရင်း စဉ်းစားရင်းမှ အကြံကောင်းတစ်ခုက ပိတ်နေသောအတွေးစကို ဖောက်ထွင်းထွက်ပေါ်လာခဲ့သည်။

"ဟာ ၊ ကောင်းလိုက်တဲ့ အကြံပဲ။ မြွေမသေ တုတ်မကျိုးတဲ့အကြံ။ အဟေး ၊ ဟေး ၊ ဟန်ကျပကွ"

အကြံကောင်းလေးတစ်ခုက ခေါင်းထဲဝင်လာလေသည်မို့ ဦးပိယအဖို့ မျက်နှာတစ်ခုလုံး ရွှင်လန်းသွားတော့၏။ ထိုအခိုက် အတန့်မှာပင် တူတော်မောင် တက်ပုသည် ကုပ်ချောင်းကုပ်ချောင်းဖြင့် အိမ်ပေါ်သို့ တက်လာသည်ကို ရိပ်ခနဲ မြင်လိုက်ရသော်ငြား မမြင်ချင်ယောင်ဆောင်ကာ ရေနွေးဗန်းကိုဆွဲယူရင်း ရေနွေးတစ်ခွက်ကို ငှဲ့လိုက်သည်။ ပြီးတော့မှ မဟန့်ချင်ဟန့်ချင်ဖြင့် ချောင်းတစ်ချက် ဟန့်လိုက်ရင်း ၊

"ဟေ့ကောင် ၊ တက်ပု၊ ဒီကို ခဏလာစမ်း"

"ဟုတ် ၊ ဟုတ်ကဲ့။ လာပါပြီ ၊ ဦးလေး"

တက်ပုလည်း မခုတ်တတ်သည့်ကြောင်အလား ဦးလေးတော်ဦးပိယ ထိုင်နေရာ မလှမ်းမကမ်းသို့ ရောက်လာသည်။ လေတင်လေအောက် ဖြစ်သည်မို့ တက်ပုထံမှ ထန်းရည်နံ့များက ဦးပိယနှာဝသို့ ဖြတ်သွားကြသည်။

"တောက် ၊ အနံ့တွေက ချဉ်စုတ်နေတာပဲ ဘယ့်ကလောက်တောင် နွားငတ်ရေကျခဲ့သလဲ မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲ ဦးလေးကလည်း သောက်ကောင်းစား
ကောင်းရှုံလောက်ပါ။ အဟဲ စာဆိုတောင်ရှိသေး"

"ဘာ ထန်းရည်သောက်တာ စာဆိုနဲ့ ဟုတ်
လား။ ကိုင်း ပြောစမ်း ဆိုစမ်း"

"အဟမ်း စာဆိုက ဒီလို ဦးလေးရဲ့

'ထန်းရည်တဲ့ ထန်းရည်။
ဆီးရှင်ကာ စမ်းမီးတောက်စေဖို့
နေ့စဉ်သာ မှန်မှန်သောက်
အံ့လောက်ပေသည်။

ကျန်းမာရေး ဒေါင်ဒေါင်မြည်
စိတ်ပြည်ကို မျက်စောင်းထိုး။

ကြွက်ကြော်ကို အသာဖဲ့လို့
ခွက်ငှဲ့ကာ အပီကြူးတော့
ဘုန်းတောက်တန်ခိုး 'တဲ့ ခင်ဗျ"

"ဟော့ကောင် တက်ပုံ။ မင်းက ငါ့အစ်မကမွေး
တဲ့ ငါ့တူပါကွ။ ဦးလေးထက် တူက တစ်လမကြီးချင်
နဲ့။ ဒီမှာ ငါပြောမယ်။ သေသေချာချာ နားထောင်"

"ဟုတ် ဟုတ်ကဲ့"

"ငါတို့ ဗုဒ္ဓမြတ်စွာဘုရားရှင်က ပရိတ်ကြီး(၁၁)
သုတ်ကို ဟောတော်မူခဲ့တဲ့အနက် မင်္ဂလာသုတ်တရား
တော်မှာ 'အသေဝနာစ ဗာလာနံ' လို့ပါတယ် မဟုတ်
ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



"ပါတာပေါ့ ဦးလေးရေး ဦးလေးလည်း ဘုန်းကြီး ဝတ်ခဲ့ဖူးတဲ့ ဥစ္စာ"

"အေးလေ ့မင်းလည်းပဲ ဝတ်ခဲ့တဲ့သူဆိုတော့ အဲဒီပါဠိရဲ့ အနက်အဓိပ္ပာယ်ကို လင်းစမ်းပါဦး"

"အဟား ့ဟား ဦးလေးကတော့ လုပ်ပြီ။ ဘာများ ခက်တာမှတ်လို့။ 'အသေဝနာစ ဗာလာနံ' ဆိုတာ လူမိုက်ကို ပေါင်းဖော်မှီဝဲခြင်း မပြုရာ'တဲ့"

"အေး ့ဟုတ်တယ်၊ မှန်တယ်။ ဒီတော့ ဘုရား ဟော တရားတော်နဲ့အညီပဲ ငါပြောတော့မယ်။ တကယ်တော့ မင်းဟာ မူးယစ်သေစာတွေကို သောက်စားနေတဲ့ ဗာလာနံ လူမိုက်ပဲ။ ဒီတော့ 'လူမိုက်ဆိုလျှင် ရှောင်သွေလွဲလို့ မမှီဝဲနဲ့ ကင်းအောင်နေ' ဆိုသလို မင်းဟာ ငါတို့နဲ့နေလို့ လုံးဝမဖြစ်တော့ဘူး။ သည့်တော့ မင်းလာရာလမ်းကို ပြန်လှည့်ဖို့သာ လုပ်ပါ။ အညာကို ပြန်ဖို့ပြင်ပါ"

"အဟဲ ့ဦးလေးက 'ပညာရှိ'ပီပီသသနဲ့ ကျွန်တော့်ကို နှင်လိုက်တာပေါ့ ဟုတ်လား"

"ငါ ့နှင်တာထက် တရားတော်နဲ့အညီ ဆုံးဖြတ်တယ်လို့ မင်း သဘောပေါက်လိုက်ပါ"

"ဟုတ်ပြီ ့ဒါဆိုရင် ဦးလေးကို ကျွန်တော် မေးမယ်"

"ဘာများလဲကွ"

"ဦးလေး မင်္ဂလာတရားတော်ကို လာ[illegible]ခံတယ်

www.burmeseclassic.com

www.burmeseclassic.com



နော်''

''လက်ခံလို့ပဲ လူမိုက်ဖြစ်တဲ့မင်းကို နှင်နေတာပဲ ဟာ''

''ဟုတ်ပါပြီ။ ဦးလေးက ပညာရှိ စီပါပေတယ်။ မင်္ဂလာတရားတော်ကို လက်ခံသလို မင်္ဂလာတရားတော်အတိုင်း ကျွန်တော့်ဘက်က ကျင့်သုံးရင် ဦးလေးလက်ခံမလား''

''လက်ခံတယ်ကွာ ..လက်ခံတယ်''

''ဒါဖြင့် ကျွန်တော်လည်း မင်္ဂလာတရားတော်နဲ့ အညီပဲ ပြောပါတော့မယ်။ ဦးလေးပြောတဲ့ အသေဝနာစ ဗာလာနံ အပိုဒ်နဲ့ ကပ်လျက်မှာ ဘာပါသလဲ''

''ဘာပါရမှာလဲကွ။ ပဏ္ဍိတာနဉ္စ သေဝနာ ပေါ့''

''အနက်အဓိပ္ပာယ်ကတော့ ..''

''ဟာ ..'ပညာရှိကို မှီဝဲဆည်းကပ်ရမယ်'ပေါ့''

''ဟုတ်ကဲ့ ..ဦးလေး။ ကျွန်တော်ကလည်း အဲဒီအပိုဒ်ကို မှတ်သည်လို့ ခပ်ဟာဒီပညာရှိ ဦးလေးကို မှီဝဲဆည်းကပ်ဖို့ရာ ဒီမှာပဲ ဆက်နေပါရစေတော့ခင်ဗျာ''

သည်သို့ပြောပြီး နောက်ဖေး မီးဖိုချောင်သို့ ဝင်သွားသောအခါတွင်မှ ဦးပိယကြီးခမျာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့ပါသတည်း။

www.burmeseclassic.com

www.burmeseclassic.com

ပြောရမည်ဆိုလျှင် ဦးစံဖေတို့က မျိုးနှင့်ရိုးနှင့်။
သူတို့အမျိုးက နယ်နယ်ရရတော့ မဟုတ်။
စကားပုံတောင် အရှိသား။

"မားကျိုးလို့ လှံခွေ၊ စံဖွေတို့အမျိုး" မဟုတ်ပါကလား။

"ကြက်မှာအရိုး လူမှာအမျိုး" ဆိုသလို သူ့မျိုးရိုးကို ဘယ်တော့မှ အပွန်းအပဲ့မခံ။ သည်ရွာနေ သည်ရေသောက်ရင်း သည်ရွာသူနှင့် အိမ်ထောင်ကျကာ အမျိုးဆက်သည့်အနေဖြင့် သမီးကလေးတစ်ယောက် ထွန်းကားခဲ့သည်။

အမည်ကား ဂျမ်းတောမ။

သားယောကျ်ားလေးကို တောင့်တပါသော်ငြား မိုးသိကြားမင်းကြီးက မျက်နှာလွှဲ ခဲပစ်လုပ်သွားခဲ့သဖြင့် သည်သမီးကလေးတစ်ယောက်နှင့်သာ တင်းတိမ်ကျေနပ်လိုက်ရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ခု သည့်သမီးကလေး ဂျမ်းတောမ အသက်အစိတ်ကျော်ခဲ့ပြီ။

ရွာမှာက အသက်(၁၈)၊ (၂၀)လောက် ရှိပြီဆိုမှဖြင့် အသီးသီး အသက အသက အိမ်ထောင်ရက်သားတွေကျကာ သားတွဲလွဲ၊ သမီးတွဲလွဲ ဖြစ်နေတတ်ကြသည်။ တကယ်ဆိုလျှင်လည်း ဦးစံဖေအဖို့ ဂျမ်းတောမကို အိမ်ထောင်ရက်သား ချပေးဖြစ်ခဲ့လျှင် ခုလောက်ဆို မြေးဒွတ္တ ချီမ,နေရလောက်ပေပြီ။

သို့ရာတွင် သမီးဖြစ်သူ ဂျမ်းတောမကို ဘယ်သူ့ဘယ်သူနှင့်မှ သဘောမတူသောကြောင့် ဂျမ်းတောမခမျာ အင်မတန်ကြင်ဖော်မှာ ကြင်ဖော်ဘက်ကယ်နှင့် လည်ယှက်ကာ ငှက်မောင်နှံတွေကဲ့သို့ ပေဟင်မှာလေယာဉ်စီးလျက် ကိုင်းဖျားညှာဝတ်တစ်ခုပေါ်၌ တူစုံနားချင်ပါသော်ငြား တစ်ကိုယ်တည်းအဖော်မဲ့ကာ အသက်တွေသာ တစ်ရက်ပြီးတစ်ရက် ကြီးလာခဲ့တော့သည်။

သင်တိုင်းရွာမှာတော့ ဦးစံဖေသည် ဘုရားဒကာ ကြီး၊ ကျောင်းဒကာကြီးဟူသော ဂုဏ်ထူးဝိသေသတို့ဖြင့် အဟန့်ကောင်းနေသူ ဖြစ်သည်။

ငယ်စဉ်ကတည်းကမှသည် ယခုကာလအထိ မည်သည့်အသောက်အစားမှ မရှိ။ ဘုရားနှင့် တရားနှင့်နေထိုင်ကာ စကားကို ခပ်ပြတ်ပြတ် ပြောတတ်သည်။ အသောက်အစား၊ လောင်းကစား၊ အပျော်အပါးမက်သူတို့အား အလွန်တရာမှ ရွံရှာသူဖြစ်သည်။ ခပ်ထုံထုံ၊ ခပ်နုံနုံ၊ ခပ်အအ၊ မအူမလည်တွေဆိုလျှင်လည်း ဘယ်လိုမှ ကြည့်၍မရ။ အလုပ်မရှိ အကိုင်မရှိ ဗိုက်လျှားသတ်လျားနှင့် ရွာမှုံးကိုးပေါက် လျှောက်နေသူတွေကို အမြင်

www.burmeseclassic.com



မကြည်။ ထို့ကြောင့်ပင် သူ့ဇနီးသည်အား မကြာခဏဆို သလို သတိပေးလေ့ရှိ၏။

"ဟေ့ ... မသည်းအူ။ ငါတို့အမျိုးထဲမှာ အသောက်အစား ကဇော်သမားတွေ၊ လောင်းကစား သမားတွေ၊ ပေါ့ပေါ့နေ ပေါ့ပေါ့စားတွေ တစ်ယောက် မှ ရှိတာမဟုတ်ဘူး။ ဒီတော့ ငါ့သမီးကိုလည်း ဒီလိုမျိုး ကောင်းစားတွေနဲ့ လုံးဝဆိုလုံးဝ ပက်သက်တာမျိုး မကြားချင်ဘူး။ ကြားသာကြားကြည့်။ မင်းရော၊ မင်း ရဲ့သမီးပါ မလွယ်ဘူးမှတ်။ မင်းတို့ သိထားကြရမှာ က ငါတို့အမျိုးထဲမှာ 'ခါးကျိုးလို့ လုံချွေ၊ စံဖေတို့ အမျိုး' ဆိုတာပဲ"

သည်သို့ အမြင်မတော်၊ ကမောက်ကမ ဖြစ်မည့်အရေး နှင့် စပ်လျဉ်း၍ ကိုယ့်မိသားစု အသိုင်းအဝိုင်းကို ပြင်းထန်စွာ သတိပေးတတ်သလို အနီးနား ပဝဲဝန်းကျင်ရှိ ခင်မင်ရင်းစွဲရှိသူ တို့ကိုလည်း သတိပေးတတ်သည်။

မကြာသေးခင်က ဖြစ်သည်။

ကျောင်းဒကာကြီး ဦးစံဖေ၏ခြံနှင့်ကပ်လျက် သိမ်ဒကာ ကြီး ဘိုးတင်ယုတို့ခြံရှိ အိမ်ထဲမှ ဆူသံပူသံ၊ ဆဲဆိုသံ၊ ပန်းကန် ခွက်ယောက် ပေါက်ခွဲသံတွေ ကြားရသည်။ မရှေးမနှောင်းမှာပင် ဘိုးတင်ယုတစ်ယောက် မျက်နှာမသာမယာဖြင့် ဦးစံဖေခြံထဲသို့ ဝင်လာသည်။

"လာဗျာ ... သိမ်ဒကာကြီး။ ခင်ဗျားတို့အိမ်မှာ ဆူသံပွက်သံ၊ ပေါက်ခွဲသံတွေ တညံညံနဲ့။ ဘယ်လို

www.burmeseclassic.com

www.burmeseclassic.com



များ ဖြစ်ရတာတဲ့တဲ့။ ဒါထက် သိမ်ဒကာကြီးမျက်နှာ ကြည့်ရတာလည်း မလန်းပါတကား"

"ပြော မပြောချင်တော့ပါဘူး ကျောင်းဒကာကြီးရယ်။ ဘာဖြစ်ရမှာလဲ။ အိမ်က 'ဂျက်ကြီး' ဆိုတဲ့ကောင်ပေါ့"

ဂျက်ကြီးဆိုသည်က သိမ်ဒကာကြီး ဖိုးတင်ယု၏ တစ်ဦးတည်းသောသား ဖြစ်သည်။ အလုပ်အကိုင်က သမ္ဗန်ကို နဝလီခတ်သည့်အလုပ်။ သမ္ဗန်ခတ်သည့်အလုပ်က ကျွဲပန်းထအောင် လှော်ခတ်ရသည့်အတွက် ပင်ပန်းသည်မှာ မှန်၏။ သည်ပင်ပန်းမှုကို အကြောင်းပြု၍ ညနေခင်း သမ္ဗန်သိမ်းပြီဆိုလျှင် တစ်ခွက်တစ်ဖလားတော့ ကစ်လိုက်ရမှ နေသာထိုင်သာရှိသူ ဖြစ်သည်။

"အင်း သိမ်ဒကာကြီးရဲ့သား ဂျက်ကြီးက ဘာလုပ်တာလဲ"

"ဘာလုပ်ရမလဲ။ သမ္ဗန်ခတ်တယ်လေ"

"အဲဒါကို ပြောတာမဟုတ်ဘူး။ အိမ်မှာ ဘာပြဿနာရှာတာလဲ"

"ကျုပ်ချွေးမ ချက်ကျွေးတဲ့ဟင်းက မကောင်းလို့တဲ့ဗျာ။ ပြဿနာရှာပြီး ပန်းကန်တွေ ပေါက်ခွဲတာပဲ"

"အဲဒါ သိမ်ဒကာကြီးရဲ့သား သောက်စားထား လို့ဖြစ်မှာပေါ့။ အရက်သမားများ ကောင်းကိုမကောင်းပါဘူး။ သိမ်ဒကာကြီးကလည်း ဆုံးမတန် ဆုံးမ တားမြစ်တန် တားမြစ်မှပေါ့"

"ပြောတော့ ပြောတာပဲ ကျောင်းဒကာကြီးရယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ခမျာ တစ်နေကုန် ပင်ပင်ပန်းပန်း အလုပ်လုပ်ရတော့ ဒါလေးမှ မမှီဝဲရရင် ဘယ်လိုမှ နေသာထိုင်သာ မရှိဘူးဆိုတော့လည်း ခွင့်ပြုရတာပဲပေါ့''

''ခက်တယ်ဗျာ့။ အဲဒါ ခင်ဗျားတို့ ခက်တယ်။ ဘယ့်နှယ့် အိမ်မှာ ကိုယ့်ထက် သက်ကြီးဝါကြီး လူကြီးမိဘကို မရှိမသေမလေးမစားနဲ့။ ကိုယ်မွေးထုတ်ထားတဲ့ သားပဲဟာ။ ကျုပ်သာဆို နေရာတင် ပုံလဲကျပြီး တစ်ခါတည်း မှောက်သွားအောင်ကို ကျင်းထည့်လိုက်မယ်။ ကျုပ်မှာက သားမရှိပေလို့။ ရှိများရှိပြီး ဒီလိုမျိုး ဖွဲဖောက်လာလို့ကတော့ အနှိပ်ပဲ''

''အင်းပေါ့လေ့။ ကျောင်းဒကာကြီးက သားမရှိတော့လည်း ပြောအားရှိပေသပေါ့။ ဒါပေမဲ့ သမီးရှိတော့ တစ်နေ့ သမက်ဆိုတာ ရလာမှာပါ။ ကျုပ်သားလို အသောက်အစားရှိတဲ့ သမက်မျိုးများရလာရင် ဘယ့်နှယ်နေမယ် မသိဘူး''

''ဘယ့်နှယ်နေရမှာလဲဗျ။ သမက်သော ဘာသော နားမလည်ဘူး။ နေရာတင် ကိစ္စတုံးသွားမယ်။ ဒီတော့ သိမ်ဒကာကြီးလည်း ပျော့မနေနဲ့၊ နည်းဗျူဟာ တစ်မျိုးပြောင်းပြီး ဘီလူးဆိုင်းသာ က,ပစ်လိုက်စမ်းပါ''

ကျောင်းဒကာကြီး ဖိုးစံဖေက ဒေါင်းတိမောင်းတီး ရှိသလောက် သိမ်ဒကာကြီးဖိုးတင်ယုမှာတော့ မျက်နှာကလေးခပ်ငယ်ငယ်။ အရှုံးပေးလက်မြှောက်နေသူကိုမှ ''ကြွက်ပြီလား

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ပြီလား''သဘောမျိုး လုပ်နေသည့်အတွက် မလှမ်း မကမ်းတွင် ရှိနေသော ဒေါ်သည်းအူက –

''တော့်နှယ်တော် ၊ နေရာတကာ သူတစ်ပါး ကိစ္စကို ဝင်ဝင်မစွက်စမ်းပါနဲ့။ လူတိုင်းမှာ ကိုယ့် အကြောင်းကိစ္စနဲ့ကိုယ် ရှိနေတတ်ကြတာချည်း မဟုတ်လား''

ဟူ၍ သတိပေးလိုက်မှပင် စကားစပြတ်သွားသည်။ နံဘေးခြံမှ အသံတလံတွေလည်း ငြိမ်သက်တိတ်ဆိတ်သွားသည်။

''ဟော ကျုပ်ကောင် ဂျက်ကြီး အိပ်ပျော် သွားပြီထင်တယ်။ ပြန်လိုက်ဦးမယ် ကျောင်းဒကာကြီး ရေ''

''ပြန်ပါဗျာ ‐ ပြန်ပါ ‐ ပြန်ပါ''

သိမ်ဒကာကြီး ပြန်သွားလေတော့ ကျောင်းဒကာကြီး ဦးစံဖေလည်း ဘုရားကျောင်းဆောင်နံဘေး၌ ချိတ်ဆွဲထားသော (၁၀၈)လုံး ပုတီးကုံးကြီးကို လည်ပင်းတွင် ချိတ်လျက် ''ဘုန်းကြီး ကျောင်း သွားလိုက်ဦးမဟေ့''ဟုဆိုကာ အိမ်ပေါ်မှ ဆင်းသွားလေ တော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလက သန်းခေါင်ယံည။

နေရာကား ကျောင်းဒကာကြီး ဦးစံဖေ၏ ခြံနောက်ဘက် ကောက်ရိုးပုံမှာ ဖြစ်သည်။ ထိုကောက်ရိုးပုံ၌ ချစ်သူနှစ်ဦးသည် ချိန်းချက်တွေ့ဆုံကြရင်း ချစ်စကားတွေ တွတ်ထိုးမဝအောင် ဖြစ်နေကြသည်။

ထိုချစ်သူနှစ်ဦး။ တစ်နည်းအားဖြင့် ဒွိယံ–စုံတွဲနှစ်ဦးကား မည်သူမည်ဝါတွေ ဖြစ်ကြပါ၏ဟု ဆိုလိုလျှင် အဆွေစာရှုသူတို့ အံ့အားသင့်ချင်လည်းသင့်မည်။ ဘာမျှ အံ့အားသင့်စရာ မဟုတ် ပါဘူးဟု ပြောချင်လည်း ပြောကြပါလိမ့်မည်။

ထိုဒွိယံနှစ်ဦးကား အခြားမဟုတ်။

ဘုန်းကြီးလူထွက် လူပြန်တော် ဆရာပီ(ပ)၏တူ အမောင်တက်ပုနှင့် ကျောင်းဒကာကြီးဦးစံဖေ၏ ထပ်ဦးတည်း

www.burmeseclassic.com

www.burmeseclassic.com



သောသမီး ဂျမ်းတောမတို့ပါတည်း။ သူတို့ချင်း တော့လွှဲကလေးတွေ လွှဲခဲ့ရသော အဖြစ်သနစ်တွေက အများကြီး။ ခုကျတော့လည်း သတ္တဘာဂ ဖူးစာရေးနတ်က အကြင်အမောင်နှင့် အကြင်အမိတို့အား မေခနှင့် မေလိခမှသည် ဧရာဝတီမြစ်ကြီးအသွင်ပေါင်းစည်းပေးရန် အကြောင်းဖန်ပေးလိုက်ရာ ခုလိုမျိုး ကြင်သရွှေ ရင်ငွေ့လှုံသည့်ကိန်းသို့ ဆိုက်ရောက်ခဲ့ရလေတော့သည်။

"သိပ် ့သိပ် ့ချစ်တယ် ့ဂျမ်းလေးရယ်"

"ဒီကလည်း သိပ်ချစ်ပါတယ် ကိုတက်ရယ်"

"ချစ်ရင် ့"

"အို ့ဒီလူကြီး ဘာလုပ်မလို့လဲ"

"ဂျမ်းရဲ့ ခြေထောက်ကလေးတွေ အညောင်းအညာပြေရအောင် ချီးပေးမလို့ပါ ဂျမ်းရဲ့"

"ဟွန်းနော် ့အညာသား။ တော်တော်လေး ပလီပလာများ"

"မများရပါဘူး ဂျမ်းလေးရယ်။ ကိုတက်တော့လေ ့ဒီလိုမျိုး နေရတာကြာတော့ လောကကြီးကို ငြီးငွေ့လာပြီသိလား"

"လောကကြီးကို ငြီးငွေ့လာပြီဆိုတော့ ဘုန်းကြီးပြန်ဝတ်မလို့လားဟင်။ အဲသည်လို မလုပ်ရဘူးနော်"

"မဟုတ်ရပေါင် ဂျမ်းလေးရယ်။ တစ်ကိုယ်တည်း မနေချင်တော့ဘူး။ ဂျမ်းလေးတို့အိမ်ပေါ်တက်လို့ ပွဲနိုးတန်းတင် အကြင်လင်မယား ဖြစ်ချင်ပြီလို့ ပြောတာ"

"မတောလွန်းဘူးလား ကိုတက်ရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟောဗျာ့။ ဂျမ်းလေးရဲ့ အသက်ကို ပြန်တွက်စမ်း။ စောလွန်းလို့ စောင့်ရမယ်ဆိုရင် ဘိုးဘွားရိပ်သာရောက်မယ့် အရွယ်ကျမှ အတူနေရတော့မှာလား"

"ဒီလိုတော့လည်း မဟုတ်ပါဘူး ကိုတက်ရယ်"

"ဒါဖြင့် ခုလာမယ့်အပတ်ထဲ အိမ်က ဦးလေးနဲ့ အဒေါ်တို့ကို အကျိုးအကြောင်းပြောပြီး နားလာဖောက်မယ်လေ။ ဘယ့်နှယ်လဲ "

"အမယ်လေး လေး။ အပြောကတော့ လွယ်လိုက်တာ။ ကိုတက် အဘအကြောင်း မသိဘူးလား"

"သိပါ့ဗျာ ရပ်ရွာမှာ သာရေးနာရေးတွေပေါ်လာရင် အိမ်ဦးခန်းထိုင်ပြီး ကျောင်းဒကာ၊ ဘုရားဒကာဆိုတဲ့ဂုဏ်ပုဒ်နဲ့ ကြက်သွန်ကြော်၊ ပုစွန်ခြောက်နိုင်းချင်းနဲ့ လက်ဖက်တုတ်တုတ်တာရယ်၊ ဝါတွင်းဝါပဥပုသ်နေ့ တရားပွဲတွေကျရင် ဘုန်းကြီးရဲ့ တရားထောက်လုပ်တတ်တာရယ်၊ အစားအသောက် ချဉ်ချိန်မစားဘဲ နင်းဖြစ်ားတတ်လွန်းလို့ ညညထ,ထယောင်တတ်တာတွေရယ်။ ကဲ ကိုတက်သိတာတွေ ဟုတ်တယ်မှုတ်လား"

"အဲဒါတွေ ပြောနေတာ မဟုတ်ဘူး။ အဘကလူတစ်မျိုး ကိုတက်ရဲ့။ မူးယစ်သေစာ သောက်စားတာ လုံးဝမကြိုက်ဘူး။ ပြီးတော့ လောင်းကစားအပျော်အပါး လက်လျားလက်လျား နေတာမျိုးကို

www.burmeseclassic.com



သိပ်မုန်းတာ''

''အိုး . အဲဒါတွေနဲ့ ကိုတက်နဲ့က ဘာဆိုင်လို့လဲ''

''ဆိုင်တာပေါ့။ ဆိုင်တာမှ သိပ်ဆိုင် . သိပ်ဆိုင်၊ ဒက်ထိ ကွက်တိကိုဆိုင်တယ်။ ကိုတက်ဟာ အစ်ကို ဖိုးချဲတို့၊ ကိုသာဂဒိုးကြီးတို့နဲ့ ပေါင်းပြီး ထန်းရည် သောက်တယ်။ ရွှေပန်းတောက ဖဲသမား၊ ဖဲလိမ်ဝိဇ္ဇာ ညွှန့်တင်နဲ့တွေ့ရင် အဖော်လိုက်တယ်။ အလုပ်အကိုင် တစ်ခုခုကို ဘာမှ ဇောက်ချမလုပ်ဘဲ ရွာရိုးကိုးပေါက် ကိုးကျင်းကိုးကျင်း လျှောက်ထွက်တယ်။ ကိုင်း . အဘကြိုက်တဲ့ အရည်အချင်းဆိုလို့ ဘာတစ်ခုရှိလို့လဲ''

''ဟာ . အဲဒါတွေဟာ ဂျမ်းလေးနဲ့သာ အတူနေရပြီဆိုရင် ကိုတက်လေ လုံးဝဥဿုံ စွန့်လွှတ်ပစ်မှာပေါ့''

''တစ်မြန်နေ့ညတုန်းက . အရှေ့ရိပ်သာဘေးက မြေကွက်လပ်မှာ ကိုသာဂဒိုးကြီးတို့အုပ်စုက ပါးစပ် ဆိုင်းတီးပေးတော့ အကျႌကျောပြောင်ကြီးနဲ့ ကွေးနေအောင် ကနေတာကို အဘတွေ့သွားတော့ 'တော်တော် အရှက်နည်းတဲ့ လူပြိန်တော်ပဲတုံး'လို့ ပြောနေတာ ကျုပ်နားနဲ့ ဆတ်ဆတ်ကြားလိုက်ရယ်။ ဒီ အတိုင်းဆိုရင်ဖြင့် ကျုပ်နဲ့ ကိုတက်ကို အဘအနေနဲ့ သဘောတူဖို့ရာ သိပ်မလွယ်ဘူး ထင်တာပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် နိုးပြေးမယ် ဂျမ်းလေးရာ"

"အိုး အဲသလိုဆို အဘ လိုက်သတ်တာနဲ့ သေလိမ့်မယ်။ အဘက မျိုးရိုးဂုဏ်ကို သိပ်ပြီးတော့ ထိန်းသိမ်းစောင့်ရှောက်တာ။ အဘသတ်လို့ မသေခဲ့ ရင်တောင်မှ အမွေဖြတ်မှာ၊ သမီးအဖြစ် စွန့်လွှတ်မှာ တော့ သိရဲ့လား"

"ဟူး ခက်ပါလားကွာ။ အို ဘာပဲဖြစ်ဖြစ် 'ယောက်ျားတို့လုံ့လ သေးခါမှ အဲ ဟုတ်ပေါင် သေခါမှ လျှော့'တဲ့။ စစ်မရောက်ခင် ဘာဖြစ်လို့ မြား အကုန်ခံရမှာတဲ့လဲ။ ဂျမ်းတောမဆိုတဲ့ တောပန်းလှလှ ကလေးကို ပိုင်ပိုင်ပန်ဖို့ရာ ကိုတက် ကြိုးစားမယ်"

သည့်နောက်မှာတော့ ချစ်သူနှစ်ဦး၏ ကယုကယင် ချစ်ကျွံတင်နေမှုကို မမြင်ရဲသည့်အလား လခြမ်းဝါဝါကလေးသည် တိမ်လွှာထုကြား တိုးဝင်ကွယ်ပုန်းသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဒကာကြီး ဦးစံဖေသည် အသားတွေ တဆတ်ဆတ်တုန်လျက်ရှိ၏။ သည်ကတည်းက ဒေါ်သထုထည်မှာ လွန်စွာမှ ကြီးမားလှလေသည်ကော။

"ဘာဖြစ်လို့ ပေးစားရမှာလဲ။ မပေးစားနိုင်ဘူးကွ မပေးစားနိုင်ဘူး။ ငါ့သမီးနဲ့ ဘယ်လိုမျိုးမှ သဘောမတူနိုင်ဘူး။ ဘယ့်နှယ်ကွာ။ ဘုန်းကြီးလူထွက် လူပြန်တော်၊ ထန်းရည်ချိုး ဖဲသမားနောက်လိုက်၊ ရှူးတူးတူးပေါတောတော ချာတာတာနဲ့ ငါ့သမီးကို ပေးစားရမယ်လို့။ ဟွန်း ဘယ်နည်းနဲ့မှ သဘောမတူဘူးလို့ မငြိမ်းခင်ကတစ်ဆင့် ပြောလိုက်စမ်း"

ဒေါ်သည်းအူက ယနေ့ညနေတွင် ဆရာဦးဝိယတို့ ဇနီးမောင်နှံက လူကြီးသူမများနှင့် အိမ်သို့လာကာ သမီးကျွန်ဝတာမအား လာရောက် တောင်းရမ်းတော့မည်အကြောင်း စင်ပွန်းသည်

www.burmeseclassic.com



ဦးစံပေအား ပြောပြလိုက်ရာ ဦးစံပေအဖို့ 'ဇာတိပုည၊ ဂုဏ်မာန ခြင်း သံပဟုန်းဟုန်း ဘက်မဲ့ကြီး'ရင်း အကြီးအကျယ် ဒေါသူပုန် ထနေလေတော့သည်။

"အဲသည်လို ပစ်ပစ်ခါခါလုပ်လို့ မဖြစ်ဘူးထင် တယ် ကိုစံပေ။ 'သမီးကညာ၊ ရွယ်ရောက်လာ၊ ချိန်ခါမလင့်စေနဲ့'တဲ့။ တော့်သမီး အသက်ကလည်း ငယ်တော့တာ မဟုတ်ဘူး"

"ငယ်ငယ်ကြီးကြီးကွာ။ ဒီလိုဟာမျိုးနဲ့တော့ ဘယ် နည်းနဲ့မှ မပေးစားနိုင်ဘူး။ ဒါမျိုးကို ပေးစားမယ့်အစား ချွေးကိုပဲ အမြီးဖြတ်ပြီး ပေးစားပစ်မယ်"

"တော် ့ပေါက်တတ်ကရတွေ ပြောမနေနဲ့။ ဒါဆို့ တော့်သမီး ဘာဖြစ်သွားမလဲ တော်ကရော ဘာဖြစ်သွားမလဲ"

"ခွေးမယား ‒ ခွေးယောက္ခမ ‒ အယ် ‒ တော် ့တော်စမ်းဟာ"

"ဒါကြောင့် ပြောတာပေါ့ရှင့်။ ခုကိစ္စမှာ ကျုပ်တို့ သမီးကလည်း ပါနေတဲ့ဟာ။ အခြေအနေတွေက ဘယ်လိုမှန်းမသိဘူး။ တော်ကြာ ကျုပ်တို့ အရှက်တွေ ပြန်းပြန်းကွဲကုန်လိမ့်မယ်။ တကယ်တော့ မောင်တက် ပုဟာ တော်ယူဆထားသလောက် ပျက်စီးနေတဲ့ သူငယ်လည်း မဟုတ်ပါဘူး။ ပြုပြင်ထိန်းမတ်ပေး လိုက်ရင် လူကောင်းသူကောင်းလေး ဖြစ်သွားမှာပါ။ သူဦးလေးဆိုတာဟာလည်း တော် တို့နာဖြစ်ဘုန်းက

www.burmeseclassic.com

www.burmeseclassic.com



အသက်ကယ်ခဲ့တဲ့ ကျေးဇူးရှိတယ်လေ။ သူဦးလေးဆီမှာ ဆေးပညာသင်ယူပြီး ဆေးဆရာလုပ်မှာဆိုတော့ မဆိုးပါဘူးတော်။ နောက်ပြီးတော့ တရားပေစာလည်း အတန်အသင့် တတ်တယ်ဆိုပဲ"

"ဟာကွာ ဒါများ ဘာအထင်ကြီးစရာ ရှိလို့လဲ။ ဆေးဆရာဆိုတာ လူနာရှိမှ ဝမ်းဝတာကွ။ တို့သင်တိုင်းရွာကလူတွေဆိုတာ ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည်းပဲ။ ခုထိ အဲဒီ တက်ပုဆိုတဲ့ကောင် ဘာများ ပြောစမှတ်ရှိလောက်အောင် လုပ်ပြတာရှိလို့လဲ။ ငါတော့ လုံးဝကို သဘောမကျဘူးဟေ့"

"ခုဟာက တော်သဘောကျတဲ့ ကိစ္စမဟုတ်ဘူး။ တော့်သမီး သဘောကျတဲ့ ကိစ္စ"

"အဲဒါကြောင့် ဒီလိုမျိုးသမီးကို ဖနောင့်နဲ့ ပေါက်သတ်ချင်တာ"

စကားတွေ တစ်ယောက်တစ်ခွန်း ဆိုသလို အပြန်အလှန် ပြော ဆိုကြသည်မှာ ဘယ်ရွေ့ဘယ်မျှ ကြာသွားလေသည်မသိ။ ခြံပေါက်ဝဆီမှ ဒေါ်ငြိမ်းခင်သည် အုန်း၊ ငှက်ပျောပွဲကိုရွက်၍ အိမ်သို့ လှမ်းဝင်လာနေသည်။ သူမ၏နောက်မှာတော့ ဆရာဦးပိယနှင့် ဒေါ်သင်းထုံတို့ လင်မယား၊ ပြီးတော့ သင်တိုင်းရွာ၏ ရပ်မိရပ်ဖများ။

သည့်အတွက် ပြောလက်စစကားကို ဖြတ်၍ ဒေါ်သဥ္ဇရူသည် ဧည့်သည်များထိုင်ရန် သင်ဖြူးဖျာလိပ်ကို အလျင်အမြန် ဖြန့်ခင်းလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးစံဖေကတော့ မျက်နှာထိမျက်နှာထားဖြင့် သုန်သုန်မှုန်မှုန်။

"ကြွပါ ့ကြွကြွပါ။ အိမ်ဦးခန်းကို ကြွကြွပါ"

ဒေါ်သည်းအူက ဧည့်သည်များအား ဖိတ်ခေါ်ရင်း ကွမ်းအစ်၊ ဆေးလိပ်ခွက်နှင့် ရေနွေးဗန်းတို့ကို ချလိုက်သည်။ ဧည့်သည်များ အသီးသီး နေရာယူလိုက်ကြသည်။

"ကိုင်း ့လာရင်းကိစ္စကို သူကြီးကပဲ ဦးဆောင်ပြောပေးပါ ခင်ဗျာ"

ဆရာဦးပီယက သူကြီးဦးဘိုးသုန်အား တိုက်တွန်း ပြောဆိုလိုက်သည်။ သူကြီးဦးဘိုးသုန်လည်း ကော့လန်နေသော နှုတ်ခမ်းမွေးကို အကျင့်ပါနေသည့်အတိုင်း လက်ဖြင့်သပ်လိုက်ရင်း

"အဟမ်း ့အဟမ်း ့အဟမ်း ့

ခုလိုမျိုး ကျောင်းဒကာကြီးတို့ဆီ ကျူပ်တို့လာရတဲ့ကိစ္စကတော့ လောကီလူ့ဘောင်မှာ 'မပြောရင်လည်းမပြီး၊ မတီးရင်လည်းမမြည်'ဆိုတဲ့ သားရေးသမီးရေး၊ တစ်နည်းအားဖြင့် မင်္ဂလာကိစ္စပေပဲပေါ့ဗျာ။ ဟောဒီက ကျောင်းဒကာကြီး ဦးစံဖေနဲ့ ဒေါ်သည်းအူတို့ရဲ့သမီး ဂျမ်းတောမနဲ့ ဆရာဦးပီယ၊ ဒေါ်သင်းထုံတို့ရဲ့တူ မောင်တက်ပုတို့ စက္ကူရှုပေနှ–သံဝါသဆိုသလို တစ်ဦးအပေါ်တစ်ဦး မေတ္တာသက်ဝင် ချစ်ခင်စုံမက်နေကြပြီဖြစ်တဲ့အတွက် မိသားဖသားပီပီ လာရောက်တောင်းရမ်းကြတာပါပဲခင်ဗျာ။ ကျောင်းဒကာကြီးတို့ဘက်ကနေနဲ့ လက်ခံမယ်ဆိုရင် လက်ထပ်ဖို့အရေး ရက်မြတ်ကို

www.burmeseclassic.com

www.burmeseclassic.com



ရွှေးကြွတာပေါ့ခင်ဗျာ။ အဟမ်း .အဟမ်း .
အဟမ်း _''

သူကြီးဦးဘိုးသုန်က လာရင်းကိစ္စကို ပြောဆိုပြီး သကာလ မဖျောက်နိုင်သော အမူအကျင့်အရ ၎င်း၏ နှုတ်ခမ်းမွေးကျင်စွယ်ကို သပ်လိုက်ပြီး ငုံ့ထားသော ရေနွေးကြမ်းခွက်ကို ကောက်ကိုင်လိုက်သည်။ အားလုံးသည် ကာယကံရှင် ဦးစံဖေထံမှ ပေါ်ထွက်လာမည့်စကားကို နားစွင့်နေကြလေသည်။

''ဟာ .ဒါတော့ မဖြစ်နိုင်ဘူးထင်တယ် သူကြီး။ ဘာကြောင့်ဆို ကျုပ်သမီးက ခင်ဗျားတို့လူကို မေတ္တာသက်ဝင်မှု မရှိတဲ့ဥစ္စာပဲ''

ဦးစံဖေက တုံးတိကြီး ပြောဆိုလိုက်သည့်အတွက် အားလုံးမှာ ပါးစပ်အဟောင်းသား ဖြစ်သွားကြလေသည်။ ဤသို့ ဟာလာစကပ်ပိုင်ရှင် ဦးသံချောင်းက သူပါလာ၍မှ စကားတစ်ခွန်းမျှ ဝင်ရောက်ပြောဆိုခြင်း မရှိလျှင် ရာဇဝင်ရိုင်းသွားမည်ဟု ခံယူကာ —

''ဒီလိုတော့လည်း ကျောင်းဒကာကြီးအနေနဲ့ တစ်ဖက်သတ် ပြောလို့ မဖြစ်ဘူးလေ။ ဒါဟာ လူငယ်တွေရဲ့ ကိစ္စမို့ လူငယ်တွေချင်း ရှင်းမှလင်းမှ ရမှာပါ။ မဟုတ်ဘူးလား သူကြီးရဲ့''

''ဟုတ်တာပေါ့ ကိုသံချောင်းရယ်။ ဒီကိစ္စမှာ ဒရင်းခံကျတဲ့ ကျောင်းဒကာကြီးရဲ့သမီးကို ခေါ်မေးမှ ကိစ္စပြတ်မှာပါ''

''ဟာ .ဘာဖြစ်လို့ ခေါ်မေးရမှာလဲ။ ခေါ်မေးလို့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ‚ မဖြစ်နိုင်ဘူး”

အခြေအနေတွေက ဦးစံဖေ၏ ကြောက်ကန်ကန် ငြင်းဆိုမှုကြောင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားရသည်။

“ဟုတ်ပါတယ် ‚ကျောင်းဒကာကြီးရယ်။ ကွဲကြကွာကြဆိုတော့ ကျောင်းဒကာကြီးတို့က၊ လွမ်းရဆွေးရဆိုတော့ ကလေးတွေဘက်ကဆိုရင် တရားနည်းလမ်းမကျဘူးလို့ ထင်ပါတယ်”

အပျက်အပျက်နှင့် နှာခေါင်းသွေးထွက်မည့်အရေးအတွက် မနေသာတော့ဘဲ သရာဦးပိယက ဝင်ရောက်ပြောဆိုလေသည်။ သည့်အတွက် ဧည့်သည်များအပေါ် ဒေါ်သည်းအူက အားနာလာဟန်ရှိသည်။

“ကိုစံဖေ့နှယ်တော် ‚။ ဧည့်သည်တွေ အားနာစရာ။ အားလုံးစိတ်တိုင်းကျ ဖြစ်အောင် သမီးကိုခေါ်ပြီး အားလုံးရှေ့မှာ ပြတ်ပြတ်သားသားမေးမှ တရားနည်းလမ်းကျတော့မပေါ့။ သမီးရဲ့သဘောထားအမှန်ကို သိရင် နှစ်ဦးနှစ်ဖက် ကျေနပ်စရာပေါ့ ‚ မဟုတ်ဘူးလား”

ဒေါ်သည်းအူမှ နည်းမှန်လမ်းကျ ပြောဆိုလိုက်သည့်အတွက် ဘာမျှ စောဒကမတက်သာတော့ဘဲ ဦးစံဖေလည်း အိပ်ခန်းဘက် ခေါင်းငုံ့ကာ ဘောင့်ဖော့ဖောင့်အောင့်အောင့်ဖြင့် အော်လိုက်လေတော့၏။

“ဟဲ့ ‚ဂျမ်းတော့မ၊ အခန်းထဲက ထွက်လာခဲ့စမ်း”

www.burmeseclassic.com

www.burmeseclassic.com



သည်အသံက ဂျမ်းတောမခေါ်ရင်ကို ဒိန်းခနဲ ခုန်လှုပ်စေခဲ့၏။ သူမသည် အခန်းတွင်းရှိနေရင်း ထဲရုံအပါး နားကပ်ကာ နားစိုက်နေသည့်အတွက် လူကြီးတွေ ပြောနေဆိုနေကြသော စကားသံတို့ကို အတိုင်းသား ကြားခဲ့ရပါ၏။ ကြားရသမျှမှာလည်း အဘ၏ ဂျစ်တီဂျစ်ကန်လုပ်နေမှုကြောင့် အဆင်မချောမှန်း သဘောပေါက်ရသည်။

"ဟဲ့ . သမီး၊ ညည်းအဘ ခေါ်နေတယ်လေ။ ထွက်ခဲ့ . အပြင်ကို ထွက်ခဲ့"

"ဟုတ် . ဟုတ်ကဲ့ . အမေ"

ပြောသာပြောလိုက်ရသည်။ အဘကို ကြောက်လွန်းမက ကြောက်စိတ်ပျော့ဝင်နေမိသည့်အတွက် အခန်းအပြင်သို့ထွက်ရန် မဝံ့မရဲ။ သည့်အတွက် ဒေါ်မြမ်းခင်က အလိုက်တသိဖြင့် ဂျမ်းတောမအခန်းထဲသို့ ဝင်သွားခဲ့သည်။

"ဟဲ့ . ဂျမ်းတောမ၊ လာခဲ့လေ။ ဟိုကျရင် စိတ်ထဲရှိတဲ့အတိုင်း ရဲရဲသာပြော။ ဘာမှမကြောက်နဲ့။ ရပ်မိရပ်ဖတွေအားလုံး မှန်တဲ့ဘက်က ရပ်တည်ပေးကြလိမ့်မယ် . ။

အေး . ညည်းအဘကိုကြောက်ပြီး မထုံတတ်သေးနဲ့ ညည်းအဘဘက်လိုက်လို့ကတော့ လင်ကွဲပြီသာ မှတ်တော့"

"ဟုတ် . ဟုတ်ကဲ့"

ရှူတွန့် ရှူတွန့်ဖြင့်ပင် ဒေါ်မြမ်းခင် ဆွဲခေါ်ရာ အခန်းအပြင်ဘက်သို့ ဂျမ်းတောမ လိုက်လာခဲ့ရသည်။ ပြီးတော့ အဘ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့ကွင် ကျုံ့ကျုံ့ယဲ့ယဲ့ကလေး ထိုင်ချလိုက်သည်။

"ကိုင်း . .အဘကို မှန်တဲ့အတိုင်းပြောစမ်း။ ညည်း . .ဟောဒီ ဆရာဦးပိယရဲ့ဘု ဘုန်းကြီးလူ ထွက် လူပြန်တော်တက်ပုကို ကြိုက်သလား။ မကြိုက် ဘူးလား"

ဖခင် ဦးစံဖေ၏ တုံးတိပြတ်သားလှစွာသော အမေး ကြောင့် ဂျမ်းတောမချော ရင်ထဲ လှိုက်ခနဲ ဖိုသွားပြန်လေသည်။ အဖြေကို ဘယ်လိုပေးရမှန်း မသိ။

"ဟဲ့ . .ငါမေးနေတယ်လေ။ နင် တက်ပုကို ကြိုက်သလား။ မကြိုက်ဘူးလားလို့"

ဧည့်သည်အားလုံး၏ အကြည့်များစွာက ဂျမ်းတောမ အပေါ်သို့ လွှမ်းခြုံရောက်ရှိနေကြသည်။ ဂျမ်းတောမ၏ တစ်ကိုယ် လုံးသည် တုန်ယင်လျက်ရှိ၏။ မျက်လုံးမှာလည်း မျက်ရည်ကြည်ဥ တွေ အဝိုင်းသား။ ဤတွင် မသင်းထုံက .

"တူမကြီး . .မြုံမထားနဲ့။ ဒီကိစ္စဟာ မြုံထားလို့ မရဘူး။ မဟုတ်မမှန်လည်း မပြောရဘူး။ ဖွင့်ပြော လိုက်။ ရင်ထဲရှိတဲ့အတိုင်း မခြွင်းမချန် ဟုတ်မှန်ရာ အတိုင်း ပြောလိုက်"

ဟူ၍ ပြောဆိုလိုက်ရာ ဒေါ်ငြိမ်းခင်ကလည်း ဖေးဖေး မမနှင့် –

"ဟုတ်သားပဲ ဂျမ်းတောမရယ်။ ဒီကိစ္စမျိုးဆိုတာ ရှက်နေ ကြောက်နေရတာမျိုး မဟုတ်ဘူး။ ခေါ်တို့ လည်း ငယ်ရာက ကြီးလာကြတဲ့ဥစ္စာ။ ကြိုက် ကြိုက်

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မကြိုက် မကြိုက်ဘူးပေါ့။ ရဲရဲသာပြော။ ခု ဆရာဦးပိယတို့၊ မသင်းထုံတို့ လာကြတာလည်း မောင်တက်ပုက တူမကြီးအနေနဲ့ လာရောက်တောင်းရမ်းလှည့်ပါပြောလို့ ရပ်မိရပ်ဖအစုံအလင်နဲ့ ရောက်လာကြတဲ့ဥစ္စာ''

ဂျမ်းတောမ၏ နှုတ်ဖျားမှ တစ်ခွန်းသော အဖြေစကားကို ကြားလိုကြသည့်အတွက် အားလုံးက တိုက်တိုက်တွန်းတွန်း။

ဂျမ်းတောမ ဘာမျှ မပြောနိုင်သေး။ မေးကြောကြီးများထောင်ထနေသော အဘကိုလည်း လန့်သည်၊ သူမအဖွဲ့ အဘ၏အလိုသို့ လိုက်ခဲ့ပါက စိတ်ကူးထဲ၌ တည်ဆောက်ထားခဲ့သော ချစ်ဗိမာန်ဘုံနန်းကြီး ပျောက်ဆုံးသွားမှာကိုလည်း စိုးရိမ်သည်။ သည်တော့ အကြောင်းမဲ့ ဖျာအစပ်၌ ထိုးထွက်နေသော ဖျာစကိုဆွဲရင်း မျက်ရည်တို့က ပိုးပိုးပေါက်ပေါက်ကျကာ 'တဟင့်ဟင့် တအင့်အင့်' ရှိုက်သံတွေ ပေါ်ထွက်လာသည်။

အားလုံးသည် ဂျမ်းတောမ၏အဖြစ်ကို သနားကရုဏာဖြစ်ပေါ်လျက် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေကြသည်။ သည်အချက်ကို အကွက်ကောင်းအဖြစ် ထင်မှတ်ယူဆလျက် အောင်မြင်ကြွားဝံ့သောအသံဖြင့် ဦးစံဖေ တစ်ခွန်း ထလာသည်။

''ကိုင်း ကျုပ် မပြောဘူးလားဗျာ။ ကျုပ်သမီးက ခင်မျှားဘို့ တက်ပုဆိုတဲ့သူငယ်ကို မကြိုက်ပါဘူးလို့။ အလကား ခင်မျှားတို့ အလုပ်ပျက် အကိုင်ပျက်ခံပြီး လာကြရတယ်လို့။

ကိစ္စမရှိပါဘူး။ ခင်မျှားတို့ ကျုပ်တို့ဆိုတာတွေ့က

www.burmeseclassic.com

www.burmeseclassic.com



သူစိမ်းတစ်ရံခံတွေမှ မဟုတ်ကြတာပဲ။ ကျုပ် နား
လည်သိနိုင်ခွင့်လွှတ်ပါတယ်။ ကိုင်း ..ကန်တော့ပွဲ
ယူပြီး ပြန်ကြွကြပါတော့ ခင်ဗျာ"

ဦးစံဖေက ဧည့်သည်များအား ယဉ်ယဉ်ကျေးကျေးဖြင့်
ပညာသားပါပါ နှင်လွှတ်လိုက်သည်။ သည့်အတွက် ဧည့်သည်
တို့လည်း ကန်တော့ပွဲ မ,ကာ တပ်ခေါက်ပြန်ရန် ပြင်ကြသည့်
အခိုက် –

"အီး ..ဟီး ..ဟီး ..ဟီး ..ဟီး ..အီး ..ဟီး
..ဟီး ..ဟီး"

ဂျမ်းတောမ၏ ရှိုက်ကြီးတငင် အော်ဟစ်ငိုကြွေးသံ ပေါ်
ထွက်လာရာ ဧည့်သည်များ တုံ့ခနဲ ဖြစ်ရပြန်လေသည်။ သည်
အဖြစ်ကိုကြည့်၍ မိခင်ဖြစ်သူ ဒေါ်သည်းအူ မနေသာတော့။

"သမီးရယ် ..ကြိုက် ကြိုက်တယ်၊ မကြိုက်
မကြိုက်ဘူးပေ့ါ။ ပြောသာချလိုက်။ တော်ကြာ ..တစ်
ရက်ကနေ နှစ်ရက်ဖြစ်ရင် မကောင်းဘူး"

ခင်ပွန်းဖြစ်သူ ဦးစံဖေကို ကြောက်ရသော်လည်း သမီး
ကညာကို အခါသင့်အခွင့်ပေးတုန်း အိမ်ထောင်ရက်သား ချပေး
ချင်သည့်စိတ်ကြောင့် တိုက်တွန်းပြောဆိုလိုက်လေသည်။ ဦးစံဖေ
အဖို့ ကိစ္စဝိစ္စ ပြီးပြတ်ခါနီးမှ မယားဖြစ်သူက ဝင်လာနှောင့်ယှက်
လေသည့်အတွက် မျက်နှာကြီး နီမြန်းကာ မျက်စောင်းခဲလိုက်ပြီး

"ဟဲ့ ..ဒါ မသာအိမ်မဟုတ်ဘူး။ ကျက်သရေ
မရှိ ငိုမနေနဲ့။ နင့်ကြောင့် ပြန်တော့မယ်လုပ်တွေ မျိုး
ဘဲ ဖြစ်နေတယ်။ ကိစ္စကို မြန်မြန်ဖြတ်၊ မပြတ်ရင်

www.burmeseclassic.com

www.burmeseclassic.com



ငါနဲ့အတွေ့ပဲ။ သမီးရော ဘာရော ညှာနေမယ် မထင်နဲ့"

ဟူ၍ ကြိမ်းမောင်းလေရာ ဂျမ်းတောမသည် ပို၍ ဝမ်းနည်းလာပြီး တအင့်အင့် ရှိုက်လေတော့သည်။ ဧည့်သည်များသည် ဂျမ်းတောမကို ငေးကြည့်နေကြလေသည်။ ဤအတွင် အရိပ်အခြည်ကို နားလည်သော ဦးဘိုးသုန်က ပွဲသိမ်းစကားဆိုရလေတော့သည်။

"ကျုပ် ဝစ်ခုပဲ ပြောပါရစေတော့ ကျောင်းဒကာကြီး"

"ပြောပါဗျာ ပြောပါ ပြောပါ။ ကိစ္စက ရှင်းနေပြီပဲ အဟဲ"

"ကျုပ်လည်း ငယ်ရာက ကြီးလာတဲ့သူမို့ ကလေးတွေရဲ့ အနေအထားကို အကဲခတ်တန်မိသလောက်တော့ အကဲခတ်မိပါတယ်။ ခုဟာက သူတို့ချင်းမေတ္တာရှိနေကြတဲ့ အနေအထားပါ"

"ဘာ ဗျ။ မေတ္တာရှိနေကြတဲ့ အနေအထား ဟုတ်လား။ ဒါဆို ကျုပ်သမီးက ပြတ်ပြတ်သားသား အဖြေပြောမှာပေါ့ဗျ"

"ပြောတော့ ပြောချင်နေပုံပါပဲ ကျောင်းဒကာကြီးရယ်။ ဒါပေတယ်လို့ ကလေးမလေး ကြည့်ရဘာ ကျောင်းဒကာကြီးရဲ့ အဟန့်ကို အတော်ကလေး ထိတ်လန့်နေတဲ့ပုံပါ။ ကျုပ်လည်း အုပ်ချုပ်ရေးပိုင်းမှာ အတွေ့အကြုံ အတန်အသင့်ရှိတဲ့သူပါ။ လူတစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာ ကြောက်ရွံ့ထိတ်လန့်စရာတွေ ရှိနေရင် အမှန်တရားက အဝေါ်နဲ့ ပေါ်ထွက်မလာတတ်ပါဘူး"

"ဒါဖြင့် သူကြီးဆိုလိုတာက ကျုပ်သမီးဟာ ကျုပ်ကို လန့်နေလို့ အမှန်အတိုင်း မထွက်ရဲဘဲ ဖြစ်နေတာပေါ့ ဟုတ်လား"

"သေချာတာပေါ့ ကျောင်းဒကာကြီးရယ်။ သိပ်ကို သေချာတာပေါ့။ တကယ်လို့များ ကျောင်းဒကာကြီးအနေနဲ့ ထိတ်လန့်အောင်မလုပ်ဘဲ စကားကို ချိုချိုသာသာပြောမယ်ဆိုရင် အဖြေတစ်ခုတော့ ရမှာပါ။ အဲဒီ အဖြေရရင် ကျုပ်တို့ ကျေကျေနပ်နပ်ကြီးနဲ့ ထပြန်ကြမှာပါပဲ"

"ဪ ဒီလိုလား။ ကောင်းပါပြီတဲ့ဗျာ။ ကောင်းပါပြီတဲ့။ ကိုင်း သမီး။ အဘ သိပ်ချစ်တဲ့ သမီးလေး"

ဦးစံဖေ၏ ခက်ထန်သော အမူအရာတို့မှာ အပြောင်းလဲကြီး ပြောင်းလဲသွားကြသည်။ မာရေကြောရေနိုင်လှသော စကားတို့သည် ပျော့ပျောင်းနူးညွတ်၍ နားမှာ ချိုလှသည်။

"သမီးကို အဘမေးမယ်။ ဘာမှ ကြောက်စရာမလိုဘူး။ ရင်ထဲရှိတဲ့အတိုင်း အမှန်သာ ပြောချလိုက်။ အဲသည့်လို ပြောလို့လည်း သမီးလေးကို ဘာမှ အပြစ်မတင်ဘူး မဆူဘူး မရိုက်ဘူး။ သမီးအနေနဲ့ မောင်ကျော်ပုကို ကြိုက်ရင် ကြိုက်တယ်ပြော။ အဘ သမီးလေး

www.burmeseclassic.com



တို့ရဲ့ ချစ်ခြင်းကို မခွဲဘူး။ ပေဟာဒီ လူကြီးတွေရှေ့မှာကို ကြည်ဖြူစွာနဲ့ ပေးစားမယ်။

အဲ မကြိုက်ဘူးဆိုရင်လည်း ဧည့်သည်တွေကို ဘာမှ အားနာစရာမရှိဘူး။ ရဲရဲသာပြော။ အဘ အား လုံးရှင်းပေးမယ်။

ဒီနေရာမှာ သမီးလေး နားလည်အောင် အဘ ပြောချင်တာကတော့ အိမ်ထောင်ပြုတယ်ဆိုတာ တစ် ဘဝလုံးနဲ့ ဆိုင်တဲ့ကိစ္စဆိုတာပါပဲ။ 'ကုန်ရှုံးတော့တစ် ခေါက်၊ လင်ရှုံးတော့တစ်သက်'တဲ့။ 'အိမ်ထောင်မှု ဘုရားတည် ဆေးမင်ရည်စုတ်ထိုး၊ သည်သုံးမျိုး ချက်မပိုင်လျှင် နောင်ပြင်နိုင် ခက်သည့်အမျိုး'တဲ့။

ကိုယ်နဲ့ ထာဝရလက်တွဲသွားရမယ့် ဘဝအဖော်ဆို တာ ကိုယ့်ကျင့်တရား ကောင်းဖို့လိုတယ်။ သားမယား ကို ဝမ်းဝ၊ ခါးလှအောင် လုပ်ကိုင်ကျွေးမွေးနိုင်ရ မယ်။ ထန်းရည်ချိုး ဖဲချိုး၊ ရပ်တကာလှည့်ပြီး လတ် လျားလတ်လျား လုပ်နေတဲ့သူဆိုရင်တော့ လင်ကုန်ရှုံး လိမ့်မှာနော်။ ဒါဆိုရင် အဘ ဘာကိုရည်ရွယ်ပြီး ပြောတယ်၊ အဘစိတ်ဆန္ဒ ဘယ်လိုရှိတယ်ဆို တာကို ငါ့သမီး သဘောပေါက်ပါလိမ့်မယ်"

ဦးစံဖေက သူလိုချင်သော လမ်းကြောင်းကလေးအတိုင်း စီးဆင်းလာစေရန် စကားကို မြောင်းဖောက်ပေးနေသည်။ ဦးခေ နှင့်တကွ အားလုံးကလည်း ဂျမ်းတောမထံမှ မည်သို့သော စကားအဖြေ ထွက်လာမည်ကို စိတ်ဝင်စားခြင်းကြီးစွာဖြင့် ငံ့လင့်

www.burmeseclassic.com



နေကြလေသည်။ သို့တိုင် တဟင့်ဟင့် ရှိုက်သံကလွဲ၍ ဂျမ်းတောမထံမှ မည်သည့်စကားအဖြေမျှ ထွက်ပေါ်မလာသေး။ သည်တော့ ဒေါ်သည်းအူက စကားဖြတ်ရန် တိုက်တွန်းရတော့၏။

"ပြောလေ ့သမီး။ မောင်ထက်ပုကို သမီးမကြိုက်ဘူးလား။ ဒါမှမဟုတ် မောင်တက်ပုကို သမီးကြိုက်သလား"

"ပြောလေသမီး။ အဘ ့သမီးရဲ့စကားကို နားထောင်နေတယ်။ ရပ်မိရပ်ဖလူကြီးစုံရာရှေ့မှာ ရဲရဲကြီးသာ ပြောချလိုက် ့ပြောချလိုက်"

သို့တိုင်အောင် ဂျမ်းတောမနှုတ်ဖျားမှနေ၍ မည်သည့်အဖြေစကားမှ ထွက်ပေါ်မလာတော့ပါ။ ဦးစံဖေ စိတ်ပေါက်လာခဲ့ပါပြီ။ ထို့ကြောင့်လည်း စိတ်ရှည်ရှည် မထားနိုင်တော့ဘဲ ဖနောင့်နှင့်ပေါက်ရန် ခြေအရွယ်တွင် ဂျမ်းတောမသည် ရုတ်ချည်းနောက်သို့ဆုတ်ကာ နှုတ်မှ ့

"ကျွန်မ ့ကျွန်မ ့ကိုတက်ပုကို ကြိုက်တယ်တော့။ အဟင့် ့အဟင့် ့ကိုတက်ပုကို ကျုပ် ကြိုက်တယ်"

ဟူ၍ လွှတ်ခနဲ ဝန်ခံထွက်ဆိုသွားသည့်အခိုက် ဘုရင်းဒကာကြီး ဦးစံဖေလည်း မေးကြောကြီးတွေထောင်၊ မျက်လုံးတွေဝင်းဝင်းတောက်လျက် ့

"တောက် ့အစကတည်းက ကြိုက်ရင်ကြိုက်တယ် ပြောလိုက်ပါလား။ ခုတော့ နင့်မှုလကျိုသွန်နီ

www.burmeseclassic.com



အလုပ်လွှန်လို့ ငါ့မှာ ဂေါ်တွေရွေ့ ဂလီစီချောက်ချက်
လုပ်တာ ပေါ်သွားတော့တယ်''

ဟုဆိုရင်း အပါးရှိ ကွမ်းအစ်ကြီးကိုဆွဲကာ ပြတင်းပေါက်မှ လွှဲပစ်လိုက်သောအခါ ကမ်းအစ်နှင့် မဟာပထဝီမြေကြီးတို့ အာဝါဟ ဝိဝါဟပြုကာ အသံသည် 'ဂွမ်း'ခနဲ ထွက်ပေါ်လာ၏။ ထုံးဘူးသည် မြေပြင်၌ လိမ့်ကာလိမ့်ကာ ရွေ့လျားရင်း ပတ်ကြား အက်ထဲသို့ ထိုးကျစုတေသွားလေ၏။ ကွမ်းသီးစိတ်တို့သည် မြေပြင်၌ ကြဲပက်လိုက်သည့်အလား ဖွေးခနဲ။

တို့ကား ကွမ်းရွက်များ၊ ဆေးရွက်ကြီးများမှာလည်း မြေပြင်၌ နသားပါရ လုပ်နေကြသည့်အနိုက် ကွမ်းအစ်ဖုံးနှစ်ရ နှင့်တကွ ကွမ်းအစ်ကြီးမှာလည်း ဒဏ်ရာဒဏ်ချက်တွေ အသီးသီးရလျက် မဟာပထဝီမြေပြင်၌ အတွင်းလူနာအဖြစ် မိန်းမောနေလေတော့သတည်း။

www.burmeseclassic.com

ယောက္ခမအိမ်ထက် သမက်ဟူသည် မျက်နှာငယ်ရစမြဲတည်း။

ဟိုသစ္စ—ဤစကား မှန်ပေစွ။

ဘုရားဒကာကြီး ဦးစံဖေနှင့် ဒေါ်သည်းအူတို့သည် ယခုအခါတွင် လူပြန်တော် မောင်တက်ပုအတွက် ယောက္ခမနှင့် သမက်ဟူသော ဆွေမျိုးသားချင်းတွေဖြစ်ကာ ဂျမ်းတောမတစ် မျက်နှာကို သင်တိုင်းရှာတစ်ရှာ ထင်လျက် ယောက္ခမအိမ်သို့ တက်လာခဲ့ရသည်။

သည်မှာတင် မျက်နှာငယ်စရာတွေ ကြိုကြားကြိုကြား ကြုံလာရတော့သည်။

ဂျမ်းတောမကား သူ့အပေါ် မြင်မြင်ချင်း မျှစ်ရှဉ့်အကုန် ချက်သလို ချစ်ခင်စုံမက်ခြင်း ကြီးရလေသဖြင့် လုံးဝဆိုင်းဝ ပြဿနာမရှိ။ ယောက္ခမအမကြီးဖြစ်သူ ဒေါ်သည်းအူကတော့ လည်း ၎င်း၏ လင်ယောက်ျားရှေ့၌ လင်ယောက်ျားအလိုကျ မျက်နှာထား တည်တည်နေသော်ငြား လင်ယောက်ျားကွယ်ရာမှာ

www.burmeseclassic.com



မှ "မောင်တက်ပု ့မောင်တက်ပု ့အို ့မောင်တက်ပု ့ငါ့သမက်ကလေး"ဟုဆိုကာ ပျော့ပျော့ပျောင်းပျောင်း ရှိရှာသည်။ ဒါကြောင့်လည်း ပြဿနာဟူ၍ မဆိုနိုင်ရှာ။

အဲ ့ကျောင်းဒကာ ယောက္ခထီးကြီး ဦးစံဖေကျပြန်တော့ ဘယ်ရေးရေစက်ကြောင့်လည်း မသိ။ မောင်တက်ပု မည်သောသမက်က ကျိုးကျိုးနွံ့နွံ့ နေထိုင်သော်ငြား ဦးစံဖေမည်သော ယောက္ခထီးကြီးကမူ အတော်ကလေးပင် မျက်စိစပါးမွေး စူးနေပုံရလေသည်။

မောင်တက်ပုသည် ဦးလေးပီယထံမှ ဆေးပညာကို ကြိုးစားသင်ယူခဲ့ပါ၏။ သည့်အတွက်ကြောင့် "လျက်ဆားအစ၊ ဝမ်းနုတ်ဆေးအလယ်၊ မီးမကာင်ဆေးအဆုံး" ဖော်စပ်နိုင်ပါပြီ။ တိုရည်ရှားရှည်ဆိုသလို ဆေးရောင်းရငွေကလေးများကိုလည်း ယောက္ခမအမကြီးထံ အပ်နှံနိုင်ပါပြီ။ သို့တိုင် စီးပွားဖြစ်တော့ မဟုတ်သေး။ သို့ရာတွင် ကိုယ်ပိုင်အမှတ်တံဆိပ်ဖြင့် ကြော်ငြာအား ကောင်းကောင်းသုံးကာ ဆေးဝါးထုတ်လုပ်လျှင်မူ တစ်နေ့မဟုတ် တစ်နေ့ ကြီးပွားချမ်းသာလိမ့်မည်ဟု ယုံကြည်သည်။

"အလကားပါကွာ ့။ ဘာမှ လောက်လောက်လားလား ငွေဝင်တဲ့အလုပ်မျိုး မဟုတ်ဘဲနဲ့။ ခင်းအလုပ်က 'ဆင့်အမြီး ခွေးမျှော်'တဲ့ အလုပ်။ ငါတော့ လုံးဝဆိုလုံးဝ အထင်မကြီးဘူး။

ဟိုတစ်နေ့က ကြည့်ပါလား။ ထင်းရှုံကို ခနိုအသစ်တွေ မိုးမိုင်းတဲ့ညစ္စာ။ တစ်ခြမ်းကတော့ ဟုတ်ပါရဲ့ အနိမ့်တန်းကို အမြင့်တန်းထပ်ပြီး မိုးချသွားတာ အဲ

www.burmeseclassic.com

www.burmeseclassic.com



ကျန်တစ်ဖက်ကျတော့ အမြင့်တန်းက စ,မိုးတော့ မိုးသာရွာချလိုက်ကြည့်။ တစ်ခြမ်းက မိုးလုံပြီး ကျန်တစ်ခြမ်းကတော့ မိုးရေတွေ တမြန်မြန်ကျပြီး ထင်းချောင်းတွေ စိုရွဲကုန်တော့မှာပဲ။ အဲဒါလောက်ကို နလပိန်းတုံးနိုင်တဲ့ကောင်။ အင်း ငါ့သမီးကလည်း ကြိုက်စရာရှားလို့ ဘာမှအဖြစ်မရှိတဲ့ ရပ်ကျော်ရွာကျော် လူပြိန်တော်ကိုမှ လင်စံရွေးရတယ်လို့ကွာ."

ပြောချင်ရာပြော၊ ဆိုချင်ရာဆိုပြီးနောက် သမက်မျက်နှာကို ရင်မဆိုင်လို၍ မာဖလာတစ်ထည် လည်ပင်းပတ်ကာ သင်တိုင်းရွာ ဘုန်းကြီးကျောင်းသို့ ထွက်ဖို့ရာ ပြင်နေလေ၏။

"တော့်အတွက်နဲ့ ခက်ရပါကလားနော်"

"ဟ ငါက ခက်နေတာ မဟုတ်ဘူး။ ခက်နေတာက မင့်သမက် မင့်သမက် ရပ်ကျော်ရွာကျော် လူပြိန်တော်သမက်"

"အို တော်၊ ခမျာမယ် အိမ်ထောင်ရက်သားကျသွားတော့လည်း အရင်ကလို အပေါင်းအသင်းတွေ တရုန်းရုန်းနဲ့ လတ်လျားလတ်လျား မရှိတော့ပါဘူး။ ထန်းရည်တောင်မှ တော့်ကိုကြောက်တာနဲ့ ရုံဖန်ရံခါ ပုန်းလျှိုးကွယ်လျှိုးလေးလောက်သာ သောက်ရှာတာပါတော်"

"ဩ နင်တို့က သူလူ ကိုသိ့ဘက်သား ဖြစ်ကြပါကလား။ ငါကတော့ အဖြစ်မရှိတဲ့မင်းကို အသုံးကျတယ်လို့ မထင်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်ဝယ် အိမ်ခြံဝင်းထဲသို့ မောင်တက်ပု ရောက်နှင့်နေပေပြီ။ ဖိနပ်ချွတ်ကပြင်ကို ကြည့်လိုက်တော့ ယောက္ခမကြီး ဦးစံဖေ၏ ဖိနပ်ကို တွေ့ရသဖြင့် အိမ်ပေါ်တက်ရန် မဝံ့မရဲဖြစ်နေရကား ခြေသံလုံလုံဝှက်လျက် ခေါင်းရင်းထရံအပါးသို့ တိုးကပ်သွားကာ နားနှင့်ထရံကို သံယောဇဉ် ဖွဲ့ပေးလိုက်တော့သည်။

အိမ်ထဲမှာတော့ ယောက္ခမ၏ ပိုသသောမေတ္တာတေးသံသည် အတုံးလိုက် အတစ်လိုက်။

"ဒီလိုသာ တော့်ပါးစပ်က သခွပ်ပင်က မီးတကျိုကျိုလုပ်နေရင် ဘယ်လောက်မှ လူဦးရေမရှိတဲ့ ကျုပ်တို့မိသားစုဟာ အိမ်ရှေ့ကပူ၊ အိမ်နောက် မချမ်းသာဆိုသလို ဖြစ်နေမှာပဲ။

ခုဆိုရင် တော်နဲ့ မောင်တက်ပုဟာ မခေါ်ချင်လို့ရတယ်။ မတော်ချင်လို့မရတဲ့ ယောက္ခမနဲ့သမက် ဖြစ်နေကြပြီပဲ။ လောကမှာ အရာရာကို အချစ်နဲ့ ကြည့်ရင် ငြိမ်းချမ်းပါတယ်။ အပြစ်နဲ့ ကြည့်ရင်ဖြင့် အင်မတန်မှ ပူလောင်လှပါတယ်။ တရားရှာတယ်၊ တရားရှာတယ်နဲ့ ကျောင်းကန်ဇရပ်တွေကို တော် သွားသွားနေတာ ဘယ်မှာလဲ တရား။ ကဲ . ပြောဂမ်းပါဦး ကိုစံဖေ။ ရှင် . တော့်သမက်ကို ဘယ်တော့မှ အမြင်တွေ ကြည်လင်မှာပဲ။ ကျုပ်တို့ တော်တို့ဆိုတာ အသက်တွေကြီးကုန်ပါပြီတော့်။ ခုလိုမျိုး နိစ္စဓူဝ တော်ဆူပွက်ဆူပွက် လုပ်နေတာ ကြားထဲက တော့် ~သမီးပဲ စိတ်ဆင်းရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ ငါက ငါ့သမီး စိတ်ဆင်းရဲအောင် ဖန် တီးနေတာ မဟုတ်ဘူး။ ကိုယ့်သမီးကို အဆင့်အတန်း မြင့်မြင့်ရစေချင်တာ။ တတ်နိုင်ရင် ငါနှင့် ယှဉ်လိုက်ချင် တယ်။ ဒင်း ဘယ်လိုယှဉ်ယှဉ် ငါ့ကိုတော့ မသာစေ ရဘူး။ ဘာ တဲ့။ စကားပုံတောင်မှ ရှိပါသေး။ 'နွားပျို့သန်လှ နွားအိုပေါင်ကျိုးသလောက်' ဆိုတာ လေ"

"တော်ဟာလေ ဘာပဲနှိုင်းနှိုင်း တိရစ္ဆာန်နဲ့ပဲ နှိုင်းတယ်။ တော့်ကိုတော် နွားအိုနဲ့ နှိုင်းတော့ ကျုပ် တို့သားအမိ ဘာဖြစ်သွားမလဲ"

"နွားမယားနဲ့ နွားသမီး ဖြစ်သွားမှာပေါ့။ အဲ ဟုတ်ပါရဲ့ ငါလည်း ငါ့တပ်ကို ငါပြန်နင်းသလို ဖြစ် နေပြန်ပါပြီ။ ငါဖြစ်ချင်တာက မိုးပျံနေလောက်အောင် လိုက်မမီချင်နေ၊ ငါနဲ့ ယှဉ်လိုက်ရင် ငါထက်တော်မှ။ ခုတော့ ငါ့ထက်တော်ဖို့အသာထား ငါနဲ့ လယ် ပယ်တန်းတောင် မလိုက်နိုင်တဲ့ဟာ အလကား ဖွတ် ကျား တွေး"

မတရား အသားလွတ်၊ ဗလာချီဆိုသလို တစ်ဖက်သတ် ချည်း ဖိပြောနေသည့်အတွက် မောင်တက်ပုစိတ်ထဲ ထောင်းခနဲ ဖြစ်သွားသည်က အမှန်ပင်။ သစ်ငုတ်တိုးပြားတောင်မှ တွန်းပါ၊ တိုက်ပါ၊ နှဲ့ပါများလျှင် ယိုင်နဲ့တတ်သေး၏။ ဒါက သက်ရှိ၊ သက်မဲ့တောင် ထိုသို့ဖြစ်လျှင် အသက်နှင့်၊ အသွေးနှင့်၊ အသား နှင့်၊ ခံစားမှုနှင့် အစစအရာရာ လွှမ်းခြုံထားသော မောင်တက်ပု

www.burmeseclassic.com

www.burmeseclassic.com



အဖို့ လှုပ်ရှားသွားခဲ့ရသည်ကတော့ အမှန်ပင်။

လူဆိုသည်မှာ သူ့အတိုင်းအတာနှင့်သူတော့ သည်းခံစိတ်ဆိုတာ ရှိသည်။ ပြီးတော့ မာနဆိုတာလည်း ရှိသည်။

"တောက် ငါ့အပေါ် အတော်နှိမ်တဲ့ ယောက္ခထီးကြီး။ ဘာတဲ့ 'သူ့ထက်တော်ဖို့ အသာထား။ သူနဲ့ လယ်ပယ်တန်းတောင် မလိုက်နိုင်တဲ့ဟာ အလကားဖွတ်ကျား။ ငတုံး'တဲ့။ အပြောက ရင့်သီးလိုက်တာ။ လောကမှာ 'ဖိလွန်းရင်ကြွသလို၊ ထိလွန်းရင်လည်းချ' ရတာပဲပေါ့။ ကိုင်း ငါလည်း ငါ့မာနနဲ့ ငါဆိုတော့ မာနကို ထိပါးတာမျိုးတော့ မရဘူး။ ကိုင်း လာပြီ၊ ယောက္ခမထီးကြီးရေ ကျုပ်လာပြီဗျ"

သို့ကလို စိတ်ထဲ၌ ကျလိကျလိဖြစ်ရင်း နားနှင့်ထရံကို ခွာလိုက်ကာ ဖိနပ်ချွတ်ရေကပြင်မှတစ်ဆင့် အိမ်ပေါ်သို့ ရဲဝံ့စွာ လှမ်းတက်လိုက်သည်။

"ညြ မင်း ပြန်လာပြီကိုး"

"ဟုတ်ကဲ့ အဖေ"

"ပြန်လာမှာပေါ့ စားချိန်သောက်ချိန် ရောက်နေမှကိုး"

ရောက်ရောက်ချင်း ဆောက်နှင့်ထွင်း ဆိုသလို အသားလွတ်ကြီး ခွပ်လိုက်သည့်အတွက် မောင်တက်ပုရင်ထဲမကျေး အတော်ကလေး တောင့်သွားသည်။ သို့ရာတွင် သည်ကနေ့တော့ ဖြစ်ချင်ရာဖြစ်စေတော့ဟု သဘောထားကာ ခါတိုင်းလို ခေါင်းကလေးငုံ့လျက် ကိုယ့်အခန်းကိုယ် ဝင်သွားသည့် ခေါက်ရိုးကျိုး

www.burmeseclassic.com

www.burmeseclassic.com



ပုံစံကို တော်လှန်ကာ ဦးခေါင်းကိုမော့လျက် မျက်နှာချင်းဆိုင် လိုက်သည်။

"ရုပ်ကို အာဟာရစောင့်တာခင်ဗျ။ လူဆိုတာ ကံ၊ စိတ်၊ ဥတု၊ အာဟာရနဲ့ ဆိုင်တယ်မဟုတ်လား။ အားလုံးဟာ သူ့ဟာနဲ့သူ အချိုးညီညီ သဟာဇာတ ဖြစ်ပါမှ အာယုသက်တမ်း ရှည်တာ"

"ဟော့ကောင် .. အဲဒါတွေ ငါသိတယ်။ 'နွား' ရေ့လာပြီး ထွန်ကျူးမပြန်နဲ့။ အယ် .. ငါ့ဥပမာ စကားကလည်း .."

"အဖထက်သား တစ်လမကြီးစမ်းနဲ့လို့ ပြောသင့် တာပေါ့ အဖေရာ .."

"ဟော့ကောင် .. အဲဒါလည်း ငါသိတယ်။ ပြော ချင်တာတွေ လောနေလို့ကွ။ မင်းလိုကောင်မျိုး တစ် တာလောက်တော့ ငါ အိပ်သလောက်ရှိတယ်"

"ဒါဖြင့် အဖေ၊ အကျိုးပေးမြန်တဲ့ 'ကျေးဖြူမင်းဂါ ထာ'ကို အလွတ်ရသလား"

"ဟား .. ဟား။ မင်းက လူပြိန်တော်ဒီပီ ငါ့ကို ပညာစမ်းတာပေါ့လေ။ ဒါလောက်များတော့ကွာ .. ဗားကျိုးလို့ လှံတောင်ခွေရတဲ့ စံဖေကွ .. စံဖေ။ ကိုင်း .. ငါရတယ်၊ မရတယ်ဆိုတာ သိရအောင် ရွတ်ပြမယ် .. အဟမ်း .. အဟမ်း ..

အဇ္ဈေါ ဗုဒ္ဓေါ၊
အဇ္ဈေါ ဓမ္မော၊

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါ သံယော အနုတ္တရော။
အင်္ဂါ ဓမ ဝိပါကော ဟောတု၊
ယံယံ ဣစ္ဆံ သမိဇ္ဈတု..တဲ့ကွ။ ဟုတ်တယ်
မဟုတ် လား ဟေ့ကောင်.."

"ဟုတ်..ဟုတ်ပါတယ် ခင်ဗျ။ ဒါထက် အန္တရာယ်ကင်းဂါထာ တော်ကြီးကော ရလား.."

"ဟား..ဘာလို့ မရ ရမှာလဲကွ။ မင်းတို့ ဘယ်တာဝ ရောက်နေတယ် မသိဘူး။ ငါ ဘုန်းကြီးကျောင်းသားဘဝကတည်းက ရတဲ့ ဂါထာကွ။

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော
ယံ ပရူပက္ကမေန တထာဂတံ
ဇီဝိတာ ဝေါရောပေယျ

အနုပက္ကမေန ဘိက္ခဝေ တထာဂတာ..ပရိနိဗ္ဗာန်တယ်မလား။ အနက်အဓိပ္ပာယ်ကော ရှုတ်ပြရဦးမလား။ ဘိက္ခဝေ-ရဟန်းတို့၊ ပရူပက္က မေန-သူတစ်ပါးတို့၏ လုံ့လပယောဂဖြင့်၊ တထာဂတံ-ငါဘုရားကို.."

"တော်..တော်ပါပြီ။ အဖေ ရတယ်ဆိုတာ ယုံပါပြီ"

"စမ်းချင်သေးတာရှိရင် စမ်းဦးလေကွ။ မင်းဘို့ နွားပျိုတွေ သန်တယ်ဆိုတာ ငါတို့ နွားအိုတွေ ပေါင်ကျိုးသလောက် ရှိပါသေးဘယ်ကွ.."

"တော့..ကိုစံဖေ တော်ပေးတဲ့ ဥပမာကြီးက

www.burmeseclassic.com



လည်းတော်"

"အာ ... ဟုတ်ပါရဲ့ ... ဘွား ... ဘွား။ ကိုင်း ... ထားပါတော့ကွာ။ ဟော့ကောင် ... ဒီလောက်ဆို ငါ ဘာလဲဆိုတာ သိပြီ မဟုတ်လား။ မင်းတော်တယ်၊ တတ်တယ်၊ သိတယ်ဆိုတာလောက်ကတော့ ... ငါ့ အတွက် အပျော့ပဲ"

သမက်တော်ကို လှလှပပကြီး ပညာပြလိုက်ရသဖြင့် ဦးစံဖေအဖို့ အကြီးအကျယ်ကို ပီတိဖြစ်နေမိတော့သည်။ တကဲ့မှာတော့ ဘာဆက်လုပ်ရမှန်း မသိတော့။ ကြောင်အမ်းအမ်းကြီး ဖြစ်နေရသည် တဂေါး ...။

"ကိုင်း ... ဘာတွေ စမ်းချင်သေးသလဲ။ လျက်ဆား ဖော်ပြရမလား။ ဝမ်းနုတ်ဆေး ဖော်ပြရမလား။ မီးမကာင်ဆေးတို့ဘာတို့ ဆေးကျမ်းနဲ့အညီ ဖော်ပြလိုက်မယ်"

"ဟုတ်ပါတယ် အဖေရာ။ ကျွန်တော် အဖေ့ကို မယှဉ်ရဲပါဘူး"

"ဟော့ကောင် ... ယှဉ်ဖို့ မပြောနဲ့။ ယှဉ်မယ်ဆိုတဲ့ စိတ်ကလေးတောင် မွေးမလာနဲ့။ အေး ... အဲသလောက်ကို အပြတ်အသတ် ကွာတယ်ဆိုတာ သဘောပေါက်။ သည်တော့ ငါ့လောက်တော်အစွမ်းအစမရှိတဲ့ မင်းအနေနဲ့ ဟောဒီအိမ်မှာ မင်းရှိနေသရွေ့ ငါ့ရဲ့ ... တစ်သွေးတစ်သံ တစ်မိန့်အောက်မှာပဲ ရှိနေရမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ် ‸ ဟုတ်ကဲ့ခင်ဗျ"

"အေး ‸ ငါ ဖြစ်ထွန်းအောင် မလုပ်နိုင်တဲ့ အလုပ်ကို မင်း လုပ်ပြနိုင်တဲ့တစ်နေ့ မင်းအပေါ် တင်းမာနေတဲ့ စိတ်တွေ၊ သဘောထားတွေ ပြောင်းလဲသွားမယ်ဆိုတာ သဘောပေါက်လိုက်ပါ။ အခုလေ ဒါကလည်း ပြောမယ့်သာ ပြောရတာပါ။ ဘယ်တော့မှ ဖြစ်လာလိမ့်မှာ မဟုတ်ပါဘူး။ မင်းတို့လို ဘုန်းကြီးလူထွက်တွေဟာ ခရမ်းသီးပိန်နှံ့ကိုလှီးတဲ့ ဓားတုံးကြီးတွေပဲ မဟုတ်လား"

သည်သို့ ဂုဏ်ယူဝံ့ကြွားစွာ ပြောဆိုရင်း အိမ်ပေါ်မှ ဆင်းသွားလေရာ တက်ပုဏ်၏ အာရုံထဲ၌ ‸

"ငါ ဖြစ်ထွန်းအောင် မလုပ်နိုင်တဲ့ အလုပ်ကို မင်း လုပ်ပြနိုင်တဲ့ တစ်နေ့ ‸

ငါ ဖြစ်ထွန်းအောင် မလုပ်နိုင်တဲ့ အလုပ်ကို မင်း လုပ်ပြနိုင်တဲ့ တစ်နေ့ ‸

မင်းအပေါ် တင်းမာနေတဲ့စိတ်တွေ၊ သဘောထား တွေ ပြောင်းလဲသွားမယ်ဆိုတာ သဘောပေါက်လိုက် ပါ"

ဟူသည့် ယောက္ခထီးဖြစ်သူ ဦးစံဖေ၏ မာမာထန်ထန် စကားလုံးများသည် ပဲ့တင်ရိုက်ဟည်းနေလေတော့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

နေ့ညနေခင်းရဲ့ ခါရာသီတွေက ဘာရွှေ့ရွှေ့ ..။

နေ့ဦးဆောင်းတို့ ကာ ချို့ညီ စည်းချက်မိရှာ တစ်ပတ်လည်အပြီးမှာတော့ ‘စရည်းအိုးမွှက်၊ ကြီးစွာလျက်တည့်၊ တစ်စက်ကျမျှား။ ပြည့်သောသား’ သို့ ဆိုသည့်စကားပမာအတိုင်းပင် ကျွန်ုပ်တို့၏ လူပြန်တော်ကိုတက်ပုသည့် နေ့ရောညပါ မည်သည့်ဒေ လုပ်မှု ဖံမရွေးဘဲ အားထုတ်ကြိုးပမ်းလုပ်ကိုင်ခဲ့ရာ သည်နေ့ သည်ရက်သည် သူ့အတွက် ရင်အခုန်ဆုံး၊ စိုးရိမ်အပူပန်ရဆုံး၊ ဇေချွေးပြန်ရဆုံး နေ့ပါပေတည်း။

ထိုနေ့ကား အခြားမဟုတ်။

ချစ်ဇနီးသည် ဂျမ်းတောမ ပထမဦးဆုံး မီးဖွားမည့်နေ့ မျက်နှာပြင်မည့်နေ့ ဖြစ်ပေ ကြောင်းတည်း။ အိမ်ခန်းထဲမှာတော့ မီးဖွားမှုကိစ္စ၌ အင်မတန်မှ ကျွမ်းကျင်လှစွာသော ဆရာမလက်သည် ဒေါ်ဆွဲမိကြီး အပါအဝင်၊ မပ ကွမ ဒေါ်သည်းအူနှင့်တကွ

www.burmeseclassic.com

www.burmeseclassic.com



မိန်းမသား အုပ်စုတွေ ရှိနေကြသည်။ ယောက္ခထီး ဦးစံဖေသည် လက်ကိုနောက်ပစ်ကာ အင်္ဂလိပ်မာလသုတ်တော်ကို ထပ်တလဲလဲဆိုသလို ရွတ်ဖတ်ရင်း သမီးအပေါ် မေတ္တာပို့လျက်ရှိသည်။ စိတ်ထဲမှာတော့ ...

"တောက် ... ငါ့သမီး ဂျမ်းတောမ ... ခုလိုမျိုး အာဝေနိကဒုက္ခ ခံစားနေရတာ ခင်းကြောင့်၊ လူမြန်တော်ငတုံး တက်ပုကြောင့် ... တက်ပုကြောင့်"

ဟူ၍ ကြိတ်မနိုင်ခဲမရ ဖြစ်နေသည်။ ဖခင်တစ်ယောက် အတွက် ဖြစ်မည်ဆို ဖြစ်လောက်ပါပေသည်။ အခန်းထဲမှာတော့ ဂျမ်းတောမသည် မီးမဖွားနိုင်သေး။ ဝမ်းကလည်း မခံမရပ်နိုင်အောင် နာကျင်လေသည့်မို့ အော်ဟစ်လျက်နေတော့၏။

"အမယ်လေးလေး ... အို ... အဖေရဲ့။ အား ... အီး ... သေပါပြီ။ အင်း ... ကျွတ် ... ကျွတ် ... အောင်မယ်လေးလေး ... ကယ်ပါဦး အမေရယ်။ အမယ်လေး ... လေး ... နားလိုက်တာ ... အ ... အား"

အမှန်တကယ် နာကျင်လွန်းသဖြင့် အော်ဟစ်နေရခြင်းပါ။ သည်လို အော်ဟစ်သံ ကြားရလေ အိမ်ရှေ့မြေကွက်လပ်၌ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိ ဖြစ်နေသူက ကျွန်ုပ်တို့၏ ကိုတက်ပုဖြစ်ပြီး "တောက် ... ကာလနာ၊ သေမင်းငင်မယ့် ကောင်။ ခင်းကြောင့် ... ခင်းကြောင့်၊ ခင်းစနက်ကြောင့် ငါ့သမီး ခုလိုဖြစ်ရတာ"ဟူ၍ ရင်အပေါ် အကြီးအကျယ် ဒေါသပွားနေသူကား ယောက္ခထီးကြီး ဦးစံဖေပါတည်း။

www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ် ့မကြာခင် သက်သာသွားမှာပါ။ အောင့်ခံလိုက် ့တင်းခံလိုက်"

"အမယ်လေး ့မအောင့်နိုင်တော့ဘူး။ မခံနိုင်တော့ဘူး ့အား ့အမယ်လေး"

"မွေးတော့မယ် ့မွေးတော့မယ်။ ရေမွှာပေါက်ပြီ"

"သမီး ့အသာညှစ် ့အသာညှစ်"

"အား ့အမယ်လေး ့အိုး ့သေပါပြီ"

မီးနေခန်းထဲမှာတော့ အရပ်လက်သည် ဒေါ်ဆွဲမိနှင့် အတူ မိန်းမသားတစ်စုတို့မှာ လွန်စွာမှ အလုပ်များနေကြတော့သည်။

"မွေးတော့မယ် ့ငါ့သမီး မွေးတော့မယ်။
ယတောဟံ ဘဂိနီ အရိယာယ
ဇာတိယာ ဇာတော၊
နာဘိဇာနာမိ သဉ္စိစ္စ
ပါဏံ ဇီဝိတာ ဝေါရောပေတာ၊
နေ သစ္စေန သောတ္ထိတေ ဟောတု
သောတ္ထိ ဂဗ္ဘဿ ့အယ် ့အဲဒါ အခုံးပိုဒ်ကြီးပါ"

သမီးဖော့်ဖြင့် အငုံလိမာလသုတ်တော်ကို ရွတ်လေသည်မှာ ဦးမေ စိတ်မဖြောင့်နိုင်တော့၊ ဘုရားခန်း၌ ခေါက်တုံ့ခေါက်ပြန် လက်ကိုနောက်ယှက်၍ လျှောက်ရင်း လက်ကလည်း ပုတီးကို တချောက်ချောက်နှင့် စိပ်လျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



"မွေးတော့မယ် ...ဟုတ်ပြီ ...ဟုတ်ပြီ"

"အူ ...အူ ...ငဲ ...အူငဲ ...ငဲ"

"ဟာ ...မွေးပြီ ...မွေးပြီ။ အဲ ...မပြီးသေးဘူး။ နောက် ...နောက် ..."

"အူ ...အူ ...ငဲ ...ငဲ ...အူငဲ"

"ဟာ ...အမြွှာပူး ...အမြွှာပူး။ ယောက်ျား လေးတွေချည်းပဲ"

"ဟာ ..."

"ဟယ် ..."

"ဟေး ..."

မီးနေခန်းမှ ပေါ်ထွက်လာသည့် အသံကြောင့် ဦးစံဖေ ခများ လက်ထဲမှ ပုတီးလွတ်ကျသွားပြီး ထဝရတင်းမောနေလေ့ ရှိသော မျက်နှာသည် ယခုတော့ 'မွေး'ဆိုသည့်အသံကြောင့် ရင်ထဲချမ်းမြေ့ကြည်နူးသွားလေသည်။ ခုကဲ့သို့ အဘိုးဘဝ မရောက်မီ ဖခင်ဖြစ်မည့် ဘဝကတည်းက သားယောက်ျားလေး ကို လိုချင်တောင့်တခဲ့ဖူး၏။ သားယောက်ျားလေး ရလျှင်မြင့် ပဗ္ဗ ဇ္ဇသာသနာ့အမွေကို ခံလိုလှခဲ့၏။ သို့ရာတွင် ဆန္ဒတို့မှာ မပြည့်ဝခဲ့။

ခုတော့ မောင်မင်းကြီးသား လှုပြန့်တော်သမက်၏ ကျေးဇူးကြောင့် မြေးယောက်ျားလေး ရခဲ့ပေပြီ။ ရတာတောင်မှ တစ်ယောက်တည်းမဟုတ်။ နှစ်ယောက်တိတိ။ ပြီးတော့ ထူးထူးကဲကဲခိုသလို အမြွှာပူး။ ဦးစံဖေ ရင်ထဲမှာတော့ ကြည်နူးမှု တွေက အတိုင်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



အမြွာပူး သားယောက်ျားလေးတွေ ရပြီဆိုသဖြင့် ကိုတက်ပုတစ်ယောက် အပျော်ကြီးပျော်ကာ မြေပြင်တွင် ကျွမ်းတွေအထပ်ထပ် ထိုးနေ၏။ လက်ပန်းပေါက်ကို တဖြောင်းဖြောင်း ခတ်ကာ ...

"လောကကြီးကို ခါးစောင်းတင်
ဇမ္ဗူ တစ်ခွင် ငါတဲ့ ယောက်ျား။
အားလုံးချမ်းမြေ့ တောင်းဆုခြွေ
တားကျိုး၊လှံ့ခွေ စံဖေ့အမျိုး"

ဟူ၍ ပါးစပ်ထဲတွေ့ကရာ ဟစ်ကြွေးရင်း ခြေမြှောက် လက်မြှောက် ကခုန်နေလေ၏။

ခါတိုင်းသာဆိုလျှင်ဖြင့် ဦးစံဖေအဖို့ ခုလိုမျိုး ကိုတက်ပု၏ ရာဇက္ကုမြေကို မြင်ရလျှင် လက်ညှိုးတငေါက်ငေါက်၊ တံတွေးတပျစ်ပျစ်ဖြင့် နှင်ဘဲ့ဆေ ဖြစ်တင်မောင်းမဲမည် ဖြစ်သော်ငြား ယခုအခါမူစ၍ ထိုစိတ်တွေ မရှိတော့ ...။

"ဗျို့ ... အဖေ ... ဗျို့ ... အဖေ"

"ဟေလကွာ ... ဘာများတုံး ကက်ပုရ"

"အရင်တုန်းက ကျုပ်ကို အဖေပြောခဲ့တာ မှတ်မိသေးသလား"

"ဘာများတုံး ... ပြောပါဦး"

"ကျုပ်ကို ပြောတာလေ။ 'ငါ ဖြစ်တွန်းအောင် မလုပ်နိုင်တဲ့ အလုပ်ကို မင်းလုပ်ပြနိုင်ခဲ့တစ်နေ့ မင်း အပေါ် တင်းမာနေတဲ့စိတ်တွေ၊ သဘောထားတွေ ပြောင်းလဲသွားမယ်ဆိုတာ သဘောပေါက်ထားပါ'ဆို

www.burmeseclassic.com



တာလေ ..."

"ခြေဉ် .. အေး .. အေး .. မှတ်မိပြီ"

"ဒါဖြင့် .. နှ အဖေ ကျုပ်ကို ဘယ်လိုသဘော ထားမလဲ"

"ဟုတ်ပကွာ .. ဟုတ်ပ။ ဒီကနေ့မှာ ငါ မလုပ်နိုင်တဲ့အလုပ်ကို မင်း လက်ဆုပ်လက်ကိုင် လုပ်ပြနိုင်ခဲ့ပြီ။ ငါဟာ သားယောက်ျားလေး လိုချင်ပေမဲ့ မရခဲ့ဘူး။ မင်းကျတော့ သားယောက်ျားလေးရတယ်။ ရတာတောင်မှ အမြွှာကွ .. အမြွှာ။ သည်တော့ ငါ မစွမ်းဆောင်နိုင်တဲ့အလုပ်တစ်ခုကို မင်းဟာ စွမ်းဆောင်နိုင်ခဲ့လို့ လေးစားပါတယ်ကွာ။

ဒီနေ့ကစလို့ မင်းဟာ ငါ့သမီးနဲ့ပတ်သက်မှ တော်ရတဲ့ သမက်ဖြစ်ပေမဲ့ သမက်နေရာမဟုတ်တော့ပါဘူး။ သားနေရာ ရောက်သွားပြီ။ တို့တစ်တွေ အသက်ရှည်အောင် ကြိုးစားကြမယ်။ ငါ့မြေးနှစ်ယောက် ကြီးလာရင် ရှင်ပြုရမယ်။ ဒီတော့ .. မောင်တက်ပု .. လူကလေး"

BURMESE CLASSIC

"ဗျာ .. အဖေ"

"ကနေ့ကစလို့ တို့မျိုးမိသားစုဟာ ဥမကွဲသိုက်မပျက် ချစ်ချစ်ခင်ခင် နေသွားကြပါစို့လားကွာ"

"ကောင်း .. ကောင်းတာပေါ့ အဖေရာ .. အဟီး"

ယောက္ခမနှင့် သမက်၊ သမက်နှင့် ယောက္ခမ ချစ်ကြည်

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးစွာ သွေးစည်းနေကြသည်များကို ကြည့်လျက် ဒေါ်သည်းအူတို့ မိန်းမတစ်သိုက်မှာတော့ ပြုံးစိပြုံးစိနှင့်။

ရင်သွေးအမြွှာကို မွေးဖွားပေးနိုင်ခဲ့သည့် ဂျမ်းတောမမှာလည်း အဘနှင့် လင်တော်မောင်တို့၏ မင်္ဂလာသတင်းကို ကြားလိုက်ရ၍ ကြည်ကြည်နူးနူး။

အားလုံးရွှင်လန်းကြပါစေ
မြို့မကျွန်းပျော်
ကိုရွှေတောသား
၂၆၂၂၀၀၉
(နံနက် ၉း၄၆ နာရီ)

www.burmeseclassic.com